# ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒဆိုင်ရာ အာဆီယံဒေသတွင်းလမ်းညွှန်

# ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒဆိုင်ရာ အာဆီယံဒေသတွင်းလမ်းညွှန်

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ) ကို ၁၉၆၇-ခုနှစ်၊ ဩဂုတ်လ ၈-ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအဖြစ် ဘရူနိုင်းဒါရုစလင်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့ပါဝင်သည်။ အာဆီယံအထွေထွေအတွင်းမှူးရုံးသည် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် အခြေစိုက်သည်။


စုံစမ်းမေးမြန်းလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်သည်။

– အာဆီယံ အထွေထွေအတွင်းရေးမှူးရုံး

– ပြည်သူ့ ပြန်ကြားရေးနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းဌာနခွဲ

– ၇၀ အေ၊ ဆစ်စင်းဂမန်ဂရာဂျာ

– ဂျာကာတာ၊ ၁၂၁၁၀

– အင်ဒိုနီးရှား

ဖုန်း - (၆၂၂၁) ၇၂၄-၃၃၇၂, ၇၂၆-၂၉၉၁

ဖက်စ် - (၆၂၂၁) ၇၃၉-၈၂၃၄, ၇၂၄-၃၅၀၄

အီးမေးလ် - public@asean.org


အာဆီယံအဖွဲ့၏ အထွေထွေ သတင်းအချက်အလက်များကို အာဆီယံအဖွဲ့ဖိုင် ဝက်ဘ်ဆိုဒ်ဖြစ်သော www.asean.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။


– ထုတ်ဝေသည့် အကြောင်းအရာ — "ဈေးကွက်ပြိုင်ဆိုင်ရေး မူဝါဒဆိုင်ရာ အာဆီယံတွင်း လမ်းညွှန်ချက်များ"

– နေရာ — ဂျာကာတာ၊ အာဆီယံအထွေထွေအတွင်းရေးမှူးရုံး၊ ဩဂုတ်လ ၂၀၁၀-ခုနှစ်၊ ၃၃၈.၆၀၄၈၀၅၉

၁။ ဈေးကွက်ပြိုင်ဆိုင်ရေး — ဥပဒေ - နည်းဥပဒေ။

၂။ စီးပွားရေးကဏ္ဍ — အာဆီယံ။

၃။ ဒုတိယအကြိမ်ပုံနှိပ်ခြင်း — ဧပြီလ၊ ၂၀၁၃-ခုနှစ်။

နိုင်ငံတကာ စာစဉ်အမှတ် — ၉၇၈-၆၀၂-၈၄၁၁-၄၄-၈

အာဆီယံ အထွေထွေအတွင်းရေးမှူးရုံးနှင့် Deutsche Gesellschaftfur Internationale Zusammenarbeit (GIZ) GmbH တို့ သဘောတူပူးပေါင်း၍ ဂျာမနီပက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ ဗဟိုနိုင်ငံခြားရေးရုံးမှ ငွေကြေးထောက်ပံ့မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် "အာဆီယံ အထွေထွေအတွင်းမှူးရုံး စွမ်းဆောင်ရည်မြှင့်တင်ရေး" စီမံကိန်း၏ အကူအညီဖြင့် ဤဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒဆိုင်ရာ အာဆီယံဒေသတွင်း လမ်းညွှန်ချက်များကို ထုတ်ဝေပါသည်။

စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက -

- www.giz.de/asec-project
- www.asean.org -www.giz.de သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

သင့်တော်သည့် ခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိပြီးပါက ဤစာအုပ်ပါ အကြောင်းအရာများကို လွတ်လပ်စွာ အသုံးပြုကိုးကားခြင်း သို့မဟုတ် ပြန်လည်ပုံနှိပ်ခြင်း ပြုလုပ်နိုင်ပါသည်။ ပြန်လည်ပုံနှိပ်ထားသည့် ပုံနှိပ်မိတ္တူများကို ဂျကာတာရှိ အာဆီယံအထွေထွေအတွင်းမှူးရုံး၊ ပြည်သူ့ပြန်ကြားရေးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဌာနခွဲထံ ပေးပို့ရပါမည်။

– မူပိုင်ခွင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) ၂၀၁၃-ခုနှစ်။

# အမှာစာ

လာမည့် ၂၀၁၅-ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းအား ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကျွမ်းကျင်လုပ်သားများ အလွယ်တကူ ရွှေ့ပြောင်းလုပ်ကိုင်ခွင့်ရှိပြီး ရင်းနှီးငွေစီးဆင်းမှုကို ပိုမိုလွတ်လပ်မှုရှိစေရုံသာမက ကမ္ဘာ့စီးပွားရေး အသိုင်းအဝိုင်း၌ အပြည့်အဝ ပေါင်းစပ်ပါဝင်နိုင်မည့် ဈေးကွက်ပြိုင်ဆိုင်မှု မြင့်မားသည့် ဒေသတစ်ခုအဖြစ် အသွင်ကူးပြောင်းနိုင်စေရေးအတွက် ၂၀၀၇-ခုနှစ်၌ အာဆီယံခေါင်းဆောင်များ သဘောတူညီမှု ရယူခဲ့ကြပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းစီမံချက် (ACE Blueprint) တွင် မျှော်မှန်းထားသည့်အတိုင်း အာဆီယံအား ဈေးကွက်ပြိုင်ဆိုင်မှုမြင့်မားသည့် ဒေသတစ်ခုအဖြစ် ဦးတည်ဆောင်ရွက်ရာ၌ ဈေးကွက်ပြိုင်ဆိုင်ရေး မူဝါဒဆိုင်ရာ ဤလမ်းညွှန်ချက်များသည် ကနဦးကြိုးပမ်းအားထုတ်မှုဟု ဆိုရမည်ဖြစ်ပါသည်။ အထူးသဖြင့် လာမည့် ၂၀၁၅-ခုနှစ်တွင် ဤဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒနှင့် ဥပဒေတို့အား အဖွဲ့ဝင်နိုင်ငံအသီးသီး၌ နိုင်ငံနှင့်အဝှမ်း စတင်ကျင့်သုံးသွားနိုင်ကြစေရန် ရည်ရွယ်ပါသည်။

ဤလမ်းညွှန်ချက်များသည် နိုင်ငံအလိုက်အတွေ့အကြုံများနှင့် နိုင်ငံတကာတွင်ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အကောင်းဆုံးကျင့်ထုံးများကို အခြေခံထားပြီး အာဆီယံဒေသတွင်း၌ တရားမျှတမှုရှိသည့် ဈေးကွက်ပြိုင်ဆိုင်မှုတစ်ခု ဖြစ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။ ဤနည်းအားဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံအသီးသီး၌ အမျိုးသား ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒများ ထွန်းကားကျယ်ပြန့်လာစေမည် ဖြစ်ပါသည်။

ထိုသို့ အာဆီယံဒေသတွင်း၌ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ ပေါ်ထွက်လာစေရန် စတင်ကြိုးပမ်းရာ၌ ဂျာမနီနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အဖွဲ့တစ်ခုဖြစ်သည့် InWEnt အဖွဲ့ထံမှ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ရရှိခဲ့သည့်အတွက်လည်း ကျေးဇူးဥပကာရတင်ရှိရပါသည်။ ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံကျွမ်းကျင်ပညာရှင်များအဖွဲ့ (AEGC) နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးရှိ သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ထောက်ပံ့ကူညီမှုများသာမက ရရှိခဲ့လျှင်လည်း ဤလမ်းညွှန်ချက်များအား ရေးဆွဲပြုစုနိုင်လိမ့်မည်မဟုတ်ပါ။ ဤလမ်းညွှန်ချက်၌ ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍနှင့်ပတ်သက်၍ အကြောင်းအရာများစွာ ပါဝင်ထားပြီးဖြစ်သော်လည်း အာဆီယံဒေသတွင်းရှိ ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို ထင်ဟပ်စေနိုင်ရေးအတွက်ဆိုပါကအဆိုပါလမ်းညွှန်ချက်များအား ဆက်လက်ပြုပြင်မွမ်းမံသွားကြရမည်ဖြစ်ပါသည်။

ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒဆိုင်ရာ အဆိုပါ လမ်းညွှန်ချက်များသည် အာဆီယံဒေသတွင်း၌ ဈေးကွက်ပြိုင်ဆိုင်ရေးဥပဒေအား ကျယ်ကျယ်ပြန့်ပြန့် အသုံးချသွားနိုင်စေရေးဆောင်ရွက်ရာတွင် တွန်းအားတစ်ရပ် ဖြစ်စေပြီးလျှင် ဈေးကွက်ပြိုင်ဆိုင်မှုများ ထွန်းကား၍ အောင်မြင်တက်ကြွသည့် အာဆီယံဒေသတစ်ခုအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် အခြေခံအုတ်မြစ်တစ်ခုကို စိုက်ထူပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် အခိုင်အမာ ယုံကြည်မိပါသည်။

ကျေးဇူးတင်စွာဖြင့်

ဒေါက်တာဆူရင်ပစ်ဆူဂမ်

အာဆီယံအထွေထွေအတွင်းရေးမှူး

ဂျာကာတာမြို့၊ ဩဂုတ်လ၊ ၂၀၁၀-ခုနှစ်။

# နိဒါန်း

၁။ ဤဈေးကွက်ပြိုင်ဆိုင်ရေး မူဝါဒဆိုင်ရာ အာဆီယံဒေသတွင်း လမ်းညွှန်ချက်များကို ဈေးကွက်ယှဉ်ပြိုင်ရေး ကဏ္ဍ အာဆီယံကျွမ်းကျင်ပညာရှင်များအဖွဲ့ (AEGC) မှ အပြီးသတ် ရေးဆွဲပြုစုခဲ့ပါသည်။

၂။ ၂၀၀၇-ခုနှစ်၊ ဩဂုတ်လတွင် (၃၉) ကြိမ်မြောက် ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးကဏ္ဍ ဝန်ကြီးများတွေ့ဆုံ ဆွေးနွေးပွဲ အတည်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့သော အဆိုပါ အာဆီယံကျွမ်းကျင်ပညာရှင်များအဖွဲ့ (AEGC) သည် အာဆီယံဒေသတွင်း၌ ကြံ့ခိုင်တောင့်တင်း၍ ဈေးကွက်ယှဉ်ပြိုင်မှုရှိသည့် ပတ်ဝန်းကျင်တစ်ခု ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒများအား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၀-ခုနှစ်တွင် ဒေသတွင်းလမ်းညွှန်ချက်များ ပေါ်ထွက်လာစေရေးသည် (AEGC) အဖွဲ့၏ ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ နောင်လာမည့် ၃-နှစ်မှ ၅-နှစ်တာ ကာလအတွင်း (AEGC) အဖွဲ့မှ အထူးအလေးထား ဆောင်ရွက်ပေးသွားမည့် ကဏ္ဍများမှာ လိုအပ်ချက်ကိုလိုက်၍ ပြုလုပ်ပေးရသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း အများအပြား အကောင်အထည် ဖော်ပေးခြင်း၊ အာရှတွင်းစီးပွားရေးနှင့်ပတ်သက်၍ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒနှင့် ဥပဒေများပါဝင်သည့် လက်စွဲ စာအုပ်တစ်ခု ရေးသားပြုစုပေးခြင်းတို့ ဖြစ်ပါသည်။

၃။ ဒေသတွင်း လမ်းညွှန်ချက်များထားရှိခြင်းနှင့်ပတ်သက်၍ အဆိုပါ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒဆိုသည်မှာ လုပ်ငန်း စုများ ပြုမူဆောင်ရွက်နေကြပုံနှင့် စက်ရုံလုပ်ငန်းများနှင့် ဈေးကွက်များ၏ ဖွဲ့စည်းတည်ဆောက်ပုံတို့ကို တိုက်ရိုက် သက်ရောက်မှုရှိစေသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ယင်း ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒတွင် အခြေခံအားဖြင့် အကြောင်းအရာနှစ်ရပ် ပါဝင်လျက် ရှိပါသည်။ ပထမအချက်မှာ ဈေးကွက်ယှဉ်ပြိုင်မှုကို တိုးတက်ထွန်းကားလာစေမည့် မူဝါဒအသီးသီးအား ချမှတ်ထားရှိပေးခြင်းဖြစ်ပြီး ဒုတိယ အချက်မှာ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ထားရှိခြင်းဖြစ်၍ တစ်နည်းအားဖြင့် (ဥပဒေအဖြစ် ပြဋ္ဌာန်း၍ဖြစ်စေ၊ တရားရေးဆုံးဖြတ်ချက်များနှင့် နည်းဥပဒေများ ချမှတ်ပေးထားခြင်းဖြစ်စေ) တရားဥပဒေအရ အရေးယူဆောင် ရွက်မှုများ ပြုလုပ်ခြင်းကို ဆိုလိုသည်။ ဤနည်းအားဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် ကျင့်သုံးဆောင် ရွက်ပုံများကို တားမြစ်ကန့်သတ်ရန် သို့မဟုတ် ထိန်းချုပ်ပေးရန် ရည်ရွယ်ပါသည်။

၄။ အဆိုပါ ဒေသတွင်းလမ်းညွှန်ချက်များသည် နိုင်ငံအလိုက် အတွေ့အကြုံများနှင့် နိုင်ငံတကာမှ အကောင်းဆုံး ကျင့်ထုံးများကို အခြေခံထားပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအတွင်း၌ တရားမျှတမှု ရှိသည့် ဈေးကွက်ယှဉ်ပြိုင်ရေး ပတ်ဝန်းကျင်တစ်ခု ဖန်တီးပုံဖော်ကြရာတွင် ယင်းလမ်းညွှန်ချက်တွင်ပါသည့် မူဝါဒ အသီးသီးနှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား အကိုးအကားတစ်ခုအဖြစ် အသုံးပြုနိုင်ပါလိမ့်မည်။ သို့သော် အဆိုပါ လမ်းညွှန်ချက်များသည် ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့်ပတ်သက်၍ အပြည့်အဝလမ်းညွှန် မှုပေးနိုင်လိမ့်မည်ဟု မဆိုလိုပါ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယင်းဈေးကွက်ယှဉ်ပြိုင်ရေးမူဝါ၏ အရေး

ပါမှုကို ပိုမိုအာရုံစိုက်လာကြစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုထွန်းကားလာစေရန်နှင့် အကောင်းဆုံးကျင့်ထုံးများ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။

၅။ အများပြည်သူတို့နှင့်ပါ သက်ဆိုင်မှုရှိသည့် အဆိုပါဒေသတွင်း လမ်းညွှန်ချက်များသည် ပုံသေရေးဆွဲသတ်မှတ်ထားသည့် မူဂါဒများမဟုတ်ဟူ၍ လာမည့်ငါးနှစ်တာကာအတွင်း အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာ၌ အကောင်းဆုံးအဖြစ် လက်ခံကျင့်သုံးနေကြသည့် ကျင့်ထုံးများ၌ ပြောင်းလဲမှုများရှိလာပါက AEGC အဖွဲ့မှ ထပ်မံပြုပြင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်သဖြင့် "တည်ဆဲ" မူဂါဒလမ်းညွှန်ချက်များသာ ဖြစ်ပါမည်။

# မာတိကာ


**အထွေထွေအတွင်းရေးမှူး၏အမှာစာ ..................... iii**

**နိဒါန်း ..................... v**

**မာတိကာ ..................... vii**

**အခန်း (၁) ဒေသတွင်း လမ်းညွှန်ချက်များထားရှိခြင်း၏ ဦးတည်ချက်များ ..................... 1**

၁-၁။ နောက်ခံအကြောင်း ..................... 1

၁-၂။ ဒေသတွင်းလမ်းညွှန်ချက်များထားရှိခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးတရားများ ..................... 2

၁-၃။ အာဆီယံဒေသအတွင်း ဈေးပြိုင်မှုဂါဒ ထွန်းကားရေးအဆင့်အမျိုးမျိုး ..................... 2

**အခန်း (၂) ဈေးကွက်ပြိုင်ဆိုင်ရေး မူဂါဒ၏ ဦးတည်ချက်နှင့် အကျိုးတရားများ ..................... 4**

၂-၁။ ဈေးကွက်ပြိုင်ဆိုင်ရေးမူဂါဒ၏ အဓိပ္ပာယ် ..................... 4

၂-၂။ ဈေးကွက်ပြိုင်ဆိုင်ရေးမူဂါဒထားရှိခြင်း၏ ပင်မဦးတည်ချက်များနှင့် အကျိုးတရားများ ..................... 5

၂-၃။ ဈေးကွက်ယှဉ်ပြိုင်ရေးမှု ထိန်းကွပ်ရေးအဖွဲ့ ..................... 8

**အခန်း (၃) ဈေးကွက်ယှဉ်ပြိုင်ရေးမူဂါဒနှင့် ဥပဒေတို့၏ လွှမ်းခြုံရာနယ်ပယ် ..................... 9**

၃-၁။ ဈေးကွက်ယှဉ်ပြိုင်ရေး မူဂါဒအား အသုံးပြုခြင်း ..................... 9

၃-၂။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဂါဒမှ သွေဖည်သည့် သဘောတူညီချက်များအား တားမြစ်ခြင်း ..................... 10

၃-၃။ အသာစီးအနေအထားရရှိမှုအပေါ် အလွဲသုံးစားပြုမှုခြင်းအတွက် တားမြစ်ခြင်း ..................... 15

၃-၄။ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖယ်သည့် စုပေါင်းလုပ်ငန်းများအား တားမြစ်ခြင်း ..................... 16

၃-၅။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ကျင့်သုံးခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် ချန်လုပ်ထားခြင်း ..................... 19

၃-၆။ စီးပွားရေးလုပ်ငန်းများအတွက် ဦးဆောင်လမ်းညွှန်ချက်ပေးခြင်း ..................... 21

**အခန်း (၄) ဈေးကွက်ယှဉ်ပြိုင်မှု၏ အခန်းကဏ္ဍနှင့် တာဝန်များ ..................... 23**

၄-၁။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ..................... 23

၄-၂။ ဦးစားပေးအဆင့်သတ်မှတ်ခြင်း ..................... 25

၄-၃။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဖွဲ့စည်းတည်ဆောက်ပုံ ..................... 27

၄-၄။ ကဏ္ဍဆိုင်ရာ နည်းဥပဒေအား အမျိုးသားဈေးကွက်ယှဉ်ပြိုင်ရေး မူဂါဒနှင့် ဟန်ချက်ညီစေခြင်း ..................... 29

**အခန်း (၅) ဥပဒေပြဌာန်းချက်နှင့် လမ်းညွှန်ချက်များ/ အသွင်ကူးပြောင်းရေးပြဌာန်းချက်များ ............................. 31**

၅-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအတွက် သက်ဆိုင်ရာ ဥပဒေပြဌာန်းချက်နှင့် လမ်းညွှန်ချက်များ ............... 31

၅-၂။ အသစ် သို့မဟုတ် ရှိရင်းစွဲ ဥပဒေပြဌာန်းချက်အား ပြန်လည်သုံးသပ်ခြင်း....................................... 33

၅-၃။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း..................... 34

၅-၄။ ကြားကာလပြဌာန်းချက်များ .............................................................................................. 34

**အခန်း (၆) ဥပဒေစိုးမိုးရေး အခွင့်အာဏာများ ................................................................................ 36**

၆-၁။ ဥပဒေစိုးမိုးရေးစနစ်အမျိုးမျိုး ........................................................................................... 36

၆-၂။ စုံစမ်းစစ်ဆေးခွင့်အာဏာများ............................................................................................ 37

၆-၃။ ဘေးကင်းလုံခြုံရေးအစီအမံများ.......................................................................................... 39

၆-၄။ လျှို့ဝှက်လုံခြုံမှု ............................................................................................................... 39

၆-၅။ ဂန်ခံကတိပြုချက်များ ...................................................................................................... 40

၆-၆။ ကြားဖြတ်ဆောင်ရွက်ချက်များ ........................................................................................... 42

၆-၇။ အရေးယူမှုများ................................................................................................................ 42

၆-၈။ ဒဏ်ကြေးတွက်ချက်ခြင်း ................................................................................................... 44

၆-၉။ သက်ညှာမှု ..................................................................................................................... 45

၆-၁၀။ ပြေငြိမ်းမှု...................................................................................................................... 48

၆-၁၁။ နစ်နာကြေးများအတွက် သီးသန့်အာဏာတည်စေမှုနှင့် အရေးယူမှု............................................. 49

**အခန်း (၇) တရားစွဲဆိုခြင်းလုပ်ငန်းစဉ် ......................................................................................... 51**

၇-၁။ တရားစွဲဆိုခြင်းလုပ်ငန်းစဉ်၏ အရေးပါမှု.............................................................................. 51

၇-၂။ အဖွဲ့အစည်းမူဘောင်နှင့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လမ်းညွှန်စည်းမျဉ်းများ............................ 53

**အခန်း (၈) နည်းပညာအကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ...................................................... 57**

၈-၁။ နည်းပညာအကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၏ အဓိပ္ပာယ် ................................. 57

၈-၂။ နည်းပညာအကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့နှင့်ပတ်သက်သည့် လမ်းညွှန်စည်းမျဉ်းများ။ ......................................................................................................................... 57

၈-၃။ နည်းပညာအကူအညီပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ဖြင့် ဖြည့်စွမ်းသွားရမည့် လိုအပ်ချက်များ. 58

**အခန်း (၉) ထောက်ခံအားပေးမှုနှင့် ကျော်လွှန်ဖြန့်ကျက်မှု ....................................................................... 60**

၉-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ဦးတည်ချက်များ အထမြောက်အောင်မြင်ခြင်း ...................................... 60

၉-၂။ ထောက်ခံအားပေးမှုနှင့် ကျော်လွှန်ဖြန့်ကျက်မှုအတွက် လိုအပ်သည့်အရင်းအမြစ်များ ........................ 61

၉-၃။ နာခံလိုက်နာရေး အစီအစဉ်များ ........................................................................................ 61

**အခန်း (၁၀)................................................................................................................. 63**

၁၀-၁။ ပူးပေါင်းဆောင်ရွက်ရေး ဦးတည်ချက်များ ............................................................................ 63

၁၀-၂။ ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးတရားများ ......................................................................... 63

၁၀-၃။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း ............................ 64

၁၀-၄။ လွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူညီချက်များရှိ ဈေးကွက်ယှဉ်ပြိုင်ရေးနှင့် ဆက်နွယ်သည့် ဘုံပြဋ္ဌာန်းချက်များ ................................................................................................................ 65

# အခန်း (၁) ဒေသတွင်း လမ်းညွှန်ချက်များထားရှိခြင်း၏ ဦးတည်ချက်များ

## ၁-၁။ နောက်ခံအကြောင်း

၁-၁-၁။ အာဆီယံကို ကုန်စည်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကျွမ်းကျင်လုပ်သား အလွယ်တကူ ရွှေ့ပြောင်းလုပ်ကိုင်ခွင့်ရှိပြီး ရင်းနှီးငွေစီးဆင်းမှုကို ပိုမိုလွတ်လပ်မှုရှိစေမည့် ဒေသတစ်ခုအဖြစ် အသွင် ကူးပြောင်းသွားနိုင်စေရန်နှင့် လာမည့် ၂၀၁၅-ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်းတစ်ခုအဖြစ် ဖွဲ့စည်း ထူထောင်သွားနိုင်ရန်အတွက် အာဆီယံခေါင်းဆောင်များ အချင်းချင်း သဘောတူညီမှု ရယူခဲ့ကြပါသည်။

၁-၁-၂။ ၂၀၀၇-ခုနှစ်၊ နိုဝင်ဘာလတွင် စင်္ကာပူနိုင်ငံ၌ ထုတ်ပြန်ကြေညာခဲ့သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ဆိုင်ရာစီမံချက် (AEC Blueprint) ၌ အာဆီယံခေါင်းဆောင်များမှ အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်။ "...အဖွဲ့ဝင်နိုင်ငံအားလုံးသည် အဆိုပါ အာဆီယံစီးပွားရေး အသိုက်အဝန်းစီမံချက် (AEC Blueprint) အတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး ယင်းသို့ စီးပွားရေးအသိုက်အဝန်းတစ်ခု လာမည့် ၂၀၁၅-ခုနှစ်တွင် ပေါ်ပေါက် လာနိုင်စေရန်အတွက်လည်း အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။ ယင်းစီမံချက်အရ အာဆီယံဒေသ တစ်ခုလုံးအား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် သာတူညီမျှရှိ၍ ဈေးကွက်ယှဉ်ပြိုင်မှုအားကောင်းပြီး ကုန်ထုတ်လုပ်မှု နှင့် ဈေးကွက်တစ်ခုတည်းကိုသာ အခြေခံသည့် ဒေသတစ်ခုအဖြစ် အသွင်ကူးပြောင်းပေးနိုင်ရေးနှင့် ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းတွင် အပြည့်အဝပေါင်းစပ်သွားနိုင်ရေးတို့အတွက် ဆောင်ရွက်သွားကြရပါမည်။"

၁-၁-၃။ စီးပွားရေးယှဉ်ပြိုင်မှု အားကောင်းသည့် ဒေသတစ်ခုဖြစ်ထွန်းလာစေရန်အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းစီမံချက်အရ ဆောင်ရွက်လျက်ရှိသည့် တာဝန်တစ်ရပ်မှာ ၂၀၁၀-ခုနှစ်၌ စီးပွားရေးယှဉ်ပြိုင်မှု မူဝါဒ ဆိုင်ရာ ဒေသတွင်းလမ်းညွှန်ချက်များ ပေါ်ထွက်လာစေရန် ဖြစ်ပါသည်။ ယင်းလမ်းညွှန်ချက်များသည် နိုင်ငံအလိုက် အတွေ့အကြုံများနှင့် နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသည့် အကောင်းဆုံးသော ကျင့်ထုံးများကို အခြေတည်၍ တရားမျှတသော ဈေးကွက်ယှဉ်ပြိုင်ရေး ပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါ စီမံချက်တွင်အလေးအနက် ဖော်ပြထားသည့်အတိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ယင်းဈေးကွက် ယှဉ်ပြိုင်ရေးမူဝါဒအား လာမည့် ၂၀၁၅-ခုနှစ်တွင် စတင်ကျင့်သုံးနိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါမည်။

၁-၁-၄။ ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍ အာဆီယံကျွမ်းကျင်ပညာရှင်များအဖွဲ့ (AEGC) ဆိုသည်မှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၌ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ထွန်းကားလာစေရန် တာဝန်ယူဆောင်ရွက်နေသည့် ဈေးကွက် ယှဉ်ပြိုင်ရေး အာဏာပိုင်အဖွဲ့များနှင့် အေဂျင်စီများမှ ကိုယ်စားလှယ်တော်များဖြင့် ဖွဲ့စည်းထားသည့် တရားဝင်အဖွဲ့ အစည်းတစ်ခု ဖြစ်ပါသည်။ ယင်းအဖွဲ့သည် အာဆီယံဒေသတွင်း၌ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး ယင်းမူဝါဒနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်

ဆောင်ရွက်ချက်များအား အာဆီယံအသိုက်အဝန်းစီမံချက်၏ ရည်ရွယ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်ခြင်းရှိ-မရှိ ကြီးကြပ်ကွပ်ကဲသွားမည် ဖြစ်ပါသည်။ ထိုသို့ အာဆီယံစီးပွားရေး အသိုက်အဝန်းစီမံချက်ကြောင့် ပေါ်ထွက်လာရသည့် အဆိုပါ ဒေသတွင်းလမ်းညွှန်ချက်များအား အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် နိုင်ငံတကာကျင့်ထုံးများ၏ တိုးတက်ပြောင်းလဲနေမှုများနှင့်အညီ AEGC အဖွဲ့မှ ငါးနှစ်တာကာလအတွင်း ပြန်လည်ပြုပြင်မွမ်းမံသွားမည် ဖြစ်သည်။

## ၁-၂။ ဒေသတွင်းလမ်းညွှန်ချက်များထားရှိခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးတရားများ

၁-၂-၁။ ဤဒေသတွင်း လမ်းညွှန်ချက်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအသီးသီးရှိ သက်ဆိုင်ရာ တရားရေးနှင့် စီးပွားရေးအကြောင်းအရာတို့ကိုလိုက်၍ အဆိုပါ ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒအား စတင်ကျင့်သုံးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဆက်လက်တိုးတက်ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်ကြရာ၌ ယင်းအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် ယေဘုယျလမ်းညွှန်ချက် မူဘောင်တစ်ခုသဖွယ် စွမ်းဆောင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

၁-၂-၂။ ဤဒေသတွင်း လမ်းညွှန်ချက်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဈေးကွက်ယှဉ်ပြိုင်မှုဖြစ်စဉ်ကို မြှင့်တင်ပေးနိုင်ရန်အတွက် အနာဂတ်ကာလတွင်အဖွဲ့ဝင်နိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်ကြရာ၌ ယေဘုယျကိုးကားနိုင်မည့် လမ်းညွှန်တစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပြီး ဤနည်းအားဖြင့် ဒေသတွင်း၌ စီးပွားရေးအရပေါင်းစည်းမှုပိုမိုအားကောင်းသည့်ဖြစ်စဉ်တစ်ခုပေါ်ပေါက်လာစေရန် ကြိုးပမ်းကြရာတွင် အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်ပါသည်။ သို့ရာတွင် ဤဒေသတွင်းလမ်းညွှန်ချက်များသည် အဖွဲ့ဝင်နိုင်ငံများအား ကန့်သတ်စည်းနှောင်ထားရန် မဟုတ်ဘဲ ရည်ညွှန်းကိုးကားနိုင်သည့် လမ်းညွှန်ချက်များအဖြစ်သာ စွမ်းဆောင်ပေးရန် ရည်ရွယ်ထားသည်ကိုလည်း အထူးသတိချပ်သင့်ပါသည်။

## ၁-၃။ အာဆီယံဒေသအတွင်း ဈေးပြိုင်မှုဝါဒ ထွန်းကားရေးအဆင့်အမျိုးမျိုး

၁-၃-၁။ ဤဒေသတွင်း လမ်းညွှန်ချက်များအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒ၏ တိုးတက်ဖြစ်ထွန်းလာမှုအဆင့် အသီးသီးကို ခွဲခြားသတ်မှတ်ပေးသွားရန် ထည့်သွင်းစဉ်းစားသွားရမည် ဖြစ်ပါသည်။ သာဓကအားဖြင့် - အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံအတွင်းရှိ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ တိုးတက်ဖြစ်ထွန်းနေမှု အဆင့်ကိုလိုက်၍ အဆိုပါ ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်နေမှုများ

ကို တားမြစ်ပိတ်ပင်နိုင်ရန် သို့မဟုတ် ထိန်းကွပ်နိုင်ရန်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှု အသီးသီးအား အဆိုပါ ဒေသတွင်း လမ်းညွှန်ချက်များ၌ချမှတ်ပေးသွားမည် ဖြစ်ပါသည်။

# အခန်း (၂) ဈေးကွက်ပြိုင်ဆိုင်ရေး မူဝါဒ၏ ဦးတည်ချက်နှင့် အကျိုးတရားများ

## ၂-၁။ ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒ၏ အဓိပ္ပာယ်

၂-၁-၁။ ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒအား ဈေးကွက်များရှိပြိုင်ဆိုင်မှုအခြေအနေကိုမြှင့်တင်ပေးနိုင်သော သို့မဟုတ် ထိန်းသိမ်းတည်တံ့စေနိုင်သောအစိုးရမူဝါဒတစ်ခုအဖြစ်အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပြီး ယင်း၌လုပ်ငန်းစုများ၏ ပြုမူဆောင်ရွက်နေပုံနှင့် စက်မှုလုပ်ငန်းနှင့်ဈေးကွက်များ၏ ဖွဲ့စည်းတည်ရှိနေပုံတို့အပေါ် တိုက်ရိုက်သက်ရောက်မှုရှိစေမည့် အစိုးရ၏ အရေးယူဆောင်ရွက်မှုများပါဝင်သည်။ ယင်းဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒ၌ အကြောင်းအရာနှစ်ခု ပါဝင်လျက်ရှိသည်။

၂-၁-၁-၁။ ပထမတစ်ချက်မှာ - ဒေသအလိုက် ဈေးကွက်များနှင့် အမျိုးသားဈေးကွက်များ၌ ယှဉ်ပြိုင်ဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့်မူဝါဒများအား နေသားတကျချမှတ်ပေးထားခြင်း ဖြစ်သည်။ ယင်းတို့မှာ ပိုမိုကောင်းမွန်သည့် ကုန်သွယ်ရေးမူဝါဒများ စတင်ကျင့်သုံးစေခြင်း၊ ကန့်သတ်ချုပ်ချယ်ရာရောက်သည့် ကုန်သွယ်ရေးကျင့်ထုံးများအား ပပျောက်စေခြင်း၊ ဈေးကွက်ဝင်ရောက်လာမှုနှင့် ထွက်ခွာမှုတို့ကိုအားပေးခြင်း၊ မလိုအပ်ဘဲအစိုးရ၏ကြားဝင် ဆောင်ရွက်မှုတို့ကိုလျော့နည်းစေခြင်းနှင့် ဈေးကွက်အင်အားစုများပေါ်၌ အားထားမှုပိုမိုဖြစ်ပေါ်လာစေခြင်းတို့ ဖြစ်သည်။

၂-၁-၁-၂။ ဒုတိယတစ်ချက်မှာ - ဈေးကွက်ပြိုင်ဆိုင်ရေးဥပဒေ ထားရှိခြင်းဖြစ်ပြီး ယင်း၌ဥပဒေပြုစုခြင်း၊ တရားရေး ဆုံးဖြတ်ချက်များနှင့် နည်းဥပဒေများ ချမှတ်ခြင်းတို့ ပါဝင်သည်။ ထိုသို့ ဥပဒေနှင့် နည်းဥပဒေများ ထားရှိခြင်းသည် စီးပွားရေးလုပ်ငန်းများ၌ ဈေးပြိုင်မူဝါဒမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်နေမှုများမှ ကာကွယ်ရန်နှင့် ဈေးကွက် စွမ်းအားကို အလွဲသုံးစား အသုံးပြုခြင်းနှင့် ဈေးပြိုင်မူဝါဒအား လိုက်နာမှုမရှိသည့် စုပေါင်းလုပ်ငန်းများမှ ကာကွယ်ရန် အတွက် ရည်ရွယ်ပါသည်။ ထိုသို့ ပြုလုပ်ရာတွင် ယေဘုယျအားဖြင့် (ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒမှ သွေဖည်သည့် သဘောတူညီချက်များ၊ နေရာအသာစီးရနေမှုကို အလွဲသုံးစားပြုလုပ်ခြင်း စသည့်) ကန့်သတ်ချုပ်ချယ်ရာရောက်သည့် ကုန်သွယ်ရေး (လုပ်ငန်း) ကျင့်ထုံးများကို ထိန်းချုပ်နိုင်ရန် အဓိကရည်ရွယ်ပြီး ညီမျှမှုမရှိသည့် ကုန်သွယ်မှုကျင့်ထုံး များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။

၂-၁-၂။ ဒေသတွင်း လမ်းညွှန်ချက်များထားရှိခြင်း ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ "ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒ" ဟူသော အသုံးအနှုန်းသည် ဈေးကွက်ပြိုင်ဆိုင်မှုကို စတင်ကျင့်သုံးရန်၊ ကျင့်သုံးနေပါကလည်း မူလအခြေအနေမှ မြှင့်တင်ရန်နှင့်/သို့မဟုတ် ဆက်လက်ထိန်းသိမ်းရန် ရည်ရွယ်သည့် ပြည်သူ့မူဝါဒများနှင့် အုပ်ချုပ်သူ အစိုးရ၏ အထွေထွေ ညွှန်ကြားချက်များကို ဆိုလိုပါသည်။ ယင်း၌ သီးသန့်ထားရှိခြင်း မဟုတ်စေကာမူ "ဈေးကွက်ပြိုင်ဆိုင်ရေး ဥပဒေ" သည်လည်း အကျုံးဝင်ပြီးဖြစ်ပါသည်။ ဤနည်းဥပဒေသည် အထူးသဖြင့် (ဥပဒေပုံစံဖြင့်ဖြစ်စေ၊ နည်းဥပဒေနှင့် လမ်းညွှန်ချက်ပုံစံများဖြင့်ဖြစ်စေ စသဖြင့်) တရားဥပဒေအရ ပြဋ္ဌာန်းချက်များကိုဆိုလိုပြီး ဈေးကွက်ပြိုင်ဆိုင်မှုဆိုင်ရာ ထိန်းကွပ်ရေးအဖွဲ့တစ်ခု စတင်ဖွဲ့စည်းထူထောင်ခြင်းနှင့် ဆက်လက်ထိန်းသိမ်းထားရှိခြင်းတို့ ပါဝင်သည်။ ယင်းထိန်း

ကွပ်ရေးအဖွဲ့သည် ဈေးကွက်ပြိုင်ဆိုင်မှုသွေဖည်သည့် လုပ်ငန်းကျင့်သုံးဆောင်ရွက်နေမှုများမှ ကာကွယ်ရန် ဈေးကွက်အင်အားကို အလွဲသုံးစား အသုံးပြုခြင်းနှင့် ဈေးကွက်ပြိုင်ဆိုင်ရေး မူဝါဒအား လိုက်နာမှုမရှိသည့် အစုစပ်လုပ်ငန်းများမှ ကာကွယ်ရန် ရည်ရွယ်ပါသည်။ ဤနေရာမှစ၍ နောက်ပိုင်းတွင် အဆိုပါ ဒေသတွင်းလမ်းညွှန်မှုများကို ဖော်ပြရာ၌ ယင်း "ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒ" ဟူသော အသုံးအနှုန်းကိုသာ ဆက်လက်အသုံးပြုသွားပါမည်။

## ၂-၂။ ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒထားရှိခြင်း၏ ပင်မဦးတည်ချက်များနှင့် အကျိုးတရားများ

၂-၂-၁။ ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒနှင့်ပတ်သက်၍ လူသိအများဆုံးဦးတည်ချက်မှာ ဈေးကွက်ပြိုင်ဆိုင်ရေးဖြစ်စဉ်အားမြှင့်တင်ပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ ယင်းမူဝါဒသည် ဈေးကွက်များ၌အပြိုင်အဆိုင်ဆောင်ရွက်မှုရှိလာစေရန် အထောက်အပံ့ပြုနိုင်သည့် ဈေးကွက်တွင်းဝင်ရောက်ခြယ်လှယ်သူများ အားလုံးအတွက် "လက်ရည်တူပြိုင်ပွဲအခင်းအကျင်း" ကိုဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ဈေးကွက်ပြိုင်ဆိုင်ရေးဥပဒေတစ်ခု ထားရှိပေးခြင်းသည် ယင်းပြိုင်ပွဲအတွက် "ပြိုင်ပွဲစည်းမျဉ်း" အစုစုသဖွယ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ဈေးကွက်အတွင်းရှိယှဉ်ပြိုင်ဆောင်ရွက်နေကြသူများထက် ၎င်း၏ဈေးကွက်ပြိုင်ဆိုင်ရေးဖြစ်စဉ်ကိုသာ ပို၍အကာအကွယ်ပေးရာရောက်သွားပါသည်။ ဤသို့ တရားမျှတ၍ ထိရောက်သောယှဉ်ပြိုင်မှုရှိစေခြင်းကြောင့် စီးပွားရေးအရ ထိရောက်အကျိုးများမှု၊ စီးပွားရေးကြီးထွားဖွံ့ဖြိုးလာမှုနှင့် စားသုံးသူများ၏ကောင်းကျိုးအဂ္ဂတို့ကို ပိုမိုဖြစ်ထွန်းစေနိုင်ပါလိမ့်မည်။

၂-၂-၁-၁။ <u>စီးပွားရေးအရ ထိရောက်အကျိုးများမှု</u> — စီးပွားရေးအရ ထိရောက်အကျိုးများမှုဆိုသည်မှာ စီးပွားရေးကဏ္ဍရှိ အရင်းအမြစ်များအား ထိရောက်စွာ ခွဲဝေအသုံးပြုနိုင်ခြင်းကို ဆိုလိုသည်။ ဈေးကွက်ပြိုင်ဆိုင်မှုရှိခြင်းသည် အဆိုပါ ထိရောက်အကျိုးများမှုကို တည်တည်ငြိမ်ငြိမ်ဖြင့်ဖြစ်စေ၊ အင်တိုက်အားတိုက်ပုံစံဖြင့်ဖြစ်စေ မြင့်တက်လာစေနိုင်မည် ဖြစ်ပါသည်။ အကြောင်းမှာ စီးပွားရေးလုပ်ငန်းများအား နည်းနိုင်သမျှအနည်းဆုံးဈေးနှုန်းနှင့် ထုတ်လုပ်ကြစေရန် သတ်မှတ်ပေးထားခြင်းဖြင့် ယင်းသို့ကုန်ကျစရိတ်သက်သာမှုများကြောင့် စားသုံးသူများမှ အကျိုးခံစားရခြင်းနှင့် ယင်း စီးပွားရေးလုပ်ငန်းများအား စားသုံးသူများ၏လိုအပ်ချက်များနှင့်အညီ သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍများကို လုပ်ဆောင်ကြစေရန် တွန်းအားပေးထားနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂-၂-၁-၂။ <u>စီးပွားရေးကြီးထွားဖွံ့ဖြိုးလာမှု</u>— စီးပွားရေးကဏ္ဍအတွင်းရှိ ကုန်စည်နှင့် ဂန်ဆောင်မှုလုပ်ငန်းများ၏ တန်ဖိုးများ မြင့်တက်လာခြင်းကို စီးပွားရေး ကြီးထွားရင့်သန်လာမှုဟု ခေါ်ဆိုနိုင်ပြီး ယင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုအတွက် အဓိကအညွှန်းကိန်းတစ်ခုလည်း ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုဟူသော အသုံးအနှုန်းတွင်မူ ပို၍ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိပြီး စီးပွားရေးကဏ္ဍတစ်ခုအနေဖြင့် အဘက်ဘက်မှ ကုံလုံ

ကြွယ်ဝလာမှုကို ဆိုလိုသည်။ ယင်း၌ အလုပ်အကိုင်ရရှိမှုနှုန်း၊ စာတတ်မြောက်မှုနှုန်း၊ သေဆုံးမှုနှုန်းနှင့် ဘဝအရည်အသွေးနှင့်သက်ဆိုင်သည့် အခြားစံနှုန်းများပါဝင်လျက်ရှိသည်။ ဈေးကွက်ယှဉ်ပြိုင်မှုသည် စီးပွားရေးအရ ထိရောက်အကျိုးများမှုကို ပိုမိုမြင့်တက်လာစေခြင်းနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများရှိ ထုတ်လုပ်ရေးကဏ္ဍ၏ လေလွင့်ဆုံးရှုံးမှုများကို လျော့နည်းစေခြင်းဖြင့် စီးပွားရေးကြီးထွားဖွံ့ဖြိုးမှုတို့ကို ပိုမိုဖြစ်ထွန်းစေနိုင်ပါသည်။ သို့ဖြစ်၍ ဈေးကွက်တစ်ခုသည် အရင်းအမြစ်များကို ပိုမိုလျင်မြန်စွာ ခွဲဝေအသုံးပြုလာနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှု မြင့်တက်လာခြင်းနှင့် ပုံမှန်ထက် ပိုမိုမြင့်မားသည့် စီးပွားရေး ကြီးထွားရင့်သန်လာမှုတို့ကို ဖြစ်ပေါ်စေနိုင်ပါလိမ့်မည်။ ထိုမှတစ်ဆင့် အချိန်ကာလတစ်ခု ကြာမြင့်ပြီးချိန်၌ ထိုသို့စီးပွားရေးအရ စဉ်ဆက်မပြတ် ကြီးထွားရင့်သန်မှုသည် ဘဝအရည်အသွေးတိုးတက်လာခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုများဆီသို့ ဦးတည်သွားနိုင်မည် ဖြစ်ပါသည်။

၂-၂-၁-၃။ <u>စားသုံးသူများ သက်သာချောင်ချိရေး</u>။ ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒသည် စားသုံးသူများအတွက် (ကုန်စည်အသစ်များအား) ရွေးချယ်မှု ပိုမိုရရှိစေခြင်း၊ အရည်အသွေး ပိုမိုကောင်းမွန်၍ ဈေးနှုန်း ပိုမိုလျော့နည်းလာစေခြင်းအားဖြင့် စားသုံးသူများအတွက် လက်ငင်းအကျိုးတရားများရရှိစေခြင်းဖြင့် စီးပွားရေးကြီးထွားရင့်သန်မှုကို အထောက်အကူပြုပေးနိုင်ပါသည်။ စားသုံးသူများလက်ဝယ်ရှိ ဈေးကွက်အင်အားနှင့် ကုန်ထုတ်လုပ်သူများအကြားရှိထားနှင့်သည့်မညီမျှမှုများကို ပြန်လည်ပြုပြင်ကုစားနိုင်ရန်အတွက်ဆိုလျှင် စားသုံးသူသက်သာချောင်ချိရေး အကာအကွယ်ပေးမှုလုပ်ငန်းကို လိုအပ်ပါသည်။ ထိုသို့ စားသုံးသူများနှင့် ကုန်ထုတ်လုပ်သူများအကြား မညီမျှမှုများ ရှိလာခြင်းသည် သတင်းအချက်အလက်ရရှိနိုင်မှုကွာဟခြင်း၊ ကုန်ထုတ်လုပ်သူများနှင့် ဈေးနှုန်းညှိနှိုင်းနိုင်မှု အခြေအနေကောင်းမဲ့ခြင်းနှင့် ရောင်းဝယ်ဖောက်ကား စရိတ်များမြင့်မားခြင်းစသည့် ဈေးကွက်ပျက်ယွင်းမှုကို ဖြစ်ပေါ်စေမည့် အကြောင်းအရာများကိုအရင်းခံ၍ ပေါ်ထွက်လာခြင်းဖြစ်သည်။ သို့ဖြစ်၍ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒသည် ထိုသို့ဈေးကွက် ပျက်ယွင်းမှုများကိုကိုင်တွယ်ဖြေရှင်းရန် စားသုံးသူအကာအကွယ်ပေးရေး မူဝါဒများရေးဆွဲရာ၌ အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ပါသည်။

၂-၂-၂။ ထို့ပြင် ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်း အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ ဈေးကွက်များ၌ ဥပဒေအရ ကန့်သတ်ထိန်းချုပ်မှုများအား လျော့ချခြင်း၊ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖြေလျော့မှုများကို ကမ္ဘာနှင့်အဝှမ်း ဆောင်ရွက်လာခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒတစ်ခု လိုအပ်လာပါသည်။ အကြောင်းမှာ ပြည်သူပိုင် လက်ဝါးကြီးအုပ်စနစ်များနေရာတွင် ပုဂ္ဂလိကပိုင် လက်ဝါးကြီးအုပ်သည့်စနစ်များဖြင့် အစားထိုးလာမှုများ မဖြစ်ပေါ်စေဘဲ စီးပွားရေး၌ ပုဂ္ဂလိက ကဏ္ဍ၏ တိုးတက် ကြီးထွားလာမှုကို စောင့်ကြည့်ထိန်းချုပ်သွားရန်အတွက် ဖြစ်ပါသည်။

၂-၂-၃။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒသည် ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံရေးမူဝါဒများအတွက် အထောက်အကူဖြစ်စေရုံသာမက (စီးပွားရေးနှင့် လူမှုရေးကဏ္ဍနှစ်ရပ်လုံးရှိ) အခြားမူဝါဒဆိုင်ရာ ဦးတည်ချက်များနှင့်လည်း ညီညွတ်မှုရှိစေပါသည်။ ယင်းတို့မှာ နိုင်ငံအလိုက် ဈေးကွက်များပေါင်းစည်းလာခြင်းနှင့် ဒေသတွင်း ပေါင်းစည်းမှုကိုပါ

မြင့်တက်လာစေခြင်း၊ အသေးစားလုပ်ငန်းများအား အကာအကွယ်ပေးခြင်း သို့မဟုတ် မြှင့်တင်ပေးခြင်း၊ နည်းပညာတိုးတက်မှုရှိလာစေခြင်း၊ ကုန်ပစ္စည်းနှင့် ကုန်ထုတ်လုပ်မှုဖြစ်စဉ်တို့တွင် ဆန်းသစ်တီထွင်မှုများ မြင့်တက်လာစေခြင်း၊ စက်ရုံလုပ်ငန်းများ အသွင်အမျိုးမျိုး တိုးချဲ့ဆောင်ရွက်လာမှုကိုအားပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုရှိလာခြင်း၊ ငွေကြေးဖောင်းပွမှုများအား တိုက်ဖျက်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ မည်သည့်လူမျိုး၊ ကျား-မလိင်ကွဲပြားမှုအရမခွဲခြားဆို အလုပ်သမားများသာတူညီမျှ ခံစားခွင့်ရှိစေခြင်း၊ သီးသန့်ရည်ရွယ်သည့် စားသုံးသူအုပ်စုများအတွက် သက်သာချောင်ချိမှုကို ပိုမိုဖြစ်ပေါ်စေခြင်းတို့ ဖြစ်သည်။ အထူးသဖြင့် (လက်ရှိတာဝန်ထမ်းဆောင်နေသည့် အလုပ်သမားအမြောက်အများရှိထားသော်လည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည့် အခြေအနေမရှိဘဲ ပို၍အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစုများ ဈေးကွက်အတွင်း ဝင်ရောက်လာမှုကိုဟန့်ထားထားသည့်အခါမျိုး၌) ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒသည် ပိုလျှံနေသော လုပ်သားအရေအတွက်ကို လျှော့ချ၍ ထိထိရောက်ရောက်စွမ်းဆောင်နိုင်မည့် အပြိုင်အဆိုင် လုပ်ငန်းအသစ်များ၌ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကို အားပေးနိုင်ပါလိမ့်မည်။

၂-၂-၄။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒသည် ကုန်သွယ်ရေးမူဝါဒ၊ စက်မှုလုပ်ငန်းမူဝါဒနှင့် ထိန်းကွပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၌ ဖြည့်စွက်ပေးနိုင်မည် ဖြစ်သည်။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒသည် ဈေးကွက်တွင်း ဝင်ရောက်မှုကို ကန့်သတ်ထားသည့် ကျင့်သုံးဆောင်ရွက်ပုံများနှင့် အမှန်တကယ်ဈေးကွက်ပြိုင်ဆိုင် ဆောင်ရွက်နေမှုနှင့်ပြိုင်ဆိုင်မှု အလားအလာတို့ကိုလျော့နည်းစေသည့် ကျင့်သုံးဆောင်ရွက်နေပုံများအတွက်ရည်ရွယ်၍ ချမှတ်ထားခြင်းဖြစ်ပြီး ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း မူဝါဒများကမူ ကုန်ထုတ်လုပ်မှုအခြေခံသည့် ကြီးထွားဖွံ့ဖြိုးမှုများ တိုးမြှင့်ပေးနိုင်ရန်အတွက် ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဖွဲ့စည်းတည်ဆောက်ပုံများကြားထိန်းညှိမှုကို တွန်းအားပေးနိုင်ရန် ဖြစ်သည်။ ထို့ပြင် ထိန်းကွပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုသည်လည်း ဈေးကွက်တွင်းဝင်ရောက်လာမှုနှင့် ဈေးကွက်တွင်းမှ ထွက်ခွာသွားမှုတို့အတွက် ကန့်သတ်ချုပ်ချယ်ရာရောက်သည့် ပြည်တွင်းရှိနည်းဥပဒေများ လျော့နည်းပျောက်ကွယ်သွားစေရန် ရည်ရွယ်ပါသည်။ ထိရောက်သော ဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒတစ်ခုထားရှိခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်အားထားမှုကို မြင့်တက်စေနိုင်ပြီး ယင်းမူဝါဒမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်ပုံများကြောင့် ဖြစ်ပေါ်လာမည့် ကုန်သွယ်ရေးအကျိုးစီးပွားဆုံးရှုံးမှုများကိုလည်း အကာအကွယ်ပေးနိုင်ပါသည်။ ဤနည်းအားဖြင့် ယင်းဈေးကွက်ပြိုင်ဆိုင်ရေးမူဝါဒသည် စီးပွားရေးစနစ်တစ်ခုအတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်စေရန်ဆွဲဆောင်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နိုင်ပြီး အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အကျိုးကျေးဇူးများအား ပိုမိုအားကောင်းလာစေနိုင်ပါလိမ့်မည်။

၂-၂-၅။ အာဆီယံ အဖွဲ့ဝင်နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံအသီးသီးရှိ ဈေးကွက်ပြိုင်ဆိုင်ရေး မူဝါဒအရ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကြပြီးလျှင် ဆိုခဲ့ပြီးသော ဦးတည်ချက်များအနက် မည်သည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ကို ဆုံးဖြတ်နိုင်ကြပါသည်။

## ၂-၃။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့

၂-၃-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍ ထိန်းကွပ်ရေးအဖွဲ့တစ်ခုသော်လည်းကောင်း၊ ထိုထက်ပိုသော အဖွဲ့များ သော်လည်းကောင်း ဖွဲ့စည်းပေးခြင်းအားဖြင့် အဆိုပါ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ၏ ဦးတည်ချက်များ ပေါက်မြောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ပါသည်။

၂-၃-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ကောင်း ကျိုးရေးရှုသည့် ရပ်တည်ချက်များအား လက်ခံကျင့်သုံးသွားကြရပါမည်။ ဤသို့ ကျင့်သုံးရာ၌ ဈေးကွက်ယှဉ်ပြိုင် ရေးဥပဒေ ချိုးဖောက်မှုများအား အရေးယူဆောင်ရွက်ခြင်းသာမက မိမိတို့နိုင်ငံအသီးသီးရှိ အဖွဲ့အစည်းဆိုင်ရာ စီစဉ်တည်ရှိပုံများနှင့် ပြည်သူ့မူဝါဒများအား ပြန်လည်စိစစ်သုံးသပ်မှု ပြုလုပ်ခြင်းလည်း ပါဝင်ပါသည်။ ဤနည်းအားဖြင့် ဈေးကွက်များ ကောင်းမွန်စွာလည်ပတ်နေမှုကို အဟန့်အတားဖြစ်စေမည့် မူဝါဒများအား ထုတ်ဖော်သတ်မှတ်၍ ပိုမိုသင့်လျော်သည့် မူဝါဒများဖြင့် အစားထိုးကျင့်သုံးစေနိုင်မည် ဖြစ်ပါသည်။

# အခန်း (၃) ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒနှင့် ဥပဒေတို့၏ လွှမ်းခြုံရာနယ်ပယ်

## ၃-၁။ ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒအား အသုံးပြုခြင်း

၃-၁-၁။ နိုင်ငံအလိုက် ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒ၏ လွှမ်းခြုံသက်ရောက်မှုတွင် အောက်ပါတို့ ပါဝင်သည်။

၃-၁-၁-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒမှ သွေဖည်သည့် (တပြေးညီပုံစံဖြစ်စေ၊ ထက်အောက်ပုံစံဖြစ်စေ) သဘောတူညီချက်များ၊ ဈေးကွက်အင်အားအသာစီး အနေအထားရရှိထားမှုအပေါ် အလွဲသုံးစားပြုလုပ်မှုများ၊ ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒမှ သွေဖည်သည့်စုပေါင်းလုပ်ငန်းများ အားကန့်သတ်တားမြစ်ခြင်းနှင့်

၃-၁-၁-၂။ ကန့်သတ်ချုပ်ချယ်ရာရောက်သည့် ကုန်သွယ်ရေးကျင့်ထုံးများအား ကန့်သတ်တားမြစ်ခြင်းတို့ ဖြစ်သည်။

၃-၁-၂။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒဟူသည် ယေဘုယျအသုံးပြုနိုင်သည့် မူဝါဒတစ်ခုသဖွယ် ဖြစ်သင့်ပါသည်။ တစ်နည်းအားဖြင့် (ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းစသည့်) စီးပွားဖြစ်လုပ်ငန်းများ၌ ဆက်စပ်ပါဝင်နေသည့် စီးပွားရေးလုပ်ငန်းအားလုံးနှင့် စီးပွားရေးကဏ္ဍအားလုံးအတွက် အသုံးပြုနိုင်မည်ဖြစ်ပြီး ဤနေရာ၌ ဥပဒေမှ ကင်းလွတ်ခွင့်ပြုထားခြင်းမျိုး မဟုတ်ပါက အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ နယ်မြေပိုင်နက် များရှိ နိုင်ငံပိုင်လုပ်ငန်းများပေါ်၌လည်း သက်ရောက်မှုရှိစေရပါမည်။ စီးပွားဖြစ်လုပ်ငန်းများဟုဆိုရာ၌ ပေးချေထားသည့် ငွေကြေးနှင့်အညီ ပြန်လည်ဆောင်ရွက်ပေးရသည့် မည်သည့်လုပ်ငန်းကိုမဆို ရည်ရွယ်ပြီး ယင်းသို့ ပြန်လည် ဆောင်ရွက်ပေးရာ၌ အမြဲတမ်းမဟုတ်သည့်တိုင်အောင် ပုံမှန်အားဖြင့် အကျိုးဖြစ်ထွန်းလိုသည့် ရည်ရွယ်ချက်ပါဝင်လေ့ရှိပါသည်။ အကြွင်းမဲ့အချုပ်အခြာအာဏာများ အသုံးပြု၍ ဆောင်ရွက်ခြင်းသည် စီးပွားဖြစ်လုပ်ငန်းတစ်ခု၏ အသွင်မဆောင်ပါ။

၃-၁-၃။ ဆိုခဲ့ပြီးသည့် အလားတူလုပ်ငန်းများ၌ ဆက်စပ်ပါဝင်နေသည့် စီးပွားရေးလုပ်ငန်းများသည်လည်း ဥပဒေအရ တရားမျှတမှု၊ သာတူညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ ရှေ့နောက်ညီညွတ်မှုနှင့် ခွဲခြားဆက်ဆံမှုမျိုးမရှိသည့် အရေးယူဆောင်ရွက်မှုမျိုး ရရှိစေနိုင်ရန်အတွက် အလားတူစည်းမျဉ်းဥပဒေနှင့်စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်သင့်ကြပါသည်။

၃-၁-၄။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား တရားစီရင်ရေးနှင့် ဥပဒေပြုရေးကဏ္ဍရှိ ပုဂ္ဂိုလ်များမှ အသုံးပြုနိုင်ရမည်ဖြစ်ပြီး ယင်းမူဝါဒအရ ကန့်သတ်တားမြစ်ထားသည့် ကန့်သတ်ချုပ်ချယ်ရာရောက်သည့် ကျင့်ထုံးများအား ကျင့်သုံးရန်ခွင့်ပြုချက်ပေးသည့် သို့မဟုတ် ကျင့်သုံးမှုတွင်ပါဝင်သည့် သို့မဟုတ် ကျင့်သုံးမှုတွင် အထောက်အပံ့ပြုပါဝင်နေသည့်သာမန်ပုဂ္ဂိုလ်အားလုံးသည် စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ရှင်ဖြစ်စေ၊ မန်နေဂျာ သို့မဟုတ် အလုပ်ရှင်ဖြစ်စေ ယင်းတို့အစွမ်းရှိသလောက် ကျင့်သုံးဆောင်ရွက်ကြရာတွင် ယင်းမူဝါဒအရ သက်ရောက်မှုရှိစေရမည် ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံရှိတရားဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်

အညီ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူမှုများဖြစ်စေ၊ တရားမမှုနှင့် ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုများဖြစ်စေ ဆောင်ရွက်သွားနိုင်ပါသည်။

## ၃-၂။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒမှ သွေဖည်သည့် သဘောတူညီချက်များအား တားမြစ်ခြင်း

၃-၂-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံရေးနယ်နိမိတ်များရှိ ဈေးကွက်ပြိုင်ဆိုင်မှုကို အဟန့်အတားဖြစ်စေသည့် သို့မဟုတ် ပျက်ယွင်းစေသည့် သို့မဟုတ် ကန့်သတ်ချုပ်ချယ်ရာရောက်သည့် တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းစုနှစ်ခုကြားရှိ သဘောတူညီချက်များအား ဥပဒေအရကင်းလွတ်ခွင့်ပေးထားခြင်းမျိုး မဟုတ်ပါက တစ်ပြေးညီ သဘောတူညီချက်ပုံစံဖြစ်စေ၊ ထက်အောက်သဘောတူညီချက်ပုံစံဖြစ်စေ တားမြစ်ကန့်သတ်နိုင်ရန် ထည့်သွင်းစဉ်းစားထားသင့်ပါသည်။ ဤနေရာ၌ —

၃-၂-၁-၁။ "တစ်ပြေးညီ သဘောတူညီချက်" ဆိုသည်မှာ ဈေးကွက်အတွင်းရှိ အဆင့်တစ်ခုတည်းတွင်ပင် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစုနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လုပ်ငန်းစုများအကြားထားရှိသော သဘောတူညီချက်မျိုးကို ဆိုလိုသည်။ (ဥပမာ - ကုန်ပစ္စည်းတစ်ခု၏ ရောင်းဈေးကို ပြင်ဆင်ရန်အတွက် ကုန်ထုတ်လုပ်သူနှစ်ဦးကြား ထားရှိသော သဘောတူညီချက်မျိုးသည် တစ်ပြေးညီ သဘောတူညီချက် ဖြစ်သည်။

၃-၂-၁-၂။ "ထက်အောက် သဘောတူညီချက်" ဆိုသည်မှာလည်း နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လုပ်ငန်းစုများအကြား ထားရှိသော သဘောတူညီချက်ဖြစ်ပြီး ယင်းသဘောတူညီချက်ပါ ရည်ရွယ်ချက်များ အထမြောက် အောင်မြင်နိုင်စေရန်အတွက်ပါဝင်သည့် လုပ်ငန်းစုတစ်ခုစီသည် ကုန်စည်ထုတ်လုပ်မှုအဆင့်တွင်ဖြစ်စေ၊ ဖြန့်ဖြူးမှုအဆင့်တွင်ဖြစ်စေ မိမိတို့ သက်ဆိုင်ရာအဆင့်အသီးသီး၌ လည်ပတ်ဆောင်ရွက်ကြရပါသည်။ ထို့ပြင်ပါဝင်သည့် အစုအဖွဲ့များအနေဖြင့် သက်ဆိုင်ရာကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအားဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ကို ယင်းသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိပါသည်။ (ဥပမာ - ကုန်စည်ဖြန့်ဖြူးရေး သဘောတူညီချက်များ၊ ကိုယ်စားလှယ် အဖွဲ့အစည်းအလိုက် သဘောတူညီချက်များနှင့် လုပ်ငန်းလုပ်ပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များသည် အဆိုပါ "အထက်အောက်သဘောတူညီချက်" ပုံစံတွင် အကျုံးဝင်ပါသည်)

၃-၂-၁-၃။ "သဘောတူညီချက်" ဟူသော အသုံးအနှုန်းသည် အဓိပ္ပာယ်ကျယ်ပြန့်ပြီး နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသားပြဋ္ဌာန်း၍ဖြစ်စေ တရားဥပဒေအရ မဖြစ်မနေ လိုက်နာစေသည့် သို့မဟုတ် မဖြစ်မနေ လိုက်နာစရာမလိုသည့် သဘောတူညီချက် နှစ်မျိုးစလုံး အကျုံးဝင်ပါသည်။ ဤနေရာ၌ "လူကြီးလူကောင်းကတိကဝတ်" ဟု ခေါ်ဆိုကြသည့်

သဘောတူညီချက်မျိုးလည်း ပါဝင်ပါသည်။ သဘောတူညီချက်တစ်ခုသည် ယင်းတွင် ပါဝင်သည့် အင်အားစုများ လူချင်းတွေ့ဆုံမှုကြောင့်ဖြစ်စေ၊ စာဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း အဆက်အသွယ် ပြုခြင်းကြောင့်ဖြစ်စေ သို့မဟုတ် အခြားတစ်နည်းနည်းကြောင့်ဖြစ်စေ ပေါ်ပေါက်လာနိုင်ပါသည်။ မည်သည့်နည်းအား ဖြင့် ပေါ်ပေါက်လာစေကာမူ သဘောတူညီချက်တစ်ခုတွင် မဖြစ်မနေပါဝင်ရမည့်အချက်မှာ အစုအဖွဲ့တစ်ခုစီမှ လိုက်ပါ ဆောင်ရွက်မည့် သို့မဟုတ် လိုက်ပါဆောင်ရွက်မည်မဟုတ်သည့် ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် သဘောတူ ကြည်ဖြူမှုပင်ဖြစ်သည်။

၃-၂-၁-၄။ "တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်း" ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ သို့မဟုတ် စုပေါင်း လုပ်ကိုင်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေ သို့မဟုတ် စုပေါင်းလုပ်ကိုင်ခြင်းမရှိသော်လည်း အခြားပုဂ္ဂိုလ်များမှ သို့မဟုတ် လုပ်ငန်းစုများမှ စုဖွဲ့ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေ ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ နှင့်ဆက်စပ်သည့် ကုန်သွယ်ရေး သို့မဟုတ် စီးပွားရေးလုပ်ဆောင်မှုများ ဆောင်ရွက်နိုင်သည့် မည်သည့်ပုဂ္ဂိုလ်၊ အသင်းအဖွဲ့အားလုံးကိုမဆို ရည်ရွယ်ပါသည်။ ယင်း၌ တစ်ဦးတည်းမူပိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် တစ်သီး ပုဂ္ဂလလုပ်ငန်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအင်အားစုများ၊ အရောင်းအဝယ်လုပ်ငန်းများ၊ မိတ်ဖက်လုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ၊ ကုန်သွယ်ရေးအဖွဲ့အစည်းများနှင့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများအားလုံး (ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ၊ အစိုးရပိုင်ဖြစ်စေ၊ အစိုးရပိုင် မဟုတ်၍ဖြစ်စေ) ၎င်းတို့၏ တရားဥပဒေနှင့် ပိုင်ဆိုင်မှုအနေအထား မည်သို့ပင်ဖြစ်စေ ၎င်းတို့အား မည်သည့်နည်းဖြင့် ဘဏ္ဍာငွေ ထောက်ပံ့ထားသည်ဖြစ်စေ အကျုံးဝင်ပါသည်။

၃-၂-၁-၅။ "အဟန့်အတားဖြစ်စေသည့်" ၊ "ပျက်ယွင်းစေသည့်" ၊ "ကန့်သတ်ချုပ်ခြယ်ရာရောက်သည့်" စသော အသုံးအနှုန်းများသည် သဘောတူညီချက်တွင် ပါဝင်သည့် အသင်းအဖွဲ့တစ်ခုခု၏ အကျိုးစီးပွားအတွက် ရှိထားနှင့်ပြီး ဖြစ်သော သို့မဟုတ် ထားရှိရန်အလားအလာရှိသော ဈေးကွက်ပြိုင်ဆိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်များအား ပပျောက် စေခြင်း၊ ဈေးကွက်ပြိုင်ဆိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအား မိမိသဘောဆန္ဒအလျောက် ပြောင်းလဲခြင်းနှင့် ဈေးကွက် ပြိုင်ဆိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်များအား လျော့နည်းစေခြင်းတို့ကို အသီးသီးရည်ညွှန်းပါသည်။ ယင်းသည် ဈေးကွက်ယှဉ်ပြိုင်ရေး သဘောတူညီချက်မှသွေဖည်မည့် သဘောတူညီချက်များရှိလာခြင်းကြောင့် ဈေးကွက်ယှဉ် ပြိုင်ရေးပြဋ္ဌာန်းချက်များအား ဆိုးဆိုးရွားရွားသက်ရောက်မှုရှိစေသည့် အခြေအနေအားလုံးကို ဆိုလိုပါသည်။

၃-၂-၂။ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအကြားထားရှိသော မည်သည့် သဘောတူညီချက်မဆို ယင်းတွင် ပါဝင်သည့်အသင်းအဖွဲ့တစ်ခုခု၏ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ကန့်သတ်ချုပ်ခြယ်သည့်သဘောမျိုး ဖြစ် ကောင်းဖြစ်သွားနိုင်ပါသည်။ သို့ရာတွင် ထိုသို့ဖြစ်ရုံမျှနှင့် ယင်းသဘောတူညီချက်သည် ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒကို သွေဖည်ရာရောက်သည်ဟုမဆိုလိုပါ။ သို့ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူညီချက် တစ်ခုအား မူဝါဒနှင့်သွေဖည်ခြင်း ရှိ-မရှိ သိသာစေရန်အတွက် ယင်းသဘောတူညီချက်၏ ရည်ရွယ်ချက်နှင့်/သို့မဟုတ်

ယင်းသဘောတူညီချက်၏ အကျိုးသက်ရောက်ပုံတို့ကို တတ်နိုင်သမျှ စိစစ်ဖော်ထုတ်သင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် သဘောတူညီချက်တစ်ခုသည် ဥပဒေအား ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ထားခြင်း ရှိမှသာလျှင် သို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်မှုအပေါ်၌ သိသိသာသာအဟန့်အတားဖြစ်စေခြင်း၊ ပျက်ယွင်းစေခြင်း သို့မဟုတ် ကန့်သတ် ချုပ်ခြယ်ရာရောက်ခြင်းတို့ကို စိစစ်တွေ့ရှိမှသာလျှင် ယင်းသဘောတူညီချက်သည် ဥပဒေအား အမှန်တကယ် ချိုးဖောက်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်နိုင်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဈေးကွက်ယှဉ်ပြိုင်မှုအပေါ်၌ သိသိသာသာ ဆိုးဆိုးရွားရွား ထိခိုက်မှုများ အမြဲတစေဖြစ်ပေါ်စေနိုင်သည်ဟု ယူဆနိုင်သည်။ "အမာခံကန့်သတ်ချုပ်ခြယ်မှုများ" ကိုလည်း သီးသန့်ဖော်ထုတ်သတ်မှတ်ထားရမည်ဖြစ်ပြီး ယင်းတို့ကိုမူ ပင်ကိုသဘောအရ ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု မှတ်ယူပြီးလျှင် လိုအပ်သလိုဆက်လက်ဆောင်ရွက်ရပါမည်။ (ဥပမာ - ပုံသေဈေးနှုန်းသတ်မှတ်ခြင်း၊ လေလံ ကစားခြင်း၊ ဈေးကွက်မျှဝေခြင်း၊ ကုန်ထုတ်လုပ်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတို့အား ကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းတို့ ဖြစ်သည်။) ဤနေရာ၌ —

၃-၂-၂-၁။ "ပုံသေဈေးနှုန်းသတ်မှတ်ခြင်း" ဆိုသည်မှာ ဈေးနှုန်းကိုယ်တိုင်ကိုဖြစ်စေ သို့မဟုတ် ယင်းဈေးနှုန်းအား ဖြစ်ပေါ်နေစေသည့် အရာများကိုဖြစ်စေ ပုံသေသတ်မှတ်ပေးခြင်းဖြစ်ပြီး ယင်း၌ လျှော့ဈေးတစ်ခု သတ်မှတ်ခြင်းဖြစ်စေ သို့မဟုတ် မည်ရွေ့မည်မျှအထိ မိမိတက်စေလိုသည့် ဈေးနှုန်းပမာဏ (သို့) ရာခိုင်နှုန်းအား သတ်မှတ်ထားရှိခြင်း ဖြစ်စေ သို့မဟုတ် မိမိမကျော်လွန်စေလိုသည့် ဈေးနှုန်းအတိုင်းအတာတစ်ခုအား သတ်မှတ်ထားရှိခြင်းဖြစ်စေ ဖြစ်နိုင် ပါသည်။

၃-၂-၂-၂။ "လေလံကစားခြင်း" ဆိုသည်မှာ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုခု လေလံအောင်နိုင် စေရေးအတွက် ဘေးမှပံ့ပိုးပေးသည့်အနေဖြင့် အယောင်ပြလေလံဆွဲခြင်းကို ဆိုလိုသည်။ တင်ဒါလျှောက်ထားရာ၌ မဖြစ်မနေ ဆောင်ရွက်သင့်သည့်ပုံစံအရဆိုလျှင်မူ တင်လျှောက်ထားသူများသည် လေလံပြင်ဆင်မှုနှင့် လျှောက်ထားမှု များကို သီးခြားလွတ်လပ်စွာ ပြုလုပ်ကြရမည်ဖြစ်သည်။

၃-၂-၂-၃။ "ဈေးကွက်မျှဝေခြင်း" ဆိုသည်မှာ နေထိုင်ရာနယ်နိမိတ်များအရဖြစ်စေ၊ စားသုံးသူအမျိုးအစားနှင့် အရွယ် အစားအရဖြစ်စေ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဈေးကွက်များမျှဝေရန် သဘောတူညီချက်များ ထားရှိ ခြင်းကို ဆိုလိုသည်။

၃-၂-၂-၄။ "ကုန်ထုတ်လုပ်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတို့အားကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း" ဆိုသည်မှာ ကုန်ထုတ်လုပ်မှုအဆင့်များအား ပုံသေသတ်မှတ်ပေးထားခြင်းဖြင့်ဖြစ်စေ သို့မဟုတ် ခွဲတမ်းများသတ်မှတ်ပေးထားခြင်း ဖြင့်ဖြစ်စေ ကုန်ထုတ်လုပ်မှုကိုထိန်းချုပ်လိုသည့် သို့မဟုတ် ထုတ်ကုန်ပမာဏကိုကန့်သတ်လိုသည့် သဘောတူညီ ချက်များကိုဆိုလိုခြင်း ဖြစ်နိုင်သလို ဖွဲ့စည်းတည်ဆောက်ပုံအရ လိုသည်ထက်ပို၍ကုန်ထုတ်နိုင်စွမ်းနှင့်ပတ်သက်၍

သို့မဟုတ် အနာဂတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့်စပ်လျဉ်း၍ သဘောတူညီချက်များထားရှိခြင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်ပါသည်။

၃-၂-၃။ ပင်ကိုယ်အားဖြင့် တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ယူဆထားပြီးဖြစ်သည့် အမာခံကန့်သတ် ချုပ်ချယ်မှုများကို အပထား၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် (ဥပမာ - ဈေးကွက်ရှယ်ယာသတ်မှတ်အဆင့်များနှင့် စွမ်းဆောင်ရည်ပိုင်း ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကဲ့သို့) "ကျိုးကြောင်းဖြင့်လက်ခံကျင့်သုံးသည့်နည်း" အရဖြစ်စေ၊ (ဥပမာ - သိသိသာသာ အကျိုးသက်ရောက်မှု ရှိ-မရှိ စစ်ဆေးခြင်းကဲ့သို့) လက်ခံဆောင်ရွက်သည့် အပိုင်း၌ ဘေးကင်းစိတ်ချရစေရေးအတွက် ပြဋ္ဌာန်းချက်များထားရှိ၍ဖြစ်စေ သဘောတူညီချက်များအား စိစစ်လေ့လာရန် ဆုံးဖြတ်ကြရပါမည်။ ဥပမာဆိုရသော် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများ၏ သဘောတူညီချက်တစ်ခုကြောင့် သက်ဆိုင်ရာမည်သည့်ဈေးကွက်တွင်မဆို သက်ရောက်မှုရှိနိုင်မည်ဟု ယူဆထားသည့် ရာခိုင်နှုန်းအတိုင်းအတာထက်ပိုမိုသွားပါက ယင်းသဘောတူညီချက်အား ဈေးကွက်အတွင်း၌ သိသိသာသာ အကျိုးသက်ရောက်မှုရှိစေသည့် သဘောတူညီချက်ဟူ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဆုံးဖြတ်လက်ခံကြရပါမည်။ ဤနေရာ၌ —

၃-၂-၃-၁။ "ဈေးကွက်ရှယ်ယာ" ဆိုသည်မှာ သက်ဆိုင်ရာဈေးကွက်အတွင်းရှိ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများမှ ရောင်းချထားသော သို့မဟုတ် ဝယ်ယူထားသော သက်ဆိုင်ရာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ၏ ပမာဏ သို့မဟုတ် တန်ဖိုးများအား ယင်းဈေးကွက်အတွင်းရှိ အဆိုပါ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ၏ စုစုပေါင်းပမာဏ သို့မဟုတ် စုစုပေါင်းတန်ဖိုး၏ ရာခိုင်နှုန်းဖြင့် ဖော်ပြထားခြင်းကို ဆိုလိုပါသည်။

၃-၂-၃-၂။ "သက်ဆိုင်ရာဈေးကွက်" ဆိုသည်မှာ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအကြား ဈေးကွက်ပြိုင်ဆိုင် ဆောင်ရွက်လျက်ရှိသည့် ကုန်ပစ္စည်းနယ်ပယ်အပိုင်းအခြားနှင့် ပထဝီနယ်နိမိတ်ကို ဆိုလိုသည်။ ယင်းသို့ သက်ဆိုင်ရာဈေးကွက်အား အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ခြင်းသည် အဆိုပါ လုပ်ငန်းများအကြားရှိ ဈေးကွက်ယှဉ်ပြိုင်မှု နယ်ပယ်များကို ဖော်ထုတ်သတ်မှတ်ပေးရန်နှင့် ဈေးကွက်ယှဉ်ပြိုင်ရေး ပတ်ဝန်းကျင်၌ ၎င်းတို့၏ လက်တွေ့အကျိုးသက်ရောက်မှုများကို စိစစ်ဖော်ထုတ်ရန်အတွက် အထူးအရေးကြီးပါသည်။ ဖော်ပြပါ ပထဝီနယ်နိမိတ်တစ်ခုအတွင်း ဈေးကွက်ယှဉ်ပြိုင်ဆောင်ရွက်နေသည့် သက်ဆိုင်ရာကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု သို့မဟုတ် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု အမျိုးအစားကိုလိုက်၍ အဆိုပါ သက်ဆိုင်ရာဈေးကွက်အား ဖော်ထုတ်သတ်မှတ်ခြင်းကို ပြုလုပ်ပါသည်။ ထိုသို့ "သက်ဆိုင်ရာဈေးကွက်" အားအဓိပ္ပာယ်ဖွင့်ဆိုရာတွင် အကြောင်းအရာအမြောက်အများကိုပါ ထည့်သွင်းစဉ်းစားထားရပါသည်။ ယင်းတို့မှာ သက်ဆိုင်ရာဈေးကွက် လှုပ်ရှားမှုများကိုလိုက်၍ စီးပွားရေးချယ်လှယ်ဆောင်ရွက်သူများ၏ တုံ့ပြန်မှုများ၊ ဝယ်လိုအား၏ လူမှုရေးနှင့်ယဉ်ကျေးမှု ဂိုသေသလက္ခဏာများ၊ သယ်ယူပို့ဆောင်ရေးစရိတ်ကဲ့သို့ ဈေးကွက်ဝင်ရောက်လာမှုကို အဟန့်အတားဖြစ်စေမည့်အရာများ ရှိခြင်း/မရှိခြင်း စသည်တို့ ဖြစ်သည်။

၃-၂-၃-၃။ "သက်ဆိုင်ရာကုန်ပစ္စည်းဈေးကွက်" (ကုန်ပစ္စည်းဟုဆိုရာ၌ ဝန်ဆောင်မှုလုပ်ငန်းပါ ပါဝင်နေသည်ဟု မှတ်ယူရမည်) ဟူသည် သက်ဆိုင်ရာဈေးကွက်ကို သတ်မှတ်ရာ၌ ပထမဦးစွာ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာတစ်ခု ဖြစ်သည်။ စားသုံးသူများက အပြန်အလှန်ဖလှယ်နိုင်သည် သို့မဟုတ် အစားထိုးလဲလှယ်နိုင်သည်ဟု မှတ်ယူထားသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများအား ယင်းတို့၏ ဂုဏ်သတ္တိလက္ခဏာ ဈေးနှုန်းနှင့် ရည်ရွယ်ထားသည့် အသုံးကိုလိုက်၍ ယင်းတို့၏ အနယ်နယ်အပိုင်းအခြားကို ဖော်ထုတ်သတ်မှတ်ပေးခြင်းဖြင့် အဆိုပါ သက်ဆိုင်ရာကုန်စ္စည်းဈေးကွက်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

၃-၂-၃-၄။ "သက်ဆိုင်ရာပထဝီနယ်နိမိတ်အလိုက်ဈေးကွက်" ဆိုသည်မှာ စားသုံးသူများက အပြန်အလှန်ဖလှယ်နိုင်သည် သို့မဟုတ် အစားထိုးလဲလှယ်နိုင်သည်ဟူ၍ မှတ်ယူထားသည့် သက်ဆိုင်ရာကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများအား ရောင်းဝယ်ရာတွင် ယင်း၏ဆက်စပ်လုပ်ငန်းစုများ ပါဝင်နေသည့် နယ်နိမိတ်အပိုင်းအခြားကို ဆိုလိုပါသည်။ ထိုသို့ ရောင်းဝယ်ကြရာ၌ ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များသည် ယှဉ်ပြိုင်ရာနယ်နိမိတ်အတွင်း၌ တစ်သားတည်းဖြစ်နေဖို့လိုပြီး ယင်းနယ်နိမိတ်၏ နီးစပ်ရာဒေသများမှ ပြဋ္ဌာန်းချက်များနှင့်လည်း သိသိသာသာ ကွဲပြားခြားနားမှု ရှိနေရပါမည်။ "သက်ဆိုင်ရာပထဝီနယ်နိမိတ်အလိုက် ဈေးကွက်" ဟူသည် စစ်ဆေးမှုအရ သက်ဆိုင်ရာ ကုန်ပစ္စည်းကိုမူတည်၍ဖြစ်စေ၊ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချရာ၌ အစားထိုးအသုံးပြုသည့် ကုန်ပစ္စည်းများ၏ သဘောသဘာဝကို မူတည်၍ဖြစ်စေ သို့မဟုတ် သီးခြားအကြောင်းအရာများ ရှိခြင်း/မရှိခြင်းကို မူတည်၍ဖြစ်စေ ဒေသန္တရအဆင့်၊ နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့်သာမက ကမ္ဘာ့အဆင့် ဈေးကွက်များအထိ ဖြစ်သွားနိုင်ပါသည်။ သီးခြားအကြောင်းအရာများဆိုသည်မှာ ဥပမာအားဖြင့် သယ်ယူပို့ဆောင်ရေး စရိတ်များ၊ အခွန်အတုပ် သို့မဟုတ် ဥပဒေအရကြားခံအဖြစ်ထားရှိရသည့် သတ်မှတ်ချက်များနှင့် အရေးယူ ဆောင်ရွက်ချက်များကို ဆိုလိုပြီး ယင်းတို့သည် သွင်းကုန်လုပ်ငန်းများကြောင့် ပြည်တွင်း၌ ဈေးကွက်အင်အား အသုံးချမှုကို ထိခိုက်စေနိုင်သည့်အရေးကို ကာကွယ်ပေးထားပါသည်။

၃-၂-၄။ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့်သဘောတူညီချက်များအား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှတားမြစ်ကြရာတွင် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအသင်းအဖွဲ့များ၏ ဆုံးဖြတ်ချက်များကိုပါ ခြုံငုံမိသွားစေနိုင်ပါသည်။ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအသင်းအဖွဲ့များဟု ဆိုရာ၌လည်း အတွေ့ရအများဆုံးမှာ ကုန်သွယ်ရေးအသင်းအဖွဲ့များဖြစ်ပြီး ယင်းကုန်သွယ်ရေးအသင်းအဖွဲ့များနှင့် အခြားအသင်းအဖွဲ့များသည် ၎င်းတို့၏ စက်မှုကဏ္ဍများ၌ အပြိုင်အဆိုင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ တရားဝင်လုပ်ငန်းတာဝန်များကို အများအားဖြင့် ဆောင်ရွက်လေ့ရှိကြပါသည်။ သို့သော် ဤနေရာ၌ ယင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းအချို့သည် ဥပဒေကို ချိုးဖောက်ရန်အတွက် ပူးပေါင်းကြံစည်ဆောင်ရွက်ခြင်းမျိုးလည်း ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ အသင်းအဖွဲ့များကိုယ်တိုင်ကလည်း ဥပဒေကို ချိုးဖောက်ရာရောက်သည့် လုပ်ဆောင်ချက်များအတွက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြစ်စေ သို့မဟုတ် သက်ဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြစ်စေ ဆောင်ရွက်ထားနိုင်

ပါသည်။ အသင်းအဖွဲ့တစ်ခုမှ ချမှတ်သော ဆုံးဖြတ်ချက်တစ်ခု၌ ယင်းအသင်းအဖွဲ့တွင် ပါဝင်နေသော လုပ်ငန်းများ၏ အခြေခံဥပဒေဖြစ်စေ သို့မဟုတ် စည်းမျဉ်းများဖြစ်စေ သို့မဟုတ် ယင်းအသင်းအဖွဲ့၏ အကြံပြုချက်များဖြစ်စေ ပါဝင်နိုင်ပါသည်။

၃-၂-၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများကြား ဆိုခဲ့ပြီးသည့် သဘောတူညီချက်အဆင့်အထိ မရောက်သေးသော်လည်း သွယ်ဝိုက်သောနည်းဖြင့် နားလည်မှုယူထားခြင်း သို့မဟုတ် စီစဉ်ထားခြင်း တစ်နည်းအားဖြင့် ပူးပေါင်းကြံစည်ထားခြင်းတို့အတွက် တားမြစ်ချက်ကိုပါပြဋ္ဌာန်းချက်ကိုပါ ထည့်သွင်းကျင့်သုံးကြရပါမည်။

## ၃-၃။ အသာစီးအနေအထားရရှိမှုအပေါ် အလွဲသုံးစားပြုမှုခြင်းအတွက် တားမြစ်ခြင်း

၃-၃-၁။ အသာစီးအနေအထား ရရှိထားမှုအပေါ် အလွဲသုံးစားပြုမှုခြင်းအတွက် တားမြစ်ချက်များထားရှိရန် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထည့်သွင်းစဉ်းစားထားသင့်ပါသည်။ ဤနေရာ၌ —

၃-၃-၁-၁။ "အသာစီးအနေအထားရရှိမှု" ဆိုသည်မှာ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများမှ တစ်သီးပုဂ္ဂလအနေဖြင့်ဖြစ်စေ၊ အခြားလုပ်ငန်းများနှင့် ပူးပေါင်း၍ဖြစ်စေ သက်ဆိုင်ရာကုန်စည် (များ) သို့မဟုတ် ဝန်ဆောင်မှု(များ) ဈေးကွက်ရှိ ပြိုင်ဆိုင်ဆောင်ရွက်ရေးသတ်မှတ်ချက်ဘောင်များအား တစ်ဖက်သတ်ထိခိုက်အောင် ဆောင်ရွက်နိုင်မည့် ဈေးကွက်အင်အားကိုရရှိထားသည့် အခြေအနေကိုဆိုလိုသည်။ ဥပမာ ဈေးကွက်ယှဉ်ပြိုင်မှုအဆင့်ကိုကျော်၍ မိမိကိုယ်ကျိုးအတွက် ဈေးနှုန်းများတန့်ထားနိုင်ခြင်း သို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်မှုအဆင့် အောက်နိမ့်၍ ကုန်ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို ကန့်သတ်ချုပ်ခြယ်နိုင်ခြင်းတို့ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ၌ ဈေးကွက်ရှယ်ယာသတ်မှတ်အဆင့် စမ်းသပ်စစ်ဆေးမှုတစ်ခုကို "စတိသဘောဖြစ်စေ၊အရှိသဘောဖြစ်စေ" ထည့်သွင်းထားရှိရန် သင့်-မသင့်ကိုလည်း စဉ်းစားထားကြရပါမည်။

၃-၃-၁-၂။ အသာစီးအနေအထား ရရှိထားခြင်းအပေါ်"အလွဲသုံးစားပြုမှုခြင်း" ဟုဆိုရာ၌ "အလွဲသုံးစားပြုမှုခြင်း" ဟူသည် အသာစီးရထားသည့် လုပ်ငန်းစုတစ်ခုက တစ်သီးပုဂ္ဂလအနေနှင့်ဖြစ်စေ၊ အခြားလုပ်ငန်းများနှင့် ပူးပေါင်း၍ဖြစ်စေ သက်ဆိုင်ရာဈေးကွက်အတွင်း၌ ယင်း၏အနေအထားကို အသုံးပြု၍ ကိုယ်ကျိုးရှာအမြတ်ထုတ်ခြင်း သို့မဟုတ် အခြားဈေးကွက်ယှဉ်ပြိုင်နေသူများအား ပထုတ်ခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်စဉ်တစ်ခုလုံးအား ဆိုးကျိုးသက်ရောက်စေခြင်းတို့ကို ဆိုလိုပါသည်။ အသာစီးရရှိထားသည့် လုပ်ငန်းစုများ၏ ကျင့်သုံးဆောင်ရွက်နေပုံများသည် အလိုလိုအလွဲသုံးစားပြုရာ ရောက်နေသည်ဟုယူဆ၍ အရေးယူဆောင်ရွက်ခြင်းထက် ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍ

တွင် အမှန်တကယ် ထိခိုက်မှုရှိနေသည့် သို့မဟုတ် ထိခိုက်မှုဖြစ်စေရန်အလားအလာရှိသည့် ကျင့်သုံးဆောင်ရွက်နေပုံများကို ထည့်သွင်းစဉ်းစားခြင်းက ပို၍သင့်လျော်ပါသည်။

၃-၃-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အောက်ဖော်ပြပါ ပြုမူဆောင်ရွက်နေပုံများကို စာရင်းပြုစု ဖော်ပြပေးထားရပါမည်။

၃-၃-၂-၁။ စားသုံးနေသူများအပေါ်တွင်ဖြစ်စေ၊ စားသုံးသူနှင့် ဈေးကွက်ယှဉ်ပြိုင်ဆောင်ရွက်နေသူများအပေါ်တွင် ဖြစ်စေ ကိုယ်ကျိုးရှာအမြတ်ထုတ်လိုသည့် အပြုအမူ (ဥပမာ - လိုသည်ထက်ပိုသည့် သို့မဟုတ် မမျှတသည့် ဂယ်ဈေး သို့မဟုတ် ရောင်းဈေးများ သတ်မှတ်ထားခြင်း သို့မဟုတ် မမျှတသော ကုန်သွယ်ရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များဖြင့် ချည်တုပ်ထားခြင်း)

၃-၃-၂-၂။ ဈေးကွက်ယှဉ်ပြိုင်ဆောင်ရွက်နေသူများအား ပထုတ်လိုသည့် အပြုအမူ (ဥပမာ - တာဂန်ယူဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုအနေဖြင့် အခြားလုပ်ငန်းတစ်ခု သို့မဟုတ် ထို့ထက်ပိုသော လုပ်ငန်းများအား ဈေးကွက်အတွင်းမှထွက်သွားစေရန် ရည်ရွယ်၍ ယာယီအားဖြင့် ဈေးနှုန်းများ မတော်မတရား လျှော့ချခြင်းဖြင့် တမင်တကာ ဈေးကွက်ပျက်ပြားစေခြင်းကို ဆိုလိုသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ၎င်းအနေဖြင့် ရေရှည်တွင် ဈေးကြီးကြီးနှင့်ရောင်းချနိုင်ရန်ဖြစ်ပြီး ယင်းကို ရှပ်ချည်နှပ်ချည်ဈေးကစားခြင်းဟုလည်း ခေါ်နိုင်သည်)

၃-၃-၂-၃။ ခွဲခြားလိုသည့် အပြုအမူ (ဥပမာ - အလားသဏ္ဍာန်တူညီမှုရှိသည့် ရောင်းဂယ်ဖောက်ကားမှုများအတွက် မတူညီသော ဈေးနှုန်းသတ်မှတ်ချက်များ သို့မဟုတ် ပြဋ္ဌာန်းချက်များကျင့်သုံးခြင်း၊ယင်းနှင့်အပြန်အလှန်အားဖြင့် တူညီသောဈေးနှုန်းသတ်မှတ်ချက်နှင့် ပြဋ္ဌာန်းချက်များအား မတူညီသော ရောင်းဂယ်ဖောက်ကားမှု လုပ်ငန်းများအတွက် အသုံးပြုခြင်း)

၃-၃-၂-၄။ စားသုံးသူများ အကျိုးယုတ်လျော့စေရန် ရည်ရွယ်၍ ကုန်ထုတ်လုပ်မှု၊ ဈေးကွက် သို့မဟုတ် နည်းပညာ တိုးတက်မှုများအား ကန့်သတ်ခြင်း (ဥပမာ - ဖြန့်ဖြူးရောင်းချမှုအား တရားမဂင်ကန့်သတ်ခြင်း သို့မဟုတ် ကုန်ထုတ်လုပ်မှုပမာဏကို ကန့်သတ်ခြင်း၊ နည်းပညာအသစ် စတင်ကျင့်သုံးမှု သို့မဟုတ် ဆက်လက်တိုးတက်ဖြစ်ထွန်းစေမှုကို တရားမဂင်ကန့်သတ်ခြင်း)

## ၃-၄။ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖယ်သည့် စုပေါင်းလုပ်ငန်းများအား တားမြစ်ခြင်း

၃-၄-၁။ စုပေါင်းလုပ်ငန်းများဆိုသည်မှာ မူအားဖြင့်ဆိုလျှင် စီးပွားလည်ပတ်ဆောင်ရွက်နေသူများအကြားရှိ တရားဂင် ကူးသန်းရောင်းဂယ်ဖောက်ကားမှုများကို ဆိုလိုသည်။ သို့ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခြွင်းချက်အဖြစ် ခွင့်ပြုထားခြင်းမျိုး မဟုတ်ပါက သက်ဆိုင်ရာဈေးကွက်အတွင်း၌ သို့မဟုတ် ယင်းဈေးကွက်၏ ကဏ္ဍအတော်များများ၌ ဈေးကွက်ယှဉ်ပြိုင်မှုကို သိသိသာသာလျော့ကျသွားစေမည့် သို့မဟုတ် သိသိသာသာအဟန့်အတား ဖြစ်စေ

မည့် အလားအလာရှိသည့် စုပေါင်းလုပ်ငန်းများအား တားမြစ်ထိန်းချုပ်နိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစား ထားရပါမည်။ ဤနေရာ၌ —

၃-၄-၁-၁။ "စုပေါင်းလုပ်ငန်းများ" ဆိုသည်မှာ ယခင်က သီးခြားလွတ်လပ်စွာတည်ရှိခဲ့သည့် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လုပ်ငန်းများအချင်းချင်း အတူတကွပူးပေါင်းလုပ်ဆောင်ကြသည့် အခြေအနေကိုဆိုလိုသည်။ ကုမ္ပဏီနှစ်ခုမှ လုပ်ငန်းတစ်ခုတည်းအဖြစ် တရားဝင်ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်ခြင်း (စုပေါင်းလုပ်ငန်းများ) ဖြစ်စေ၊ လုပ်ငန်းစုတစ်ခုမှ အခြားလုပ်ငန်းစုတစ်ခုပေါ်တွင် တစ်ဦးတည်းထိန်းချုပ်ကွပ်ကဲခွင့် ("ဦးစီးဆောင်ရွက်ခွင့်" သို့မဟုတ် "လွှဲပြောင်းတာဝန်ယူခွင့်") ရှိထားခြင်းမျိုးဖြစ်စေ၊ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လုပ်ငန်းများမှ ၎င်းတို့အချင်းချင်း ပူးတွဲထိန်းချုပ်ကွပ်ကဲခွင့်ရှိသည့် ("ပူးတွဲလုပ်ငန်းများ") ပုံစံဖြင့်ဖြစ်စေ၊ သို့မဟုတ် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ငန်းများက အခြား တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ငန်းများအပေါ်၌ ဒါရိုက်တာလူကြီးအဖွဲ့အချင်းချင်း ချိတ်ဆက်၍ ပူးပေါင်းထိန်းချုပ်ခြင်းဖြစ်စေ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသည်။

၃-၄-၂။ စုပေါင်းလုပ်ငန်းများကိုစိစစ်ရန် ဈေးကွက်ပြိုင်ဆိုင်မှု ထိန်းကွပ်ရေးအဖွဲ့အား တာဝန်ပေးအပ်ရာတွင် ယင်းစုပေါင်းလုပ်ငန်းများတွင်ပါဝင်နေသည့် လုပ်ငန်းစုများ၏ (ဆန္ဒအလျောက် သို့မဟုတ် မဖြစ်မနေ) သတိပေးအကြောင်းကြားချက်များ ပေးပို့မှုအရဖြစ်စေ သို့မဟုတ် ယင်းလုပ်ငန်းများ၏ တိုင်ကြားမှုအရဖြစ်စေ၊ ၎င်းတို့ကိုယ်ပိုင်အဆိုပြုချက်အရဖြစ်စေ ဆောင်ရွက်မည့် သီးခြားလုပ်ထုံးလုပ်နည်းတစ်ခုကိုလည်း သတ်မှတ်ထားရှိနိုင်ပါသည်။ ဤနေရာ၌ —

၃-၄-၂-၁။ "မဖြစ်မနေပေးပို့ရသည့် အသိပေးအကြောင်းကြားမှု" အရ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအား ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ထံမှ စုပေါင်းလုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက်မရသေးဘဲ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ ကာကွယ်ထားပါသည်။ ဤနည်းအားဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒမှသွေဖည်သည့် စုပေါင်းလုပ်ငန်းများအား ယင်းသို့ သွေဖည်မှု၏ အကျိုးဆက်အဖြစ် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှသတ်မှတ်ထားသည့် ခက်ခဲရှုပ်ထွေး၍ ငွေကြေးအကုန်အကျများသော အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ရသည့်အခါ၌ လိုက်ပါဆောင်ရွက်ရသည့် အခြေအနေမှ ကင်းလွတ်စေနိုင်ပါသည်။

၃-၄-၂-၂။ "ဆန္ဒအလျောက်ပေးပို့ရသည့် အသိပေးအကြောင်းကြားမှု" အရ လုပ်ငန်းများသည် စုပေါင်းလုပ်ငန်းစိစစ်မှုကို ကိုယ်တိုင်ဆောင်ရွက်ခွင့်ရှိပြီး စုပေါင်းလုပ်ငန်းအတွက် ခွင့်ပြုချက်ရရှိရန်အတွက် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ထံ အကြောင်းကြားသင့်/မကြားသင့်ကို ၎င်းတို့ဘာသာ ဆုံးဖြတ်ခွင့်ရှိကြပါသည်။ ဤနည်းအားဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ ပြဿနာများအား စုံစမ်းစစ်ဆေးရာတွင် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ အခွင့်

အာဏာကို အပဟန့်အတားမဖြစ်စေဘဲ လုပ်ငန်းစရိတ်စကများကို လျှော့ချပေးခြင်းဖြင့် အထောက်အကူပြုပေးနိုင်ပါသည်။

၃-၄-၃။ သိသိသာသာ အကျိုးသက်ရောက်မှုမရှိသည့် စုပေါင်းလုပ်ငန်းများအား စိစစ်ဖယ်ထုတ်သွားနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဖော်ပြပါ သတ်မှတ်အဆင့်ကို ကျော်လွန်သည့် စုပေါင်းလုပ်ငန်းများကိုသာ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားစေခြင်းနှင့် ယင်းစုပေါင်းလုပ်ငန်းများကိုသာ အဆိုပါ ထိန်းကွပ်ရေးအဖွဲ့မှ အတည်ပြုပေးစေခြင်းတို့ကို သတ်မှတ်ပြဋ္ဌာန်းပေးထားရပါမည်။ ဤနေရာ၌ သတ်မှတ်အဆင့်ဆိုသည်မှာ နောက်ဆုံးဘဏ္ဍာနှစ် ပြီးဆုံးသွားသည့်အချိန်၌ စုပေါင်းလုပ်ငန်းတွင် ပါဝင်နေသည့် လုပ်ငန်းအဖွဲ့များ၏ (အမျိုးသားအဆင့်နှင့် သို့မဟုတ် ကမ္ဘာ့အဆင့်) အနှုတ်အသိမ်းငွေပမာဏ၊ ယင်းလုပ်ငန်းများ၏ ဈေးကွက်ရှယ်ယာများ သို့မဟုတ် ယင်းသတ်မှတ်ချက်နှစ်ရပ်လုံး ပါဝင်သည့် အခြေအနေကို ဆိုလိုသည်။ ဥပမာအားဖြင့် GDP လျော့နည်းမှုပြအညွှန်းကိန်း မြင့်တက်လာပါက အဆိုပါ သတ်မှတ်အဆင့်များကို လိုသလိုချိန်ညှိပေးနိုင်ပါသည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ စိစစ်မှုခံယူရသည့် လုပ်ငန်းစု များအား အတည်ပြုချက်မရမချင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်မရှိစေသည့် လုပ်ငန်းဆိုင်းငံ့ထားရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များ စတင်ကျင့်သုံးနိုင်ရန်အတွက်လည်း ထည့်သွင်းစဉ်းစားထားရပါမည်။

၃-၄-၄။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ စုပေါင်းလုပ်ငန်းတစ်ခုအား လုပ်ငန်းရပ်တန့်စေနိုင်မည့် သို့မဟုတ် ခွင့်ပြုချက်ပေးရသည့်အပိုင်း၏ ကဏ္ဍတစ်ရပ်အနေဖြင့် အဆိုပါ စုပေါင်းလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းစုများအား ၎င်းတို့ စုပေါင်းလုပ်ကိုင်ရာမှ ပေါ်ပေါက်လာသည့် ဈေးကွက်ယှဉ်ပြိုင်မှု ပြဿနာမှန်သမျှကို ကိုင်တွယ်ဖြေရှင်းရန် ၎င်းတို့ထံမှ ဝန်ခံကတိပြုချက်များရယူထားသည့် သို့မဟုတ် ထိုသို့ ကိုင်တွယ်ဖြေရှင်းရန် ပြဋ္ဌာန်းချက်များ ချမှတ်ထားသည့် သီးခြားလုပ်ထုံးလုပ်နည်းတစ်ခုကိုလည်း ထားရှိရပါမည်။

၃-၄-၅။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့သည် (အနှုတ်အသိမ်းငွေပမာဏနှင့် သို့မဟုတ် ဈေးကွက်ရှယ်ယာ သတ်မှတ်အဆင့်များကို အခြေခံ၍ ကနဦးအဆင့်၌ပင် ဖြေရှင်းရခက်သည့် ဈေးကွက်ယှဉ်ပြိုင်ရေး ပြဿနာများ မပေါ်ထွက်လာစေရန်အတွက် ရိုးရှင်းလွယ်ကူအောင် ပြုလုပ်ထားသည့် စာရင်းဖြည့်သွင်းမှုစနစ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ အဆိုပါ ရိုးရှင်းလွယ်ကူအောင် ပြုလုပ်ထားသည့် စာရင်းဖြည့်သွင်းမှု စနစ်၌ ယေဘုယျအားဖြင့် စောင့်ဆိုင်းကာလ ပိုမိုတိုတောင်းစေရန် သတ်မှတ်ပေးထားခြင်းနှင့် အသိပေးအကြောင်းကြားစာတွင် သတင်းအချက်အလက်ကိုအနည်းငယ်သာ ရေးသွင်းတင်ပြစေခြင်းတို့ကြောင့် တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများအနေဖြင့် ယင်းအကြောင်းကြားစာအား ဖြည့်သွင်းရာ၌ အချိန်နှင့်စရိတ်စက ကုန်ကျမှုများကို လျော့နည်းစေနိုင်ပါသည်။

## ၃-၅။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ကျင့်သုံးခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် ချန်လှပ်ထားခြင်း

၃-၅-၁။ ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် အဆိုပါ မူဝါဒရှိ စည်းမျဉ်းများမှ ကွဲလွဲမှုရှိနေနိုင်သည့် အခြားသော တရားဝင်ပြဋ္ဌာန်းထားသည့်မူဝါဒများအား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လိုက်နာစေရာ၌ အဟန့်အတားမဖြစ်စေသင့်ပါ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သီးခြားစက်မှုလုပ်ငန်းများ သို့မဟုတ် သီးခြားလုပ်ငန်းဆောင်ရွက်မှုများအတွက် ရည်ရွယ်သည့် ကင်းလွတ်ခွင့် သို့မဟုတ် ချန်လှပ်ထားခွင့်များ ရှိနေစေရပါမည်။ အဆိုပါ သီးခြားစက်မှုလုပ်ငန်းများ သို့မဟုတ် သီးခြားလုပ်ငန်းဆောင်ရွက်မှုများအတွက် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ၌ ကင်းလွတ်ခွင့် သို့မဟုတ် ချန်လှပ်ထားခြင်းများ ပေးအပ်ထားရခြင်းအတွက် အဓိကအကြောင်းအရင်းများတွင် မဟာဗျူဟာမြောက်၍ အမျိုးသားအကျိုးစီးပွားများနှင့်ဆက်စပ်သည့် အကြောင်းအရာများနှင့် လုံခြုံရေးအရ၊ ပြည်သူ့ရေးရာအရ၊ စီးပွားရေးနှင့် လူမှုရေးရ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများပါဝင်သည်။ ဥပမာအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေပြုရေးကဏ္ဍတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားရပါမည်။

၃-၅-၁-၁။ တာဝန်ယူဆောင်ရွက်ရသည့် မည်သည့်လုပ်ငန်းကမဆို အထွေထွေစီးပွားရေးကဏ္ဍ၏ အကျိုးဖြစ်ထွန်းစေမည့် ဝန်ဆောင်မှုလုပ်ငန်းများကို ရည်စူးလုပ်ကိုင်နေ၍ဖြစ်စေ သို့မဟုတ် အခွန်ဘဏ္ဍာထွက်စေသည့် တစ်ဦးတည်းမူပိုင်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေ၍ဖြစ်စေ အရည်အသွေးမှီ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးကို သင့်တော်သည့်နှုန်းထားဖြင့် အများသူငှာ အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်းကဲ့သို့ ယင်းအား ဥပဒေအရ သို့မဟုတ် တစ်နည်းနည်းအရ တာဝန်ခွဲအပ်ပေးထားသည့် လုပ်ငန်းများအား ဆောင်ရွက်လုပ်ကိုင်နေသရွေ့ ယင်းတို့၏ လုပ်ဆောင်မှုကို ကန့်သတ်ရာရောက်သည့် တားမြစ်ချက်များ မကျင့်သုံးစေရပါ။

၃-၅-၁-၂။ တရားဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်အညီ အစီအစဉ်တကျ ပြုလုပ်ထားသည့် သဘောတူညီချက်များ သို့မဟုတ် ကျင့်သုံးဆောင်ရွက်မှုများအတွက် တားမြစ်ချက်များ မကျင့်သုံးစေရပါ။ ဤနေရာ၌ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ဆိုသည်မှာ စာဖြင့် ရေးသားပြဋ္ဌာန်းထားသည့် ဥပဒေအရဖြစ်စေ သို့မဟုတ် တရားရေးအာဏာပိုင်အဖွဲ့မှဖြစ်စေ သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆိုလိုသည်။

၃-၅-၁-၃။ တားမြစ်ချက်များ ကျင့်သုံးခြင်းဖြင့် နိုင်ငံတကာ၌ တာဝန်ယူဆောင်ရွက်နေမှုများအပေါ်၌ ပဋိပက္ခတစ်ခုခု ဖြစ်ပေါ်လာစေမည်ဆိုပါက ယင်းတားမြစ်ချက်များအား အဆိုပါ သဘောတူညီမှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်နေမှုများတွင် မကျင့်သုံးစေရပါ။

၃-၅-၁-၄။ သီးခြားပြည်သူ့မူဝါဒ အကြောင်းတရားများအပေါ် အခြေခံသည့် သဘောတူညီမှုများ သို့မဟုတ် ကျင့်သုံးဆောင်ရွက်နေမှုများအတွက် တားမြစ်ချက်များ မကျင့်သုံးစေရပါ။

၃-၅-၁-၅။ လုပ်ခလစာများ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ အလုပ်သမားများက စုပေါင်းအရေးဆိုမှုများ ရှိလာပါက ယင်းတို့အပေါ်၌ တားမြစ်ချက်များ မကျင့်သုံးစေရပါ။

၃-၅-၂။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အား အဆိုပါသဘောတူညီချက်များအား စိစစ်ရန် တာဝန်ပေးအပ်ရာတွင် ယင်းသဘောတူညီချက်တွင် ပါဝင်သည့် အစုအဖွဲ့များမှ (ဆန္ဒအလျောက် သို့မဟုတ် မဖြစ်မနေ) ပေးပို့ရသည့် အသိပေးအကြောင်းကြားမှုအရဖြစ်စေ သို့မဟုတ် ယင်းအဖွဲ့များ၏ တိုင်းကြားမှုအရဖြစ်စေ၊ ၎င်းတို့ကိုယ်ပိုင် အဆိုပြုချက်အရဖြစ်စေ ဆောင်ရွက်စေနိုင်မည့် သီးခြားလုပ်ထုံးလုပ်နည်းတစ်ခု ထားရှိရပါမည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ အတည်ပြုချက်ထွက်ပေါ်လာပြီးမှသာ အဆိုပါ သဘောတူညီများအကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်းကိုလည်း ပြဋ္ဌာန်းသတ်မှတ်ပေးထားရပါမည်။

၃-၅-၃။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကျိုးတရားများ ဟန်ချက်ညီညီ ဖြစ်ပေါ်စေမည့် အချို့သော သဘောတူညီချက်များနှင့် ကျင့်သုံးဆောင်ရွက်ပုံများထံ ကင်းလွတ်ခွင့် သို့မဟုတ် ချန်လှပ်ထားခွင့်များ ပေးအပ်ထားနိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ခုကိုလည်း သတ်မှတ်ထားရှိရပါမည်။ ဤနေရာ၌ ထုတ်လုပ်မှု သို့မဟုတ် ဖြန့်ချိမှုတွင် ပါဝင်သည့် သို့မဟုတ် မြှင့်တင်ပေးနိုင်သည့် သဘောတူညီချက်များကိုဖြစ်စေ သို့မဟုတ် နည်းပညာ သို့မဟုတ် စီးပွားရေးဆက်လက်ဖွံ့ဖြိုးတိုးတက်မှုကို မြင့်တက်စေမည့် သဘောတူညီချက်များကိုဖြစ်စေရည်ရွယ်ပြီး ရရှိလာသည့် အကျိုးကျေးဇူးများအား စားသုံးသူများထံ မျှဝေခံစားစေခြင်းကို ဆိုလိုသည်။ အဆိုပါ ကင်းလွတ်ခွင့်များအား ရည်ရွယ်ထားသည့်အခြေအနေရောက်ရှိရန် မရှိမဖြစ်လိုအပ်သည့် သင့်လျော်သော အတိုင်းအတာတစ်ခုအထိသာ သက်ဆိုင်ရာ သက်ဆိုင်ရာလုပ်ငန်းများအား ခွင့်ပြုပေးထားရမည်ဖြစ်ပြီး အထက်ဖော်ပြပါ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ပမာဏ အတော်များများကို ဈေးကွက်ယှဉ်ပြိုင်မှုမှ ကွယ်ပျောက်သွားစေမည့် အလားအလာမျိုးဖြစ်ပေါ်စေမည့် ကျင့်သုံးဆောင်ရွက်မှုမျိုးကိုမူ မဖြစ်ပေါ်စေသင့်ပါ။

၃-၅-၄။ ဈေးကွက်ယှဉ်ပြိုင်ရေး ဥပဒေထားရှိခြင်း၏ ရည်ရွယ်ချက်မှာ ဈေးကွက်အတွင်း ချယ်လှယ်ဆောင်ရွက်နေသူများ၏ အပြုအမူများကို ထိန်းကွပ်ပေးရန် ဆိုသည်ကိုလည်းကောင်း၊ တားမြစ်ချက်များနှင့်ပတ်သက်၍ အစိုးရကိုဖြစ်စေ၊ ဥပဒေအဖွဲ့အစည်းများကိုဖြစ်စေ သို့မဟုတ် ၎င်းတို့ကိုယ်စား ဆောင်ရွက်ပေးနေရသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုဖြစ်စေ ကျင့်သုံးခြင်းမပြုရ ဆိုသည်ကိုလည်းကောင်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဆုံးဖြတ်လက်ခံထားကြရပါမည်။ ဥပမာအားဖြင့် ပြည်သူ့အင်အားများမှ ရရှိလာသည့် အထူးအခွင့်အာဏာများ ကျင့်သုံးဆောင်ရွက်နေသည့် သို့မဟုတ် ပြည့်သူ့ဝန်ဆောင်မှုကဏ္ဍ၏ ရည်ရွယ်ချက်များ ထမြောက်စေရန် ဆောင်ရွက်နေရသည့် အစိုးရအရာရှိများနှင့် ဥပဒေအဖွဲ့အစည်းများဖြစ်စေ သို့မဟုတ် ၎င်းတို့ကိုယ်စား ဆောင်ရွက်ပေးနေရသည့် ပုဂ္ဂိုလ်တစ်ဦး

တစ်ယောက်အတွက်ဖြစ်စေ အဆိုပါ တားမြစ်ချက်များမှ ချန်လှပ်ပေးထားရပါမည်။ အစိုးရ၏ ဆောင်ရွက်ချက်များက အချုပ်အချာအာဏာကျင့်သုံးမှုနှင့် ဆက်စပ်နေသမျှကာလပတ်လုံး အဆိုပါ ကင်းလွတ်ခွင့်များ တည်ရှိနေမည် ဖြစ်သည်။

၃-၅-၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းစုများအား ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအရ ကျင့်သုံးဆောင်ရွက်စေခြင်းမှကင်းလွတ်ခွင့်ပေးရန် ထည့်သွင်းစဉ်းစားထားရပါမည်။ ဤနည်းအားဖြင့် အဆိုပါ လုပ်ငန်းစုများက ကုမ္ပဏီကြီးများ သို့မဟုတ် အကြီးစားလုပ်ငန်းစုများနှင့် ယှဉ်ပြိုင်ဆောင်ရွက်သည့်အခါ၌ ၎င်းတို့၏ ဈေးကွက်ရရှိနိုင်မှုအခွင့်အလမ်းများ ပိုမိုမြင့်တက်လာမည်ဖြစ်ပြီး ဈေးကွက်အတွင်း၌ ၎င်းတို့၏ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေမည် ဖြစ်သည်။

၃-၅-၆။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ယင်းဥပဒေအရ လိုက်နာဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သီးခြားကဏ္ဍများနှင့် သို့မဟုတ် သီးသန့်စီးပွားရေးလုပ်ငန်းများအတွက် ယင်းဥပဒေကျင့်သုံးဆောင်ရွက်ခြင်းမှ အစုအဖွဲ့အလိုက် ကင်းလွတ်ခွင့်များ ထားရှိပေးနိုင်ပါသည်။ (တစ်နည်းအားဖြင့် ဥပဒေ သို့မဟုတ် နည်းဥပဒေအရ စတင်ကျင့်သုံးစေသည့် ယေဘုယျကြေညာချက်များကို ဆိုလိုပြီး ယင်းကြေညာချက်များအရ အချို့သော သဘောတူညီမှု အမျိုးအစားများအတွက် ပြဋ္ဌာန်းထားသည့် တားမြစ်ချက်ကို ကျင့်သုံးခြင်းမရှိစေရပါ။ သာဓကအားဖြင့် ထိုသို့ အစုအဖွဲ့အလိုက် ဥပဒေကင်းလွတ်ခွင့် ရရှိနိုင်သည့် လုပ်ငန်း သို့မဟုတ် စက်မှုလုပ်ငန်းများ၌ သုတေသနနှင့် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းနှင့် ဉာဏ်ပညာဖြင့် တီထွင်ဖန်တီးထားသည့် မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များ ပါဝင်သည်။

## ၃-၆။ စီးပွားရေးလုပ်ငန်းများအတွက် ဦးဆောင်လမ်းညွှန်ချက်ပေးခြင်း

၃-၆-၁။ တရားမျှတမှုရှိသည့် ဈေးကွက်ယှဉ်ပြိုင်ရေးယဉ်ကျေးမှု ပေါ်ထွန်းလာစေရန် နှင့် လိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန်အတွက် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေတွင် ပါဝင်သည့် တားမြစ်ချက်များနှင့် ကင်းလွတ်ခွင့်များအား မည်သို့ ပြဋ္ဌာန်းထားရှိမည်ဆိုသည်နှင့်ပတ်သက်၍ ဈေးကွက်တွင်ပါဝင်ယှဉ်ပြိုင် ဆောင်ရွက်နေသူများအား ရှင်းလင်းပြတ်သားမှု၊ ပွင့်လင်းမြင်သာမှုနှင့် ခိုင်မာသေချာမှုများ ဖြစ်ပေါ်စေမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လမ်းညွှန်တစ်ရပ် ပြုစုရေးဆွဲထုတ်ပြန်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထည့်သွင်းစဉ်းစားရပါမည်။ ထိုသို့ လမ်းညွှန်ချက်ထားရှိပေးရာ၌ "ညင်သာသောဥပဒေ" ပုံစံဖြင့်ဖြစ်စေ၊ ဥပမာ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား သီးသန့်ကဏ္ဍများအတွက် ကျင့်သုံးဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့်လမ်းညွှန်ချက်များ သို့မဟုတ် ဥပဒေကျင့်သုံး ဆောင်ရွက်မှုများကို အသေးစိတ်ဖော်ပြထားခြင်းမရှိသည့် လက်စွဲစာအုပ် သို့မဟုတ် အလားတူပုံနှိပ်ထုတ်ဝေမှု ပုံစံများ

ဖြင့်ဖြစ်စေ ပြုလုပ်ပေးထားနိုင်ပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းလမ်းညွှန်ချက်အား ပုံမှန်မွမ်းမံပြုပြင်နေရမည်ဖြစ်ပြီး ပြည်သူအများနှင့် အလွယ်တကူ ထိစပ်မှုရှိနိုင်စေရန် ဆောင်ရွက်ပေးထားရပါမည်။

၃-၆-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စီးပွားရေးအသိုက်အဝန်းအတွင်း၌ လုံ့လဂီရိယရှိသည့် စီးပွားရေးသမားများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ပိုမိုသတိပြုမိလာကြစေရန်အတွက် သက်ဆိုင်ရာ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ လိုက်နာမှုရှိစေရေးအစီအစဉ်များကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးထားရပါမည်။ (စာပိုဒ် ၉-၃ အောက်တွင်ရှု) အဆိုပါ အစီအစဉ်များအရ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ကျင့်သုံးဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အခွင့်အလမ်းများကို ရှိုးရှင်းလွယ်ကူသော အသုံးအနှုန်းများနှင့် သရုပ်ဖော်ပေးနိုင်မည်ဖြစ်ပြီး အဆိုပါ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေရေးရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်များမြင့်တက်လာစေရန် ဖြစ်သည်။ ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်မှု၌ သွေဖည်သည့် အပြုအမူများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာ ကုမ္ပဏီအတွင်း၌ပင် သီးသန့်လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ပေးနိုင်ပါလိမ့်မည်။

# အခန်း (၄) စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့/အဖွဲ့အစည်းတည်ဆောက်ပုံ/ ကဏ္ဍအလိုက်ထိန်းကွပ်ပေးမည့်အရာများ၏ အခန်းကဏ္ဍနှင့် တာဝန်များ

I

## ၄-၁။ စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ အခန်းကဏ္ဍနှင့် တာဝန်များ

၄-၁-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အား အောက်ဖော်ပြပါ အချက်များ ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အာဏာပေးအပ်လိုက ပေးအပ်ထားနိုင်ပါသည်။ ယင်းတို့မှာ —

၄-၁-၁-၁။ အမျိုးသားစျေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့် ဥပဒေတို့အား အကောင်အထည်ဖော်ရေးဆွဲရန်နှင့် အတည်ပြု ပြဌာန်းရန်။

၄-၁-၁-၂။ စျေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့် ဥပဒေတို့အား ဘာသာပြန်ဆို၍ အဓိပ္ပာယ်ရှင်းလင်းဖော်ပြရန်။

၄-၁-၁-၃။ စျေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့် ဥပဒေတို့အား ထောက်ခံမှုပြုရန်။

၄-၁-၁-၄။ စျေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့် ဥပဒေတို့နှင့်စပ်လျဉ်း၍ ဥပဒေပြုအဖွဲ့နှင့် အစိုးရတို့အား အကြံဉာဏ်များ ပေးအပ်ရန်။

၄-၁-၁-၅။ နိုင်ငံတကာ စျေးကွက်ယှဉ်ပြိုင်မှု ကိစ္စရပ်များ ပေါ်ပေါက်လာပါက နိုင်ငံ့ကိုယ်စားပြု အမျိုးသားအဖွဲ့ အစည်းတစ်ရပ်အနေဖြင့် နိုင်ငံတကာနှင့်အညီ အရေးယူဆောင်ရွက်မှု ပြုလုပ်ရန်။

၄-၁-၂။ စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် အခွင့်အာဏာများ အထမြောက်စေရန် ကျင့်သုံး ဆောင်ရွက်ရာ၌ အောက်ဖော်ပြပါ တာဝန်ဝတ္တရားများကို တာဝန်ယူဆောင်ရွက်နိုင်မည် ဖြစ်သည်။

၄-၁-၂-၁။ နည်းဥပဒေများ၊ အခြားအကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာနှင့် သို့မဟုတ် ဘာသာပြန်ဆိုရှင်းလင်း ရေးဆိုင်ရာ လုပ်ဆောင်ချက်များအား စတင်ရေးသားပြုစုခြင်းနှင့် ထုတ်ပြန်ခြင်း။

၄-၁-၂-၂။ စျေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့် ဥပဒေပါ ပြဌာန်းချက်များနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအတွက် လွယ်ကူရိုးရှင်းသော ဘာသာစကားဖြင့် ဖော်ပြထားသည့် လမ်းညွှန်ချက်များနှင့် ထုတ်ပြန်ချက် များ ပြုစုရေးသားခြင်းနှင့် ဖြန့်ချိခြင်း။

၄-၁-၂-၃။ အကယ်၍ စျေးကွက်ယှဉ်ပြိုင်ရေးမှ သွေဖည်သည့် တားမြစ်ချက်များအား ချိုးဖောက်မှုရှိလာလျှင်ဖြစ်စေ၊ ကင်းလွတ်ခွင့်များ ရယူအပ်နှင်းမှု ပြုလုပ်လာလိုလျှင်ဖြစ်စေ ဥပဒေအား မည်သို့ ကျင့်သုံးဆောင်ရွက်သွားမည်ဆိုသည် နှင့်စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံ ဖော်ပြပေးထားနိုင်သည့် လမ်းညွှန်ချက်များ ရေးဆွဲပြုစုခြင်းနှင့် ထုတ်ပြန်ခြင်း။

၄-၁-၂-၄။ စီးပွားရေးကဏ္ဍအားလုံး၌ လိုက်နာဆောင်ရွက်တတ်သည့် ယဉ်ကျေးမှုထွန်းကားကျယ်ပြန့်လာစေရေးအတွက် ဈေးကွက်ယှဉ်ပြိုင်မှုအား ထောက်ခံအားပေးမှုရှိလာစေရန် ဆောင်ရွက်ခြင်း၊ ပညာပေးရေးလုပ်ငန်းများသို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်မှု လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်ခြင်းနှင့် ပုံမှန်အစီရင်ခံစာများ တင်သွင်းခြင်း။

၄-၁-၂-၅။ တားမြစ်ကန့်သတ်ထားသော ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် လုပ်ဆောင်ချက်များအတွက် စုံစမ်းစစ်ဆေးမှုများကို မိမိတို့အဖွဲ့၏ သဘောဆန္ဒအလျောက် ဆောင်ရွက်ခြင်း သို့မဟုတ် ကြားနေအသင်းအဖွဲ့များ၏ တိုင်ကြားမှု သို့မဟုတ် သတင်းပေးမှုအရ အရေးယူဆောင်ရွက်ခြင်း။

၄-၁-၂-၆။ ဈေးကွက်ယှဉ်ပြိုင်မှုကို ကန့်သတ်ချုပ်ခြယ်ရာရောက်သည့် သို့မဟုတ် ပျက်ယွင်းစေသည်ဟု ယူဆရသည့် ဈေးနှုန်းတင်းမာမှုများဖြစ်စေ၊ အခြားအခြေအနေအမျိုးမျိုးဖြစ်စေ ပေါ်ပေါက်လာပါက စီးပွားရေးကဏ္ဍတစ်ရပ်လုံးမှ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ချိုးဖောက်သည်ဟု သံသယရှိသည့်ဖြစ်ရပ်များအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း။ (ယင်းကို "ကဏ္ဍဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ" ဟု ခေါ်သည်)

၄-၁-၂-၇။ ပြစ်ဒဏ်များချမှတ်ခြင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးယူမှုများ ပြုလုပ်ခြင်းသာမက ခိုင်လုံသော စီရင်ဆုံးဖြတ်ချက်များချမှတ်၍ အမိန့်ပြန်တမ်းများထုတ်ပြန်ခြင်းနှင့် ကြားဖြတ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ စိုးမိုးစေခြင်း။

၄-၁-၂-၈။ ဥပဒေအရ ထုံးတမ်းအစဉ်အလာများနှင့်အညီ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား ဘာသာပြန်ဆိုရှင်းလင်းခြင်း သို့မဟုတ် အဆိုပါ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒနှင့် ဥပဒေတို့၏ လွှမ်းခြုံသက်ရောက်မှုရှိမည့် နယ်ပယ်အတိုင်းအတာအား ရုပ်လုံးပေါ်စေခြင်း။

၄-၁-၂-၉။ စုပေါင်းလုပ်ငန်းများ စစ်ဆေးရန် ပေးပို့လာသည့် အသိပေးအကြောင်းကြားမှုများ သို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒနှင့် ဥပဒေတို့မှ ကင်းလွတ်ခွင့်ရရန် ပေးပို့လာသည့် အသိပေးအကြောင်းကြားမှုများအား လက်ခံရန်နှင့် စိစစ်ရန်အတွက် လုပ်ငန်းစဉ်များ သတ်မှတ်ထားရှိခြင်း။

၄-၁-၂-၁၀။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ လက်ခံရရှိလာသည့် အသိပေးအကြောင်းကြားမှုများနှင့် ပတ်သက်သည့် ပြည်သူ့မှတ်တမ်းမှတ်ရာများနှင့် အချက်အလက်များသာမက ယင်းထိန်းကွပ်ရေးအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်များအား ရေးသားပြုစုခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း။

၄-၁-၂-၁၁။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ရေးဆွဲပြုစုခြင်းကိုဖြစ်စေ၊ အဆိုပါ ဈေးကွက်ယှဉ်ပြိုင်ရေးနှင့် ဆက်စပ်နေသည့် နည်းဥပဒေနှင့် မူဝါဒနယ်ပယ်များကိုဖြစ်စေ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ပါက ယင်းနှင့်ပတ်သက်သည့် အကြံဉာဏ်နှင့် ထင်မြင်ယူဆချက်များ ပေးအပ်ခြင်း။

၄-၁-၂-၁၂။ လျှို့ဝှက်ထားရန်မလိုသည့် သတင်းအချက်အလက်များအား အခြားသောစျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များနှင့်ဖြစ်စေ၊ နိုင်ငံတကာတွေ့ဆုံဆွေးနွေးပွဲများတွင်ဖြစ်စေ အပြန်အလှန်နီးနှောဖလှယ်မှုကို မြှင့်တင်ပေးခြင်း။

၄-၁-၂-၁၃။ အခြားသော စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ကျင့်သုံးမှုအလေ့အထများမျှဝေခြင်း၊ ကူးလူးဆက်ဆံခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် လုပ်ငန်းမွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခြင်း။

၄-၁-၃။ အပိုဒ် ၄-၁-၂ တွင် ဖော်ပြထားသည့် တာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သည့် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ ရှိထားရမည့်အပြင် လိုအပ်သည့်အရင်းအမြစ်များနှင့် တရားရေးအာဏာများကိုပါ စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ထံ ပေးအပ်ထားရပါမည်။ ၎င်းတို့မှာ တိုင်ကြားမှုများရေးသွင်းလျှောက်ထားရန်လုပ်ငန်းစဉ်တစ်ခုထားရှိခြင်း၊ လျှောက်ထားချက်များအား စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ထံသို့ ပေးပို့ရာ၌ နေရာတကျရောက်ရှိစေခြင်း။ (ဥပမာ - ကင်းလွတ်ခွင့်များ ဖြစ်စေ၊ အမည်မဖော်လိုသည့် အကြောင်းအရာ၊ အထူးလျှို့ဝှက်အကြောင်းအရာ သို့မဟုတ် သက်ညှာမှုအတွက် လျှောက်ထားခြင်းဖြစ်စေ)၊ အကျိုးတူအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်စေခြင်းနှင့် သက်သေအထောက်အထားများ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ စီရင်ဆုံးဖြတ်ချက်များထုတ်ပြန်ခြင်းနှင့် အယူခံလျှောက်ထားရေးဖြစ်စဉ်တို့ ဖြစ်သည်။

၄-၁-၄။ အကယ်၍ အကြောင်းညီညွှတ်ပါက စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် အထွေထွေအကြောင်းအရာများဖြစ်စေ၊ ဥပမာ - အသစ် သို့မဟုတ် ရှိရင်းစွဲ စျေးကွက်ယှဉ်ပြိုင်ရေးဥပဒေနှင့် မူဝါဒပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် အကြောင်းအရာများ သို့မဟုတ် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ဆိုင်သည့် အကြောင်းအရာများ) သို့မဟုတ် သီးသန့်အကြောင်းအရာများဖြစ်စေ (ဥပမာ - ကင်းလွတ်ခွင့်များအတွက် အသိပေးအကြောင်းကြားမှုများ ပေးပို့ခြင်း သို့မဟုတ် စုပေါင်းလုပ်ငန်းအတွက် အသိပေးမှုအကြောင်းကြားမှုများပေးပို့ခြင်း) ယင်းတို့နှင့်ပတ်သက်သည့် ပြည်သူ့တုံ့ပြန်ချက်များ ရယူလက်ခံပေးရမည်ဖြစ်ပြီး တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ပေးရပါမည်။

## ၄-၂။ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

၄-၂-၁။ ရရှိသမျှသော သတင်းအချက်အလက်များအား အကောင်းဆုံးအသုံးချသွားနိုင်စေရေးအတွက် စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့် "ဦးစားပေးအဆင့် သတ်မှတ်နိုင်မည့်စံများ" ကို စတင်ကျင့်သုံးသွားရမည်ဖြစ်ပြီး ယင်းသို့ စံသတ်မှတ်ချက်များ ထားရှိစေခြင်းမှာလည်း ရည်ရွယ်ထားသည့်အတိုင်း စီရင်ဆုံးဖြတ်သွားနိုင်ရန်နှင့် ယင်း

စံသတ်မှတ်ချက်များနှင့်အညီ ဦးစားပေးအဆင့်ကိုလိုက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားနိုင်ရန် ဖြစ်သည်။ အဆိုပါ ဦးစားပေးအဆင့် သတ်မှတ်ချက်များသည် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ အထူးလျှို့ဝှက်အကြောင်းအရာ များဖြစ်နေနိုင်သလို ယင်း၏ နှစ်စဉ်စီမံကိန်းများ သို့မဟုတ် နှစ်ပတ်လည်အစီရင်ခံစာများမှတစ်ဆင့် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာပေးခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ယင်းသည် သက်ဆိုင်ရာ စက်ရုံလုပ်ငန်းများ သို့မဟုတ် ကဏ္ဍများအလိုက် သီးသန့်ရည်ရွယ်သတ်မှတ်ပေးထားခြင်းသာမက သီးခြားအကျိုးစီးပွားရှိနေသည့် ကျင့်သုံးဆောင်ရွက်မှု ပုံစံတစ်ခုခုအတွက် သတ်မှတ်ပေးထားခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

၄-၂-၂။ ဦးစားပေးအဆင့် သတ်မှတ်ရေးစံများသည် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဦးစားပေးအဆင့် များကို ထင်ဟပ်မိစေရမည့်အပြင် အဆိုပါ ထိန်းကွပ်ရေးအဖွဲ့အတွက် ရရှိနိုင်မည့် အချိန်၊ ငွေကြေးနှင့် လူ့အရင်းအမြစ် များကိုလည်း ထည့်တွက်ထားရပါမည်။ အကြောင်းညီညွတ်မည်ဆိုပါက ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေ ဖြင့် အောက်တွင်ဖော်ပြမည့် သက်ဆိုင်ရာ အကြောင်းအရာများကိုလည်း ထည့်သွင်းစဉ်းစားထားဖို့လိုပါသည်။ ယင်းတို့မှာ —

၄-၂-၂-၁။ သဘောတူညီချက်အမျိုးအစား၊ ကျင့်သုံးဆောင်ရွက်ပုံနှင့် ဥပဒေချိုးဖောက်မှုတစ်ခုကြောင့် ဖြစ်ပေါ်လာ နိုင်မည့် အခြေအနေအတိမ်အနက်၊ သက်ဆိုင်ရာဈေးကွက်ပေါ်၌ ယင်း၏ အကျိုးသက်ရောက်ပုံ (ဥပမာ - ပင်ကို အားဖြင့် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု မှတ်ယူထားသည့် ချိုးဖောက်မှုများ)

၄-၂-၂-၂။ သတ်မှတ်ထားသည့် စုံစမ်းစစ်ဆေးမှုများ၏ ပမာဏ သို့မဟုတ် ခက်ခဲရှုပ်ထွေးမှု (ဥပမာ - ပြည်ပရှိ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် သတ်မှတ်ထားသည့် နိုင်ငံတကာနယ်နိမိတ် ဖြတ်ကျော်စစ်ဆေးမှုများ)

၄-၂-၂-၃။ ဥပဒေချိုးဖောက်မှု စတင်ဖြစ်ပေါ်စေနိုင်မည့် အလားအလာ။

၄-၂-၂-၄။ တိုင်ကြားခံထားရသည့် ကျင့်သုံးဆောင်ရွက်ပုံများနှင့်ပတ်သက်၍ ယင်းတို့အား ရပ်တန့်ခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်း။ (ဥပမာ - တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် ၎င်း၏ကျင့်သုံးဆောင်ရွက်နေမှုများအား ရပ်ဆိုင်းပစ်ရန် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ထံ ဂန်ခံ ကတိပြုမှုများ ပြုလုပ်ရပါမည်။)

၄-၂-၂-၅။ တရားစီရင်ရေးအာဏာပိုင်အဖွဲ့ထံ မရောက်ရှိမီ အမှုယူဆောင်လာသည့် တိုင်ကြားသူ၏ အလားအလာ။ (ဥပမာ - တိုင်ကြားသူ ယူဆောင်လာသည့်အမှုသည် သီးသန့်အရေးယူဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိထားပြီး သီးသန့်ဥပဒေပြဋ္ဌာန်းချက်ဖြင့် စီရင်ဆုံးဖြတ်ရမည့်အမှုမျိုး ဖြစ်နေနိုင်သည်)

၄-၂-၂-၆။ အမှုတစ်ခုအတွက်ဖြစ်စေ သို့မဟုတ် အခြားအမှုအမျိုးမျိုးအတွက်ဖြစ်စေ တိုင်ကြားမှုသည် (ထိန်းကွပ်ရေး အဖွဲ့မှ စစ်ဆေးပြီးဖြစ်သည့် သို့မဟုတ်) ထိန်းကွပ်ရေးအဖွဲ့မှ စစ်ဆေးနေသည့် ဖြစ်စဉ်တွင် ရောက်ရှိနေပြီးဖြစ်သည့်

ဥပဒေအကြောင်းအရာများနှင့်ပတ်သက်နေခြင်း ရှိ-မရှိနှင့်/သို့မဟုတ် တရားစီရင်ရေးအာဏာပိုင်အဖွဲ့ထံ မရောက်ရှိမီ တရားစွဲဆိုခံထားရခြင်း ရှိ-မရှိ။

၄-၂-၂-၇။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ကြားဝင်ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာနိုင်သည့် အကျိုးသက်ရောက်မှု။ (ဥပမာ - စားသုံးသူသက်သာချောင်ချိရေးနှင့်ပတ်သက်၍)

၄-၂-၂-၈။ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် အရင်းအမြစ်လိုအပ်ချက်များသည် ယင်းလုပ်ငန်းလုပ်ဆောင်ရာမှ ရရှိလာသည့် အကျိုးကျေးဇူးများနှင့် အချိုးညီမျှမှု ရှိ-မရှိ။

၄-၂-၂-၉။ ဆောင်ရွက်ရမည့် လုပ်ငန်းသည် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ စီမံကိန်းများရှိ မဟာဗျူဟာမြောက်အရေးပါသည့်အပိုင်းနှင့် အပ်စပ်ခြင်း ရှိ-မရှိ။

၄-၂-၃။ ဦးစားပေးအဆင့်သတ်မှတ်ရာ၌ အရမ်းကာရောကင်းလွတ်ခွင့်များ ပေးခြင်းမျိုး မပြုလုပ်သင့်ပါ။ ထိုသို့ ဦးစားပေးအဆင့်သတ်မှတ်ရေးစံများ ချမှတ်ပြီးသည့်တိုင်အောင် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ဦးစားပေးအဆင့်အဖြစ် သတ်မှတ်ခြင်းမခံရသည့် အရေးကိစ္စများနှင့်ဆက်စပ်ဆောင်ရွက်မှုများကိုလည်း အဖွဲ့၏ အရင်းအမြစ် အကန့်အသတ်ပေါ်မူတည်၍ ဆက်လက်ထိန်းသိမ်းသွားရပါမည်။

## ၄-၃။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဖွဲ့စည်းတည်ဆောက်ပုံ

၄-၃-၁။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဖွဲ့စည်းတည်ဆောက်ပုံကို ချမှတ်ကြရာ၌ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အောက်ဖော်ပြပါအချက်များအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ-မရှိ ဆုံးဖြတ်ကြရပါမည်။ ယင်းတို့မှာ —

၄-၃-၁-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ စီမံအုပ်ချုပ်ရေးနှင့် မူဝါဒစိုးမိုးရေးအတွက် တာဝန်ယူဆောင်ရွက်ပေးမည့် သီးခြားရပ်တည်နိုင်သည့် လွတ်လပ်သော ဥပဒေအာဏာပိုင်အဖွဲ့တစ်ဖွဲ့ ထားရှိပေးနိုင်ခြင်း ရှိ-မရှိ။

၄-၃-၁-၂။ သီးသန့်ကဏ္ဍများအလိုက် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ စီမံအုပ်ချုပ်ရေးနှင့် စိုးမိုးရေးအတွက် တာဝန်ယူဆောင်ရွက်ပေးနိုင်မည့် သီးခြားဥပဒေအာဏာပိုင်အဖွဲ့ အသီးသီးအား ဖွဲ့စည်းပေးနိုင်ခြင်း ရှိ-မရှိ။

၄-၃-၁-၃။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအား သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် ဝန်ကြီးဌာနများအတွင်း၌ ဆက်လက်တည်တံ့စေရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ-မရှိ။

၄-၃-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အယူခံဝင်လျှောက်ထားမှုများအား တရားစီရင်ရေး အာဏာပိုင်အဖွဲ့ထံ တိုက်ရိုက်လျှောက်ထားခြင်းမျိုး ပြုမည်-မပြုမည် (သို့မဟုတ်) ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့နှင့် အုပ်ချုပ်

သူအစိုးရတို့ထံမှ အမှီအခိုကင်းသော အယူခံဝင်လျှောက်ထားရေးအဖွဲ့တစ်ခု ဖွဲ့စည်းထားရှိခြင်း ပြုမည်- မပြုမည်ကို ဆုံးဖြတ်ကြရခြင်းဖြစ်သည်။

၄-၃-၃။ နိုင်ငံတကာအရ ဩဇာလွှမ်းမိုးမှုကို ရှောင်ရှားနိုင်ရန်အတွက် အာဆီယံနိုင်ငံများအနေဖြင့် စျေးကွက် ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အား စီမံအုပ်ချုပ်ရေးအရ သီးခြားလွတ်လပ်မှုကို ၎င်းအဖွဲ့လိုအပ်သလောက် တတ်နိုင် သမျှ ပေးအပ်ထားရပါမည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများသည် အဆိုပါ ထိန်းကွပ်ရေးအဖွဲ့တွင် တာဝန်ခံဆောင်ရွက် နိုင်မည့် လွတ်လပ်သော ကော်မရှင်အဖွဲ့ဝင်များကိုပါ ခန့်အပ်ထားရှိရပါမည်။ အဆိုပါ ထိန်းကွပ်ရေးအဖွဲ့ အနေဖြင့် ၎င်း၏မူဝါဒနှင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးရှိ အမျိုးသားဥပဒေ ပြုအဖွဲ့ထံ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြန်ရန်လည်း သတ်မှတ်ပြဋ္ဌာန်းပေးရပါမည်။

၄-၃-၄။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဘဏ္ဍာငွေသည် နိုင်ငံရေး အရ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများမှ ကင်းလွတ်နေရမည်ဖြစ်ကြောင်း ဆုံးဖြတ်လက်ခံထားရပါမည်။ ထိုသို့ ဆောင်ရွက်ရာ၌ အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခုမှာ စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဘဏ္ဍာငွေအား အစိုးရ၏ အခြားလုပ်ငန်းတာဝန်များမှ သီးသန့်ခွဲခြားပေးထားခြင်းဖြစ်ပြီး အများပြည်သူသိသာစေရန် ပွင့်လင်းမြင်သာမှု ရှိရှိ ဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။ အခြားနည်းလမ်းတစ်ခုမှာ စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ လည်ပတ် ဆောင်ရွက်မှုမှ ထွက်ပေါ်လာသော ဝင်ငွေပေါ်တွင် မှီခိုနေသည့် ဘဏ္ဍာငွေပမာဏကို အနည်းဆုံးပမာဏဖြစ်ဖြစ် သီးသန့်ထားရှိပေးထားခြင်း ဖြစ်သည်။ ထိုသို့ ထိန်းကွပ်ရေးအဖွဲ့၏ လည်ပတ်ဆောင်ရွက်မှုမှ ထွက်ပေါ်လာသည့် ဝင်ငွေဆိုသည်မှာ သာဓကအားဖြင့် အသိပေးအကြောင်းကြားမှုနှင့် ထောက်ခံချက်ပေးရခြင်းအတွက် သို့မဟုတ် အခြား တရားရေးအရ စီမံဆောင်ရွက်မှုများအတွက် ကောက်ခံရရှိသည့် အခကြေးငွေများနှင့် စျေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်မှုများကြောင့် ကောက်ခံရရှိသည့် ဒဏ်ကြေးများကို ဆိုလိုသည်။ သို့သော် အဆိုပါ နည်းလမ်းကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် မကောင်းသောအချက်တစ်ချက်မှာ စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် အသိပေးအကြောင်းကြားစာ ပေးပို့ရသည့်ဖြစ်စဉ်များကို ပိုမိုများပြားလာစေရေးအတွက် သို့မဟုတ် အမှုပိုမိုများပြားလာစေရေးအတွက် စံချိန်စံညွှန်းများ ပိုမိုချဲ့ထွင် အသုံးပြုလာခြင်း သို့မဟုတ် ပိုမိုကြီးလေး သည့် အပြစ်ဒဏ်များ ချမှတ်လာခြင်းတို့ ဖြစ်ပေါ်လာတတ်ပါသည်။ ထိုသို့ ဖြစ်ပေါ်လာနိုင်လောက်သည့် ဆိုးကျိုးများမှ ကာကွယ်ရန်အတွက် သင့်လျော်ကောင်းမွန်သည့် အပြန်အလှန်ထိန်းကျောင်းမှုစနစ်များကို ထားရှိကျင့်သုံးသွားရပါ မည်။

၄-၃-၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ အဖွဲ့တွင်း တည်ဆောက်ပုံ နှင့် လုပ်ငန်းတာဝန်တို့ကို ချမှတ်ပေး၍ အဖွဲ့တွင်း၌ ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ သတ်မှတ် ပေးထားရပါမည်။ သို့မဟုတ် အဆိုပါ တည်ဆောက်ပုံနှင့် လုပ်ထုံးလုပ်နည်းများအား ယင်းထိန်းကွပ်ရေးအဖွဲ့ ကိုယ်တိုင်ဆုံးဖြတ်၍ ရေးဆွဲချမှတ်စေရပါမည်။

## ၄-၄။ ကဏ္ဍဆိုင်ရာ နည်းဥပဒေအား အမျိုးသားဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့် ဟန်ချက်ညီစေခြင်း

၄-၄-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများကဲ့သို့ နည်းဥပဒေ ထိန်းကွပ်မှုအားကောင်းသည့် လုပ်ငန်းများရှိနေရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများသည် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒကိုလည်း အပြည့်အဝလိုက်နာမှု ရှိစေရပါမည်။ အဆိုပါ လုပ်ငန်းများသည် (ဥပမာအားဖြင့်) ကဏ္ဍဆိုင်ရာ နည်းဥပဒေအရ လိုက်နာဆောင်ရွက်နေရသည်ဆိုပါက ယင်းလုပ်ငန်းများအတွက် အမျိုးသားဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒမှ သီးသန့်ကင်းလွတ်ခွင့်များကို ဥပဒေအရ ပြဋ္ဌာန်းပေးထားရပါမည်။

၄-၄-၂။ ကဏ္ဍအလိုက် သီးသန့်စနစ် (များ) ဟူ၍ ရှိမထားသော သို့မဟုတ် ကဏ္ဍအလိုက် သီးသန့်စနစ်(များ)က ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ဆက်စပ်သည့် ပြဋ္ဌာန်းချက်များတွင် ပါဝင်ခြင်းမရှိသော လုပ်ငန်းများတွင်မူ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ဆက်နွယ်နေသည့် ပြဋ္ဌာန်းချက်များအားလုံးကို စီမံကွပ်ကဲရန်နှင့် အကယ်၍ဖြစ်နိုင်ပါက ကဏ္ဍဆိုင်ရာ သီးသန့်နည်းပညာနှင့် စီးပွားရေးထိန်းကွပ်မှုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးပြီး အသိပညာကွာဟမှုများရှိနေလျှင်လည်း ပေါင်းကူးဖြည့်ဆည်းပေးနိုင်ရန်အတွက် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့တစ်ခုတည်ထောင်ပေးထားရပါမည်။

၄-၄-၃။ ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ ဆက်စပ်တာဝန်ဝတ္တရားများနှင့် ရှိရင်းစွဲကဏ္ဍအလိုက် သီးသန့်ထိန်းကွပ်ရေးအဖွဲ့များ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်နေရသည့် လုပ်ငန်းများတွင်မူ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ဦးတည်ချက်များ အထမြောက်အောင်မြင်နိုင်စေရေးအတွက် အဆိုပါ ကဏ္ဍဆိုင်ရာ နည်းဥပဒေပေါ်တွင်သာ အမှီပြုကြရမည်ဖြစ်ပြီး ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသားဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒဟူ၍ ရေးဆွဲချမှတ်ထားခြင်း မရှိသေးသောကြောင့် ဖြစ်သည်။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒကို စတင်ကျင့်သုံးကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဥပဒေများအချင်းချင်း ဂိရောဓိဖြစ်ခြင်းမှ ကာကွယ်ရန်အတွက် ကဏ္ဍအလိုက် သီးသန့်စည်းမျဉ်းများနှင့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒနှစ်ခုအကြား သဟဇာတဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လက်ရှိသြဇာလွှမ်းမိုးလျက်ရှိသည့် ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့် ကိုက်ညီမှုရှိသော နည်းဥပဒေတစ်ရပ်ရပ်အား စတင်ကျင့်သုံးပေးခြင်းဖြစ်စေ သို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်မှုကို အားပေးသော နည်းဥပဒေပေါ်ပေါက်ရေးအတွက် ဆက်စပ်လွှမ်းခြုံနေသည့် ပုံစံတစ်မျိုးမျိုးပါရှိသည့် နည်းဥပဒေတစ်ရပ်ရပ်ကို ကျင့်သုံးခြင်းဖြစ်စေ ပြုလုပ်နိုင်ပါသည်။ အပြန်အလှန်အားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နည်းဥပဒေဖြင့် ထိန်းကွပ်ထားသည့် ကဏ္ဍများ၌ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ဦးတည်ချက်များ ရောက်ရှိအောင်မြင်

နိုင်စေရေးအတွက် ကဏ္ဍဆိုင်ရာ နည်းဥပဒေအပေါ်၌ လုံးလုံးလျားလျား အမှီသဟဲပြုနေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ဤနေရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကဏ္ဍအားလုံး၌ ဈေးကွက်ယှဉ်ပြိုင်ရေး လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ကျင့်သုံးဆောင်ရွက်သည့် အပိုင်း၌ ကိုက်ညီမှုရှိစေရန် ရည်ရွယ်၍ ကဏ္ဍဆိုင်ရာ သီးသန့်ထိန်းကွပ်ရေး အဖွဲ့များနှင့် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့များကြား ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ရန် အကြံပြုပေးထားနိုင်ပါသည်။

၄-၄-၄။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့နှင့် ကဏ္ဍဆိုင်ရာ သီးသန့်ထိန်းကွပ်ရေးအဖွဲ့များ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာ နယ်ပယ်စုံမှ ဦးစီးဆောင် ရွက်သူများပါဝင်သည့် အဖွဲ့အစည်းများကြား တွေ့ဆုံဆွေးနွေးပွဲ သို့မဟုတ် စကားပြောစင်မြင့်များ၊ ပုံမှန်ကျင်းပ ပြုလုပ်ပေးနိုင်ပါသည်။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ထိန်းကွပ်ရေးအဖွဲ့များအကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ် လာခြင်းကို လျော့နည်းစေနိုင်ပြီး ထိန်းကွပ်ရေးအဖွဲ့အသီးသီး၏ များပြားလှသော "ဆွေးနွေးပွဲများကြောင့် စရိတ် တောင်းခြင်း" ကိုလည်း လျော့နည်းစေနိုင်မည် ဖြစ်သည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆန္ဒရှိပါက အဆိုပါ နယ်ပယ်စုံမှ ဦးဆောင်ပါဝင်ကြသူများနှင့် တိုင်ပင်ဆွေးနွေး သဘောတူညီချက်များရယူ၍ စေ့စပ်ဆောင်ရွက် သွားနိုင်ပါသေးသည်။

၄-၄-၅။ အဖွဲ့အစည်းအချင်းချင်းကြား ညှိနှိုင်းဆွေးနွေးပွဲများ သို့မဟုတ် စကားပြောစင်မြင့်များ ပြုလုပ်ပေးခြင်းဖြင့်

၄-၄-၅-၁။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့နှင့် ကဏ္ဍဆိုင်ရာ သီးသန့်ထိန်းကွပ်ရေးအဖွဲ့များ အချင်းချင်း အကောင်းဆုံးကျင့်ထုံးများနှင့် ကျွမ်းကျင်မှုများ အပြန်အလှန်မျှဝေနိုင်ကြမည် ဖြစ်သည်။

၄-၄-၅-၂။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့နှင့် ကဏ္ဍဆိုင်ရာ သီးသန့်ထိန်းကွပ်ရေးအဖွဲ့များ၏ အချင်းချင်း ကိုက်ညီမှုရှိသော လုပ်ငန်းတာဝန်များအားလုံးကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် အစီအစဉ် ရေးဆွဲသွားနိုင်မည် ဖြစ်သည်။ ဤသို့ လုပ်ငန်းတာဝန်များအားလုံးကို ကျင့်သုံးဆောင်ရွက်ရာတွင်လည်း အကောင်းဆုံး ကျင့်ထုံးများနှင့် ကိုက်ညီအပ်စပ်မှုရှိစေရပါမည်။ (ဥပမာ - သက်ဆိုင်ရာ တိုင်ကြားမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် တာဝန်များ ခွဲဝေပေးအပ်ခြင်း)

၄-၄-၅-၃။ သီးသန့်စုံစမ်းစစ်ဆေးမှုများအား သက်ဆိုင်ရာ အမှုကိစ္စကိုလိုက်ရန် ပူးတွဲအသင်းအဖွဲ့တစ်ခုထားရှိ၍ အကောင်းဆုံးနည်းဖြင့် လက်ခံဆောင်ရွက်ပေးသွားရန် သင့်-မသင့်ကို ဆုံးဖြတ်ကြရမည်ဖြစ်သည်။

# အခန်း (၅) ဥပဒေပြဋ္ဌာန်းချက်နှင့် လမ်းညွှန်ချက်များ/
# အသွင်ကူးပြောင်းရေးပြဋ္ဌာန်းချက်များ

## ၅-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအတွက် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် လမ်းညွှန်ချက်များ

၅-၁-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒ အစီအစဉ်များအား မူကြမ်းရေးဆွဲကြရာ၌ ရှင်းလင်းပြတ်သား၍ ထိရောက်သော ဥပဒေပြဋ္ဌာန်းချက်များ သတ်မှတ်ပေးထားရပါမည်။ အဖွဲ့ဝင်နိုင်ငံများသည် အဓိကပြဋ္ဌာန်းချက်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည့် အခြေခံကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ခုအား ရွေးချယ်ကျင့်သုံးနိုင်သကဲ့သို့ (သာဓကအားဖြင့် နည်းဥပဒေများနှင့် လမ်းညွှန်ချက်များကဲ့သို့) ဒုတိယအဆင့် ဥပဒေပြဋ္ဌာန်းချက်မျိုးကိုလည်း စမ်းသပ်ကျင့်သုံးနိုင်ပါသည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ မူဝါဒ၏ လက်တွေ့လည်ပတ်ဆောင်ရွက်သည့်အပိုင်းကိုဖြစ်စေ၊ လုပ်ငန်းစဉ်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ အရေးကိစ္စများကိုဖြစ်စေ ပိုမိုရှင်းလင်းပြတ်သားစေရန် သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ဥပဒေအား မည်သို့ အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းမည်ဆိုသည်နှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်ပေးနိုင်ရန် ဖြစ်သည်။

၅-၁-၂။ ဒုတိယအဆင့် ဥပဒေပြဋ္ဌာန်းချက်အား အစိုးရကဖြစ်စေ၊ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ကဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ ယင်းဥပဒေ ပြဋ္ဌာန်းချက်၌ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်းမပြုမီ အဆိုပြုထားရသည့် ယင်းနည်းဥပဒေများနှင့် လမ်းညွှန်ချက်များနှင့်ပတ်သက်၍ အများပြည်သူသိသာစေသည့် ဆွေးနွေးပွဲများ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း သတ်မှတ်ပေးထားရပါမည်။

၅-၁-၃။ ဥပဒေပြဋ္ဌာန်းချက်များနှင့် လမ်းညွှန်ချက်များတွင် အောက်ပါအကြောင်းအရာများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်နေနိုင်ပါသည်။ ယင်းတို့မှာ —

၅-၁-၃-၁။ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဘာသာပြန်ဆိုရှင်းလင်းခြင်း။

၅-၁-၃-၂။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား နယ်နိမိတ်ကျော်လွန် ကျင့်သုံးခြင်း။

၅-၁-၃-၃။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စုစည်းခြင်း။

၅-၁-၃-၄။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ တာဝန်ဝတ္တရားများနှင့် အခွင့်အာဏာများ။

၅-၁-၃-၅။ စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ရှိ ပင်မအရာရှိများအတွက် ရုံးတွင်းစည်းကမ်းချက်များဖြစ်သည့် သတ်မှတ်အရည်အချင်းများ။

၅-၁-၃-၆။ စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးကိစ္စများ။

၅-၁-၃-၇။ စျေးကွက်ယှဉ်ပြိုင်မှုမှ သွေဖယ်သည့် သဘောတူညီချက်များအား တားမြစ်ခြင်း။

၅-၁-၃-၈။ အသာစီးအနေအထား ရရှိထားမှုအပေါ် အလွဲသုံးစား ပြုမူနေခြင်းအား တားမြစ်ခြင်း။

၅-၁-၃-၉။ စျေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် စုပေါင်းလုပ်ငန်းများအား တားမြစ်ခြင်း။

၅-၁-၃-၁၀။ အမျိုးသားစျေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ကျင့်သုံးဆောင်ရွက်နေမှုမှ ကင်းလွတ်စေခြင်း သို့မဟုတ် ချန်လှပ်ထားခြင်း။

၅-၁-၃-၁၁။ (စျေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် သဘောတူညီချက်များ၊ အသာစီးအနေအထားရရှိထားမှုအပေါ် အလွဲသုံးစားပြုခြင်း၊ စျေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် စုပေါင်းလုပ်ငန်းများ စသည်) စျေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်မှုများအား တရားစွဲဆိုရန် စီရင်ဆုံးဖြတ်ခြင်းနှင့် သဘောတူညီချက်ဖြစ်စေ၊ ကျင့်သုံးဆောင်ရွက်မှုဖြစ်စေ သို့မဟုတ် လုပ်ငန်းဖြစ်စေ ယင်းတို့အား ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် တရားဝင်ခွင့်ပြုရန် စီရင်ဆုံးဖြတ်ခြင်း။

၅-၁-၃-၁၂။ သက်ညှာမှုနှင့် ပြေငြိမ်းမှု စသည်တို့နှင့်ဆိုင်သည့် ပြဋ္ဌာန်းချက်များ။

၅-၁-၃-၁၃။ စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာများနှင့် ကြားဖြတ်ဆောင်ရွက်ချက်များ ထုတ်ပြန်နိုင်သည့် အခွင့်အာဏာ။

၅-၁-၃-၁၄။ ဥပဒေချိုးဖောက်မှုအတွက် စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ ချမှတ်လိုက်သည့်စီရင်ဆုံးဖြတ်ချက်တစ်ခု၏ အကျိုးသက်ရောက်မှု။

၅-၁-၃-၁၅။ စျေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဥပဒေစိုးမိုးမှုရှိရေး ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများ (ဥပမာ - အရေးယူနိုင်သည့် အခွင့်အာဏာ၊ ပြန်လည်ကုစားမှုများ ပြုလုပ်နိုင်သည့် အခွင့်အာဏာ)

၅-၁-၃-၁၆။ အယူခံလျှောက်ထားမှုဖြစ်စဉ်။

၅-၁-၃-၁၇။ ဂုဏ်သိက္ခာရားနှောင့်ယှက်မှုနှင့်ဆိုင်သည့် ပြစ်မှုများ (ဥပမာ - စုံစမ်းစစ်ဆေးမှုများအား တားဆီးပိတ်ပင်ခြင်း)

၅-၁-၃-၁၈။ တစ်ဦးချင်းအလိုက် ဆောင်ရွက်ပိုင်ခွင့်များ (ဥပမာ - တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများ၏ ဥပဒေချိုးဖောက်မှုများကြောင့် ထိခိုက်နစ်နာသွားရသည့်ဘက်မှ နစ်နာကြေးတောင်းခံခြင်း)

၅-၁-၃-၁၉။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့နှင့် အခြားသော ပြည်တွင်းပြည်ပထိန်းကွပ်ရေးအဖွဲ့များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း (ဥပမာ - သတင်းအချက်အလက်များ၊ အကောင်းဆုံးကျင့်ထုံးများ၊ သီသီသာသာ လုပ်ငန်းပြီးမြောက် အောင်မြင်မှုများ၊ စွမ်းဆောင်ရည်မြှင့်တင်မှုများအား အပြန်အလှန်မျှဝေခြင်း)

၅-၁-၃-၂၀။ လျှို့ဝှက်မှုအား ထိန်းသိမ်းခြင်း (ဥပမာ - ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ ပေးအပ်ထားသည့် သတင်းအချက်အလက်များကိုဖြစ်စေ၊ အမည်မဖော်လိုသည့် တိုင်ကြားသူတစ်ဦးဦး၏ ကိုယ်ပိုင်အမှတ်လက္ခဏာကို ဖြစ်စေ အကာအကွယ်ပေးခြင်း)

၅-၁-၃-၂၁။ တရားဥပဒေအရ ဆောင်ရွက်ရန်ကြာမြင့်သည့် ကာလအပိုင်းအခြား (ဥပမာအားဖြင့် - ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အတွက် ဆုံးဖြတ်ချက်တစ်ခုထုတ်ပြန်ရန် ကြာမြင့်ချိန် သို့မဟုတ် အရေးယူခံထားရသည့် အုပ်စုများမှ ပြန်လည်အယူခံလျှောက်ထားရန် ကြာမြင့်ချိန်)

## ၅-၂။ အသစ် သို့မဟုတ် ရှိရင်းစွဲ ဥပဒေပြဋ္ဌာန်းချက်အား ပြန်လည်သုံးသပ်ခြင်း

၅-၂-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒသည် အသစ်ရေးဆွဲထားသော သို့မဟုတ် ရှိရင်းဆွဲဖြစ်သော ဥပဒေပြဋ္ဌာန်းချက်များနှင့် အပ်စပ်မှုရှိ-မရှိ သို့မဟုတ် ကိုက်ညီခြင်းရှိ-မရှိကို ထည့်သွင်းစဉ်းစားကြရပါမည်။ ရှိရင်းစွဲဥပဒေ ပြဋ္ဌာန်းချက်များဆိုသည်မှာ စိတ်ကူးဉာဏ်ဖြင့် တီထွင်ဖန်တီးထားသည့်အရာများအတွက်မူ မူပိုင်ခွင့်များ၊ မျှတသောကုန်သွယ်မှု၊ ကဏ္ဍအလိုက်စည်းမျဉ်းဥပဒေများ သို့မဟုတ် စားသုံးသူကာကွယ်ရေးဥပဒေများ စသည်တို့ ဖြစ်သည်။

၅-၂-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အမျိုးသားဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍအပေါ်၌ သိသိသာသာ ချုပ်ခြယ်ကန့်သတ်မှုများ ဖြစ်ပေါ်စေသည့် မည်သည့်ဥပဒေပြဋ္ဌာန်းချက်အသစ် သို့မဟုတ် ရှိရင်းစွဲဥပဒေပြဋ္ဌာန်းချက်များကိုမဆို ပြန်လည်သုံးသပ်ရန် ထည့်သွင်းစဉ်းစားရပါမည်။

၅-၂-၃။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ (ဥပမာအားဖြင့် - ဈေးနှုန်းထိန်းချုပ်မှုနှင့်ဆိုင်သည့် စီစဉ်ထားရှိပုံများနှင့်ပတ်သက်၍) ဘက်စုံထောင်စုံ ပြန်လည်သုံးသပ်နိုင်ရန် စဉ်းစားထားရပါမည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ ဈေးကွက်ယှဉ်ပြိုင်မှုကိစ္စအဂဂအား ကန့်သတ်ချုပ်ချယ်မှု နည်းပါးသည်ဟုဆိုသည့် နည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း ရှိ-မရှိ ဆုံးဖြတ်နိုင်ရန် ဖြစ်သည်။

## ၅-၃။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

၅-၃-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စဉ်းစားထားရပါမည်။ ဥပမာအားဖြင့် ဖြစ်နိုင်ခြေရှိသည့် အချိန်အတိုင်းအတာအတွင်း၌ပင် တားမြစ်ချက်အသီးသီးအား အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ပါသည်။ ဤနေရာ၌ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် သဘောတူညီချက်များအတွက် တားမြစ်ချက်များအား ပထမဦးစွာ ကျင့်သုံးစေခြင်းဖြင့်ဖြစ်စေသို့မဟုတ် အသာစီးအနေအထားရရှိထားမှုအပေါ် အလွဲသုံးစားပြုမှုခြင်းအတွက် တားမြစ်ချက်များကျင့်သုံးရာတွင် အတူတကွကျင့်သုံးစေခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်သွားနိုင်ပါသည်။ စုပေါင်းလုပ်ကိုင်ကြသည့် အမှုကိစ္စများအားစစ်ဆေးရာတွင် ရှုပ်ထွေးနက်နဲမှုများ ရှိနေသည့်အတွက် ဈေးကွက်ယှဉ်ပြိုင်မှုမှသွေဖည်သည့် တားမြစ်ချက်အား နောက်ဆုံးမှ ကျင့်သုံးစေခြင်းမျိုးကိုလည်း ပြုလုပ်နိုင်ပါသည်။

## ၅-၄။ ကြားကာလပြဋ္ဌာန်းချက်များ

၅-၄-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြားကာလအတွက် ပြဋ္ဌာန်းချက်များ သို့မဟုတ် အသက်မဝင်သေးသည့် ကာလအတွက်ဥပဒေပုဒ်မများ ပါဝင်ရေးကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။

၅-၄-၁-၁။ "ကြားကာလပြဋ္ဌာန်းချက်များ" ဆိုသည်မှာ သတ်မှတ်အချိန်ကာလအတွင်း၌ ဥပဒေအသစ်တစ်ခု စတင်ကျင့်သုံးခြင်းနှင့်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များထားရှိခြင်းကိုဆိုလိုပြီး တားမြစ်ကန့်သတ်မှုမပြုမိကဖြစ်စေ သို့မဟုတ် တားမြစ်ကန့်သတ်မှုပြုပြီးလျှင်ပြီးချင်းဖြစ်စေ အဆိုပါသတ်မှတ်ချက်ကာလအတွင်း၌ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် သဘောတူညီချက်များအတွက် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ ပြစ်ဒဏ်ပေးမှု တစ်စုံတစ်ရာပြုလုပ်မည်မဟုတ်ပါ။

၅-၄-၁-၂။ "အသက်မဝင်သေးသည့်ကာလအတွက်ဥပဒေပုဒ်မများ" ဆိုသည်မှာ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် သဘောတူညီမှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်မှုများကြောင့် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ ပေးအပ်သည့် ပြစ်ဒဏ်များနှင့် အရေးယူဆောင်ရွက်မှုများမှ သတ်မှတ်ကာလအတွင်း၌ ကင်းလွတ်ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆိုလိုသည်။

၅-၄-၂။ ဤနည်းအားဖြင့် သက်ဆိုင်ရာအုပ်စုများသည် အသစ်ပြဋ္ဌာန်းပေးထားသည့် ဥပဒေများက ယခင်ပြဋ္ဌာန်းသည့် ဥပဒေများမှ ကွဲလွဲနေပါက ထပ်မံပြဋ္ဌာန်းသည့် ယင်းဥပဒေအသစ်များနှင့်အညီ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ

အား ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် သဘောတူညီမှုများအား ပြန်လည်ညှိနှိုင်းခြင်းတို့ ပြုလုပ်ရန် အချိန်ရရှိစေပါသည်။ ဤအချက်သည် အထူးသဖြင့် ယခင်က ခွင့်ပြုထားသော သို့မဟုတ် လက်သင့်ခံထားသော ကျင့်သုံးဆောင်ရွက်မှုတစ်ခုသည် ယခုအခါ၌ တားမြစ်ခံလိုက်ရသည့်အခါဖြစ်စေ သို့မဟုတ် ပြစ်မှုဟု ယူဆလာသည့်အခါတွင်ဖြစ်စေ အထူးအရေးကြီးပါသည်။

# အခန်း (၆) ဥပဒေစိုးမိုးရေး အခွင့်အာဏာများ

## ၆-၁။ ဥပဒေစိုးမိုးရေးစနစ်အမျိုးမျိုး

၆-၁-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေပိုင်နက်အတွင်း၌ ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒအား ချမှတ်အကောင်အထည်ဖော်ရာတွင် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ထိထိရောက်ရောက် စိုးမိုးမှုရှိစေရေးသည် အရေးကြီးသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်ရေး ဥပဒေစိုးမိုးမှုရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် အခြားအာဏာပိုင်အဖွဲ့တစ်ခုခုအား လိုအပ်သောလူသားအရင်းအမြစ်များသာမက ဘဏ္ဍာရေး၊ တရားရေးနှင့် အခြားအရင်းအမြစ်များကိုပါ ထောက်ပံ့ပေးထားရပါမည်။

၆-၁-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေများ စတင်ကျင့်သုံးသည်နှင့် တစ်ချိန်တည်းမှာပင် ဥပဒေ စိုးမိုးရေးစနစ်တစ်ခုကိုလည်း ချမှတ်ထားရှိရပါမည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ အမှန်တကယ်ပြစ်မှုထင်ရှားသည့် ကိစ္စများအားစုံစမ်းဖော်ထုတ်၍ ဥပဒေအရဆက်လက်အရေးယူဆောင်ရွက်ပေးခြင်းဖြင့် ပြစ်မှုကျူးလွန်ရန်အလားအလာရှိသူများအား ဟန့်တားရာရောက်သွားစေရန်ဖြစ်ပြီး ထိုမှတစ်ဆင့်ဆက်လက်၍ လုံလောက်သောပြစ်ဒဏ်ချမှတ်မှုများနှင့် ကုစားမှုအားပြုလုပ်သွားကြရမည် ဖြစ်သည်။

၆-၁-၃။ ထိုသို့ ဥပဒေစိုးမိုးရေးစနစ်တစ်ခုအား ချမှတ်ထားရှိရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ချိုးဖောက်မှုများအား တရားမမှုမြောက်သော သို့မဟုတ် စီမံအုပ်ချုပ်ရေးအရ ပြစ်မှုမြောက်သော သို့မဟုတ် ရာဇဝတ်မှုမြောက်သော ဥပဒေချိုးဖောက်မှုဟုတ်-မဟုတ်ကိုလည်းကောင်း၊ သို့မဟုတ် ယင်းတို့အားတစ်ပေါင်းတည်းဖြစ်ပေါ်စေသည့် ဥပဒေချိုးဖောက်မှုမျိုးဟုတ်-မဟုတ်ကိုလည်းကောင်း ဆုံးဖြတ်ကြရပါမည်။ ထိုသို့ဆုံးဖြတ်ခြင်းသည် ဆက်လက်အသုံးပြုသွားမည့် စုံစမ်းစစ်ဆေးရေးနှင့် ဥပဒေစိုးမိုးရေး အာဏာအမျိုးအစားနှင့် ဥပဒေစိုးမိုးရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် အဖွဲ့အစည်းအမျိုးအစားတို့အပေါ်၌ သက်ရောက်မှုရှိစေပါသည်။

၆-၁-၄။ တရားမမှုမြောက်သည့် သို့မဟုတ် စီမံအုပ်ချုပ်ရေးအရ ပြစ်မှုကျူးလွန်မှုများနှင့်ပတ်သက်လာပါက ယင်းတို့အတွက် အရေးယူဆောင်ရွက်မှုများကို ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ကဲ့သို့ တရားမရေးရာ အာဏာပိုင်အဖွဲ့တစ်ခုခုမှဖြစ်စေ သို့မဟုတ် စီမံအုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့တစ်ခုခုမှဖြစ်စေ ပြုလုပ်ရမည်ဖြစ်ပြီး တရားရေးအရ ကုစားမှုများကိုပါ ဆက်လက်ဆောင်ရွက်သွားနိုင်ပါသည်။

၆-၁-၅။ ရာဇဝတ်မှုမြောက်သည့် ပြစ်မှုကျူးလွန်မှုများနှင့်ပတ်သက်လာလျှင်မူ အရေးယူဆောင်ရွက်မှုများကို တရားရေးအာဏာပိုင်အဖွဲ့များကသာ ပြုလုပ်ရပါမည်။ သို့မဟုတ် တရားစီရင်ရေးအရ ပြန်လည်စိစစ်မှုကိုခံယူရပါမည်။ အကယ်၍ (ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ကဲ့သို့) ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ စိုးမိုးမှုရှိစေရေး ဆောင်ရွက်နေ

သည့် စီမံအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များအား အခွင့်အာဏာအပ်နှင်းထားလျှင်မူ ယင်းအဖွဲ့များက စုံစမ်းစစ်ဆေးနိုင်မည်ဖြစ်ပြီး တရားရေးအာဏာပိုင်အဖွဲ့ထံသို့ အစီရင်ခံတင်ပြရပါမည်။ ထို့နောက် တရားရေးအာဏာပိုင်အဖွဲ့မှ ဆက်လက်၍ သင့်လျော်ရာအရေးယူဆောင်ရွက်မှုမျိုးကို စီရင်ဆုံးဖြတ်သွားမည်ဖြစ်သည်။

## ၆-၂။ စုံစမ်းစစ်ဆေးခွင့်အာဏာများ

၆-၂-၁။ <u>စာရွက်စာတမ်းနှင့်သတင်းအချက်အလက်များထုတ်ပေးရန်တောင်းဆိုနိုင်သည့်အခွင့်အာဏာ-</u>

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွယ်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ထံသို့ဖြစ်စေ သို့မဟုတ် ဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အခြားအဖွဲ့တစ်ခုခုထံသို့ဖြစ်စေ စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာများပေးအပ်ထားရပါမည်။ တစ်နည်းအားဖြင့် မည်သည့်အရပ်သား သို့မဟုတ် တရားရေးပုဂ္ဂိုလ်ကိုမဆို စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည်ဟု ယူဆသည့်အချက်အလက်များအား ထုတ်ပေးရန်တောင်းဆိုနိုင်ခွင့်ပေးထားရပါမည်။ သတင်းအချက်အလက်များဟု ဆိုရာ၌ ဥပမာအားဖြင့် စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များ၊ မေးခွန်းများအပေါ် စာဖြင့်ဖြေကြားချက်များ သို့မဟုတ် နှုတ်ဖြင့် ထွက်ဆိုချက်များကို ဆိုလိုပါသည်။ ထိုသို့ စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာတွင် —

၆-၂-၁-၁။ သက်ဆိုင်ရာ စာရွက်စာတမ်းများ၏ မူရင်းကိုဖြစ်စေ၊ မိတ္တူကိုဖြစ်စေ၊ ကောက်နှုတ်ချက်များကိုဖြစ်စေ ယူဆောင်သွားခွင့် သို့မဟုတ် ကူးယူသွားခွင့်။

၆-၂-၁-၂။ စာရွက်စာတမ်းနှင့်ပတ်သက်သည့် ရှင်းလင်းချက်အား သက်ဆိုင်ရာပုဂ္ဂိုလ်ထံတောင်းခံခွင့်။

၆-၂-၁-၃။ စာရွက်စာတမ်းအား မည်သည့်နေရာ၌ တွေ့ရှိနိုင်သည်ကို ယင်းပုဂ္ဂိုလ်သိသလောက် သို့မဟုတ် ယုံကြည်ထားသလောက် (ကျမ်းကျိန်၍ဖြစ်စေ၊ ကတိသစ္စာပြု၍ဖြစ်စေ) အကောင်းဆုံးထွက်ဆိုပေးရန် တောင်းဆိုခွင့်။

၆-၂-၁-၄။ မှတ်တမ်းရယူထားသည့်ပုံစံတွင်မပါရှိသေးသည့် သီးသန့်သတင်းအချက်အလက်အား (ကျမ်းကျိန်၍ဖြစ်စေ၊ ကတိသစ္စာပြု၍ဖြစ်စေ) ပြောပြပေးရန် ယင်းပုဂ္ဂိုလ်အား တောင်းဆိုခွင့်တို့ပါဝင်သည်။

၆-၂-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အား သက်ဆိုင်ရာပိုက်နက်၊ မြေနေရာနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် အမိန့်စာဖြင့်ဖြစ်စေ၊ အမိန့်စာမပါဘဲဖြစ်စေ ဝင်ရောက်ရှာဖွေစစ်ဆေးပိုင်ခွင့်ကိုပေးအပ်ထားရပါမည်။

၆-၂-၃။ စီးပွားရေးပိုင်နက်များတွင် အမိန့်စာမပါဘဲ ဝင်ရောက်ရှာဖွေစစ်ဆေးနိုင်သည့် အခွင့်အာဏာ။

ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် အခြားအဖွဲ့ အစည်းတစ်ခုခုအား တရားရုံးအမိန့်စာမပါဘဲ သက်ဆိုင်ရာပိုက်နက်များအတွင်း ဝင်ရောက်စုံစမ်းစစ်ဆေးပိုင်ခွင့်ကို ပေးအပ်ထားရပါမည်။ စုံစမ်းရေးအရာရှိများသည် စုံစမ်းစစ်ဆေးမှု ခံယူရမည်ဟု သတ်မှတ်ခံထားရသည့် လုပ်ငန်း တစ်ခုခုမှ ပိုင်ဆိုင်နေသည့် သို့မဟုတ် ပိုင်ဆိုင်ပြီးဖြစ်သည့် ပိုက်နက်များအား စုံစမ်းစစ်ဆေးမှုကို ပိုင်ရှင်အား အသိပေး အကြောင်းကြားစရာမလိုဘဲ ပြုလုပ်နိုင်ပါသည်။ သို့မဟုတ် စုံစမ်းစစ်ဆေးမှုခံယူရမည်ဟု သတ်မှတ်ခြင်းမခံထားရသည့် လုပ်ငန်းတစ်ခုခုဖြစ်လျှင်မူ ဝင်ရောက်ရှာဖွေခြင်းနှင့်ဆိုင်သည့်အကြောင်းကြားစာတစ်ခုခုကို ခိုင်ခိုင်လုံလုံဖော်ပြ၍ စုံစမ်းစစ်ဆေးနိုင်ပါသည်။

၆-၂-၄။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ကဖြစ်စေ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြား အဖွဲ့တစ်ခုခုကဖြစ်စေ စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည်ဟု ယူဆသည့် စာရွက်စာတမ်းများ (ဥပမာ - ငွေစာရင်း မှတ်တမ်းများ၊ နေ့စဉ်မှတ်တမ်းများ၊ အစည်းအဝေးမှတ်တမ်း သို့မဟုတ် မှတ်စုများ၊ အပြန်အလှန်ဆက်သွယ်ထားသည့် မှတ်တမ်းနှင့်မိတ္တူများ၊ ပုဂ္ဂိုလ်ရေးမှတ်တမ်းများ၊ အီလက်ထရောနစ် အချက်အလက်များနှင့် အီးမေးလ်မှတ်တမ်းများ) အား ထုတ်ပေးရန်နှင့် ရှင်းလင်းဖော်ပြရန် တောင်းဆိုနိုင်သည့် အခွင့်အာဏာများအပြင် အဆိုပါ စာရွက်စာတမ်းများ အား ထိန်းသိမ်းထားနိုင်ရန် သို့မဟုတ် ယင်းတို့နှင့်ပတ်သက်၍ ဝင်ရောက်စွက်ဖက်မှုများမှ ကာကွယ်နိုင်ရန်အတွက် လိုအပ်သည်ဟု ယူဆနိုင်သည့် အဆင့်များသို့ ဆက်လက်ဆောင်ရွက်သွားနိုင်ခွင့် ရှိရပါမည်။ (တစ်နည်းအားဖြင့် စုံစမ်း စစ်ဆေးမှုကို ပြီးပြတ်သည်အထိ ဆောင်ရွက်နိုင်ရန်လိုအပ်သည့် အချိန်ကာလတစ်ခုအတွင်း၌ လုပ်ငန်းပိုင်နက်များ၊ ရုံးများ၊ ဗီရိုများအား ချိတ်ပိတ်ထားခြင်းကို ဆိုလိုသည်)

၆-၂-၅။ စီးပွားရေးပိုင်နက်နှင့် ပုဂ္ဂလိကပိုင်နက်များ၊ မြေနေရာနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် အမိန့်စာမပါဘဲ ဝင်ရောက်ရှာဖွေစစ်ဆေးနိုင်သည့် အခွင့်အာဏာ —

စုံစမ်းစစ်ဆေးမှုနှင့်ဆိုင်သည့် အထောက်အထားတစ်ခုခုကို ထိန်းသိမ်းထားသည်ဟု ခိုင်လုံသည့်သံသယ ရှိပါက မည်သည့်ပုဂ္ဂိုလ်ရေး ပိုင်နက်၊ မြေနေရာနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကိုဖြစ်စေ ဝင်ရောက်ရှာဖွေ စစ်ဆေးရန်အတွက် တရားရေးအာဏာပိုင်အဖွဲ့ထံ အမိန့်စာလျှောက်ထားတောင်းခံခွင့်ကို ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ကိုဖြစ်စေ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့တစ်ခုခုကိုဖြစ်စေ ပေးအပ် ထားရပါမည်။ စုံစမ်းစစ်ဆေးမှုပြုလုပ်မည့် အရာရှိများအနေဖြင့် အမိန့်စာတွင် ဖော်ပြထားသည့် သက်ဆိုင်ရာပိုင်နက်၊ မြေနေရာနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများသို့ လိုအပ်ပါက အင်အားသုံး၍ ဝင်ရောက်ခွင့်ရှိမည်ဖြစ်ပြီး အကယ်၍ ပုဂ္ဂိုလ်တစ်ဦးဦးသည် အဆိုပါ စုံစမ်းမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းတစ်စုံတစ်ရာကို လက်ဝယ် ပိုင်ဆိုင်ထားသည်ဟု ယုံကြည်နိုင်သည့် ခိုင်လုံသော အကြောင်းပြချက်မျိုးရှိပါက ယင်းပုဂ္ဂိုလ်အား အချိန်မရွေး ရှောင်တခင် စစ်ဆေးခွင့်ရှိမည် ဖြစ်သည်။ ထို့ပြင် အဆိုပါ စုံစမ်းစစ်ဆေးမှုနှင့်ဆိုင်သည့် ပိုင်နက်၊ မြေနေရာနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများအား ရှာဖွေစစ်ဆေးခွင့်နှင့် စုံစမ်းစစ်ဆေးမှု အကြောင်းအရာတစ်ခုခုနှင့် နီးနွယ်

ပတ်သက်မှုရှိသည့် ကိရိယာတန်ဆာပလာ သို့မဟုတ် စာရွက်စာတမ်းများ၏ မူရင်းကိုဖြစ်စေ၊ မိတ္တူကိုဖြစ်စေ ကောက်နုတ်ချက်များကိုဖြစ်စေ ယူဆောင်သွားခွင့် သို့မဟုတ် စစ်ဆေးသည့်နေရာမှ ဖယ်ရှားခွင့်ရှိမည် ဖြစ်သည်။ (ဥပမာ - ကွန်ပျူတာ သို့မဟုတ် မှတ်တမ်းတင်ပစ္စည်းကိရိယာတစ်မျိုးမျိုး)

## ၆-၃။ ဘေးကင်းလုံခြုံရေးအစီအမံများ

၆-၃-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာများသည် စုံစမ်းစစ်ဆေးမှုကြောင့် ထိခိုက်နစ်နာမှုရှိသွားနိုင်သည့် အစုအဖွဲ့များအား တရားရေးအရ နစ်နာကြေးပေးအပ်ခြင်းကဲ့သို့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဘေးကင်းလုံခြုံရေး အစီအမံများအတိုင်း လိုက်နာမှုရှိစေရန် ဆောင်ရွက်ထားရမည် ဖြစ်သည်။ ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်ရန် ခိုင်လုံသောအကြောင်းအရင်းရှိကြောင်း တရားစီရင်ရေးပိုင်အဖွဲ့ထံ အတည်ပြုချက် တောင်းခံရမည်ဖြစ်ကြောင်းကိုလည်း သတ်မှတ်ပေးထားရပါမည်။ ထိုသို့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဘေးကင်းလုံခြုံရေး အစီအမံများအတိုင်း လိုက်နာမှုမရှိသဖြင့် ထိခိုက်နစ်နာသွားရသည့် အစုအဖွဲ့များအတွက် နစ်နာကြေးတောင်းခံနိုင်ရန်အတွက်လည်း ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေတွင် ခွင့်ပြုထားရပါမည်။

၆-၃-၂။ အကျင့်ပျက် စီးပွားရေးအဖွဲ့အစည်းတစ်ခုကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်မှု တစ်စုံတစ်ရာရှိနေသည်ဟု ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ထံ သတင်းပေးလာသည့် ကုမ္ပဏီတစ်ခု၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကိုကာကွယ်ရန် သို့မဟုတ် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်အတွင်း ရရှိလာသည့် သတင်းအချက်အလက်၏ လျှို့ဝှက်လုံခြုံမှုကို ကာကွယ်ရန်အတွက် ဘေးကင်းလုံခြုံရေး အစီအမံများလည်း ရှိထားရပါမည်။

## ၆-၄။ လျှို့ဝှက်လုံခြုံမှု

၆-၄-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အောက်ဖော်ပြပါ အကြောင်းအရာများနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းပေးထားခြင်းဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အတွင်းရေးကိစ္စနှင့်သက်ဆိုင်သည့် အသေးစိတ် အကြောင်းအရာများ သို့မဟုတ် စီးပွားရေးအရ အကဲဆတ်သော သတင်းအချက်အလက်များ၏ လျှို့ဝှက်လုံခြုံမှုတို့အား ထိန်းသိမ်းခြင်း၏အရေးပါမှုကို အသိအမှတ်ပြုကြရပါမည်။ ယင်းတို့မှာ -

၆-၄-၁-၁။ ပုဂ္ဂိုလ်တစ်ဦးဦး၏ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် ရုံးပိုင်းဆိုင်ရာနှင့်သက်ဆိုင်သည့် အကြောင်းအရာများ။

၆-၄-၁-၂။ လျှို့ဝှက်ထားရမည်ဟု သတ်မှတ်ထားပြီးဖြစ်သော အကြောင်းအရာများ။

၆-၄-၁-၃။ စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များနှင့် တာဝန်ဝတ္တရားများ အတိုင်း ဆောင်ရွက်ရာ၌ သတင်းပေးသူ၏ ကိုယ်ပိုင်အမှတ်လက္ခဏာအား ထုတ်ဖော်ပြောဆိုမှုသည် ဥပဒေအရ သတ်မှတ်ထားခြင်းမျိုး သို့မဟုတ် တည်ဆဲဥပဒေအရ ခွင့်ပြုထားခြင်းမျိုးမဟုတ်ပါက ထိုသို့ထုတ်ဖော်ပြောဆိုရန် မသင့် ဟု ထင်မြင်ယူဆထားသည့် အကြောင်းအရာများ။

၆-၄-၂။ လျှို့ဝှက်လုံခြုံမှုကို ကာကွယ်ပေးထားခြင်းအားဖြင့် စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့တစ်ခုခုထံသို့ သတင်းအချက်အလက်ပေးအပ်နေသူများအဖို့ ၎င်းတို့ တရားဝင်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားနှင့် ပုဂ္ဂလိကအကျိုးစီးပွားတို့အား အန္တရာယ်ပြုလာနိုင်သည့် အလားအလာကို ရှောင်ရှားစေနိုင်ပါသည်။ အန္တရာယ်ပြုလာနိုင်သည့် အလားအလာဆိုသည်မှာ ဥပမာ အားဖြင့် စီးပွားရေးအရ လက်တုံ့ပြန်ခြင်းမျိုးကို ဆိုလိုသည်။ သတင်းအချက်အလက် ပေးအပ်သူများဘက်မှလည်း အဘယ်ကြောင့် အဆိုပါ သတင်းအချက်အလက်များအား လျှို့ဝှက်ထားရန်လိုအပ်ကြောင်းကို စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ထံသို့ဖြစ်စေ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့တစ်ခုခုထံသို့ဖြစ်စေ ရှင်းလင်းပြောကြားရပါမည်။

၆-၄-၃။ ဥပဒေအရ အလုပ်သဘောဆက်ဆံရခြင်းကို အကြောင်းပြု၍ အထူးအခွင့်အရေးပေးထားသည့် ဆက်ဆံမှုမျိုး သို့မဟုတ် အမှုအခင်းဆိုင်ရာ အထူးအခွင့်အရေးများ ပေးအပ်ထားခြင်းမျိုး (ဥပမာ - ရှေ့နေနှင့်အမှုသည် နီးနွယ်ပတ်သက်မှု) သို့မဟုတ် သီးသန့်ဥပဒေများ ထားရှိပေးခြင်းကဲ့သို့ အခြားသော ဥပဒေပြဋ္ဌာန်းချက်များဖြင့်လည်း လျှို့ဝှက်သတင်းအချက်အလက်များအား ကာကွယ်ပေးထားနိုင်ပါသည်။

## ၆-၅။ ဝန်ခံကတိပြုချက်များ

၆-၅-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထည့်သွင်းစဉ်းစားထားသင့်သည့် အချက်အနေဖြင့် တားမြစ်ကန့်သတ်ထားသည့် သဘောတူညီချက် သို့မဟုတ် ကျင့်သုံးဆောင်ရွက်မှု သို့မဟုတ် စုပေါင်းလုပ်ငန်းတစ်ခုကို ဦးတည်သွားစေနိုင်သည့် လုပ်ရပ်များလုပ်ဆောင်နေစဉ်၌ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသည် စျေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ အကြိုစစ်ဆေးမှုတွင် ဖော်ပြထားပြီးဖြစ်သည့် စျေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ အကြောင်းအရာများ အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပြုအမူအရဖြစ်စေ၊ ဖွဲ့စည်းတည်ဆောက်ပုံအရ ဖြစ်စေဝန်ခံကတိပြုရမည်ဟူ၍ဖြစ်သည်။ ထို့ပြင် ထိုသို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများသည် ၎င်းတို့ဝန်ခံကတိပြုထားသည့်အတိုင်း လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်သည့် နည်းမျိုးဖြင့်မဟုတ်ဘဲ လိုက်နာ

ဆောင်ရွက်မှုရှိစေနိုင်ရန် ဆုံးဖြတ်ချက်များချမှတ်နိုင်သည့်အခွင့်အာဏာကို ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ထံ အပ်နှင်းထားရပါမည်။ ဤနေရာ၌ —

၆-၅-၁-၁။ "အပြုအမူအရဟန်ခံကတိပြုချက်များ" ဆိုသည်မှာ စီးပွားရေးဆန်ဆန် ပြုမူဆောင်ရွက်မှုများအား ပြောင်းလဲပစ်ရန် ဝန်ခံကတိပြုချက်ပေးခြင်းကို ဆိုလိုသည်။ ဥပမာအားဖြင့် လက်ရှိတွင်ကျင့်သုံးနေသည့် သီးသန့်ဆန်လွန်းသော သဘောတူညီချက်များအား ရပ်စဲခြင်း။

၆-၅-၁-၂။ "ဖွဲ့စည်းတည်ဆောက်ပုံအရဟန်ခံကတိပြုချက်များ" ဆိုသည်မှာ လုပ်ငန်းအားဖျက်သိမ်းပစ်ရန် ဝန်ခံကတိပြုခြင်း သို့မဟုတ် ရှယ်ယာများထုတ်ရောင်းပစ်ရန် ဝန်ခံကတိပြုခြင်းတို့ကို ဆိုလိုသည်။

၆-၅-၂။ အဆိုပါ စီရင်ဆုံးဖြတ်ချက်များအား သတ်မှတ်ကာလတစ်ခုအထိ ကျင့်သုံးနိုင်မည်ဖြစ်ပြီး ထိုသို့ ဝန်ခံကတိပြုချက်များ သူ့နေရာနှင့်သူ ရှိထားနှင့်ပြီးဖြစ်သည့်အတွက် ဈေးကွက်ပြိုင်ဆိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် သမရိုးကျတားမြစ်ချက်တစ်ခုခုကို ထုတ်ပြန်ခြင်းမရှိဟုဆိုပါက အရေးယူဆောင်ရွက်ရန် အကြောင်းအရင်းဟူ၍ မရှိနိုင်တော့ပါဟု ကောက်ချက်ချနိုင်ပါသည်။

၆-၅-၃။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ အချက်များကို ယုံကြည်နိုင်လောက်သည့် အကြောင်းများရှိပါက တောင်းဆိုမှုအရဖြစ်စေ၊ ၎င်း၏ သဘောဆန္ဒအရဖြစ်စေ တရားစွဲဆိုမှုကို ပြန်လည်ပြုလုပ်ရန် ခွင့်ပြုနိုင်သည်။ ယင်းတို့မှာ —

၆-၅-၃-၁။ စီရင်ဆုံးဖြတ်ရာတွင် အခြေခံအဖြစ် အသုံးပြုထားသည့် အချက်အလက်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောင်းလဲမှုရှိထားသည်ဟု ယုံကြည်ခြင်း။

၆-၅-၃-၂။ စီရင်ဆုံးဖြတ်မှုနှင့်သက်ဆိုင်သော လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ဝန်ခံကတိပြုချက်များကို ချိုးဖျက်ခြင်း။

၆-၅-၃-၃။ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများမှ ပေးပို့လာသော ပြည့်စုံမှန်ကန်မှုမရှိသည့် သတင်းအချက်အလက်များကို အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ထားခြင်းတို့ ဖြစ်သည်။

၆-၅-၄။ မည်သည့်အခါတွင်ဖြစ်စေ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ယင်းဝန်ခံကတိပြုချက်နှင့် ပတ်သက်၍ ပြောင်းလဲမှုမျိုးကိုဖြစ်စေ သို့မဟုတ် အခြားဝန်ခံကတိပြုချက်တစ်မျိုးမျိုးနှင့် အစားထိုးမှုမျိုးကိုဖြစ်စေ လက်သင့်ခံပေးနိုင်ရပါမည်။

၆-၅-၅။ ရည်ရွယ်ချက်အောင်မြင်စေရန်အတွက် လိုအပ်ခြင်းမရှိတော့ပါ သို့မဟုတ် သင့်လျော်မှုမရှိတော့ပါဟု ယုံကြည်နိုင်သည့် ခိုင်လုံသောအကြောင်းအရင်းများရှိပါက ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ယင်းဝန်ခံကတိပြုချက်များကို လက်လွှတ်ရပါမည်။

၆-၅-၆။ ဂဏန်းကတိပြုချက်တစ်ခုအား လက်သင့်မခံမီဖြစ်စေ၊ ပြောင်းလဲခြင်းမပြုမီဖြစ်စေ၊ အစားမထိုးမီဖြစ်စေ သို့မဟုတ် လက်မလွှတ်မီဖြစ်စေ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ၎င်းမှ သင့်တော်သည်ဟုယူဆသည့် ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးရပါမည်။

## ၆-၆။ ကြားဖြတ်ဆောင်ရွက်ချက်များ

၆-၆-၁။ သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်အစုအဖွဲ့တစ်ခုခုအား ပြင်းထန်သော၊ ပြန်ပြင်၍မရသော ထိခိုက်နစ်နာမှုဖြစ်စေခြင်းမှ ကာကွယ်ရန်ဖြစ်စေ သို့မဟုတ် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန်ဖြစ်စေ အရေးတကြီးဆောင်ရွက်ရန် လိုအပ်နေသည့်အခါမျိုး၌ စုံစမ်းစစ်ဆေးမှု မပြီးပြတ်သေးခင် အချိန်အတွင်း ကြားဖြတ်ဆောင်ရွက်ချက်များ ပြုလုပ်နိုင်သည့် သို့မဟုတ် ရုပ်သိမ်းအမိန့်များ ထုတ်ပြန်နိုင်သည့် အခွင့်အာဏာကို ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ထံဖြစ်စေ၊ ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့တစ်ခုခုထံဖြစ်စေ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပေးအပ်ထားရပါမည်။

၆-၆-၂။ ပြန်လည်ကုစားမှုများ ပြုလုပ်ရာ၌ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ စွမ်းဆောင်ရည်ကိုဖြစ်စေ သို့မဟုတ် စုံစမ်းစစ်ဆေးသည့် လုပ်ငန်းကိုဖြစ်စေ အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေနိုင်သည့် အပြုအမူမျိုးအား ကြိုတင်ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့်လည်း ကြားဖြတ်ဆောင်ရွက်ချက်များကို ပြုလုပ်သွားနိုင်ပါသည်။ (ဥပမာ - ဥပဒေချိုးဖောက်ရန် အလားအလာရှိသည့် စုပေါင်းလုပ်ငန်းတစ်ခုအား ဥပဒေအတိုင်း လိုက်နာဆောင်ရွက်စေခြင်း)

၆-၆-၃။ ကြားဖြတ်ဆောင်ရွက်ချက်များသည် ဥပဒေနှင့်မညီညွတ်သည့် ကျင့်သုံးဆောင်ရွက်နေမှုအား ဆက်လက်ပြုလုပ်နေမှုအပေါ် တားမြစ်သည့် တားမြစ်အမိန့်ပုံစံမျိုး (ရပ်ဆိုင်းပြတ်စဲအမိန့်) ဖြစ်နိုင်သကဲ့သို့ အပြုသဘောဆောင်သည့်နည်းဖြင့် ဥပဒေနှင့်လျော်ညီခြင်းမရှိသည့် အခြေအနေအား ရပ်တန့်ရန် ချမှတ်သည့် အမိန့်ပုံစံမျိုးလည်း ဖြစ်နေနိုင်ပါသည်။

၆-၆-၄။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ ကျင့်သုံးဆောင်ရွက်နေသည့် ကြားဖြတ်လုပ်ဆောင်ချက်များသည် တရားရေးစီရင်အရ ပြန်လည်သုံးသပ်မှု လက်ခံနိုင်ရမည်ဖြစ်ကြောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ပေးထားရပါမည်။

## ၆-၇။ အရေးယူမှုများ

၆-၇-၁။ ဥပဒေအား လိုက်နာမှုရှိစေရေးအတွက် ရာဇဝတ်မှုမြောက်၍ဖြစ်စေ၊ တရားမမှုမြောက်၍ဖြစ်စေ စီမံအုပ်ချုပ်မှုအရ ပြစ်မှုမြောက်၍ဖြစ်စေ ယင်းတို့အတွက် သက်ညှာသော အရေးယူမှုမျိုးသာမက ပြင်းထန်သောအရေး

ယှဉ်မှုမျိုးပါ ပါဝင်သည့် အရေးယူမှုအမျိုးမျိုးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက ထားရှိပေးထားရပါမည်။ ထို့ပြင် ထိုသို့ အရေးယူမှုမျိုးသည် တရားစီရင်ရေးအရ ပြန်လည်စိစစ်သုံးသပ်မှုကို လိုက်နာရမည်ဟုလည်း သတ်မှတ်ပေးထားရပါမည်။

၆-၇-၂။ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် သဘောတူညီချက်များမပြုလုပ်ရန် တားမြစ်ချက်များ၊ အသာစီး အနေအထား ရရှိမှုအပေါ် အလွဲသုံးစားမပြုရန် တားမြစ်ချက်များနှင့် ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် စုပေါင်း လုပ်ငန်းများအပေါ် တားမြစ်ချက်များစသည့်တို့ကို ချိုးဖောက်ခြင်းကဲ့သို့ ဥပဒေအား ထိထိရောက်ရောက် ချိုးဖောက်မှု များအတွက်လည်း အရေးယူမှုများ ထားရှိကျင့်သုံးသွားရပါမည်။

၆-၇-၃။ ထို့ပြင် သတင်းအချက်အလက်ပေးအပ်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ စာရွက်စာတမ်းများ အား ဖျက်ဆီးပစ်ခြင်း သို့မဟုတ် အတုပြုလုပ်ခြင်း၊ စီရင်ဆုံးဖြတ်ချက်များ သို့မဟုတ် အမိန့်များအား လိုက်နာမှုမရှိခြင်း သို့မဟုတ် အခြားသူများကိုလည်း လိုက်နာဆောင်ရွက်ခြင်းမရှိစေရန် သွေးဆောင်ဖျားယောင်းခြင်း သို့မဟုတ် ညွှန်ကြားခြင်းကဲ့သို့ လုပ်ထုံးလုပ်နည်းအရ ဥပဒေချိုးဖောက်မှုများအတွက်လည်း အရေးယူမှုများ ထားရှိကျင့်သုံးသွားရ ပါမည်။

၆-၇-၄။ ထားရှိကျင့်သုံးသွားရမည့် အရေးယူမှုများတွင် စီမံအုပ်ချုပ်မှုဆိုင်ရာ ငွေဒဏ်ချမှတ်မှုများ၊ တရားမမှု ဆိုင်ရာ ငွေဒဏ်ချမှတ်မှုများ၊ အခါအားလျော်စွာ ဒဏ်ငွေပေးဆောင်စေမှုများ၊ ရာဇဝတ်မှုဆိုင်ရာအရေးယူဆောင်ရွက်မှု များ၊ ပြုပြင်ရေးအမိန့်များ၊ မထီမဲ့မြင်ပြုခြင်းအတွက် အမိန့်ချမှတ်မှုများ စသည်တို့ပါဝင်သည်။ ဤနေရာ၌ —

၆-၇-၄-၁။ "<u>စီမံအုပ်ချုပ်မှုဆိုင်ရာ ငွေဒဏ်သာမန်ချမှတ်မှုများ</u>" ဆိုသည်မှာ စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ချိုးဖောက်ခြင်းအတွက် သာမန်အရပ်သား သို့မဟုတ် တရားရေးဝန်ထမ်းတစ်ဦးဦးအား ချမှတ်လိုက် သည့် ငွေဒဏ်များ သို့မဟုတ် ဒဏ်ကြေးများကို ဆိုလိုသည်။ ထိုသို့ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ အရေးယူမှုများ ပြုလုပ်နိုင်သည့် အခွင့်အာဏာကို ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ထံဖြစ်စေ (သို့မဟုတ် ဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းတစ်ခုခုထံဖြစ်စေ) သို့မဟုတ် တရားရေးအာဏာပိုင်အဖွဲ့ထံဖြစ်စေ အပ်နှင်း ထားနိုင်ပါသည်။ သို့မဟုတ် ယင်းအဖွဲ့နှစ်ဖွဲ့အကြား အာဏာမျှဝေ ကျင့်သုံးခွင့်ပေးထားနိုင်ပါသည်။

၆-၇-၄-၂။ "<u>တရားမမှုဆိုင်ရာ ငွေဒဏ်ချမှတ်မှုများ</u>" ဆိုသည်မှာ စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြဋ္ဌာန်းထားသည့် ဥပဒေများ ကို ချိုးဖောက်ခြင်းအတွက် သာမန်အရပ်သား သို့မဟုတ် တရားရေးဝန်ထမ်းတစ်ဦးဦးအား အရေးယူဆောင်ရွက် ရန်အတွက် အဆိုပါ စီမံအုပ်ချုပ်ရေးအဖွဲ့မှ တရားမမှုဖြင့် စတင်ရုံးတင်စစ်ဆေး၍ တရားရေးအာဏာပိုင်အဖွဲ့မှ ချမှတ် လိုက်သည့် ငွေဒဏ်များ သို့မဟုတ် ဒဏ်ကြေးများကို ဆိုလိုသည်။

၆-၇-၄-၃။ "အခါအားလျော်စွာ ဒဏ်ငွေပေးဆောင်မှုများ" ဆိုသည်မှာ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုအား ဥပဒေချိုးဖောက်နေမှုကို ရပ်တန်းကရပ်၍ အမိန့်အတိုင်း လိုက်နာဆောင်ရွက်နေရန် သို့မဟုတ် စုံစမ်းစစ်ဆေးမှုများကို နာခံရန် သတ်မှတ်ပေးထားသည့် နေ့စဉ်ပေးဆောင်စေသည့် ဒဏ်ကြေးများကို ဆိုလိုသည်။

၆-၇-၄-၄။ "ရာဇဝတ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများ" ဆိုသည်မှာ တရားစီရင်ရေး အာဏာပိုင်အဖွဲ့တစ်ခုမှ ရာဇဝတ်မှုဥပဒေကို ကျင့်သုံးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ်ချမှတ်မှုများကို ဆိုလိုသည်။

၆-၇-၄-၅။ "ပြုပြင်ရေးအမိန့်များ" ဆိုသည်မှာ စုပေါင်းလုပ်ငန်း ထိန်းချုပ်ရေး ပြဋ္ဌာန်းချက်များအား ချိုးဖောက်လိုက်သည့်အခါ၌ ယင်းစုပေါင်းလုပ်ငန်းများအတွက် ထုတ်ပြန်လိုက်သည့် ရေရှည် သို့မဟုတ် ထာဝရရပ်စဲရေးအမိန့်များ သို့မဟုတ် အမိန့်ကြေညာချက်များ သို့မဟုတ် ရပ်သိမ်းအမိန့်များ စသည့် ပြုပြင်ရေးလုပ်ဆောင်ချက်များကို ဆိုလိုသည်။ အခြားသော အသေးစားပြုပြင်ရေး အမိန့်များ၌ ပြည်သူ့ရှေ့မှောက် ထုတ်ဖော်ဖွင့်ဟစေသည့် အမိန့်များ သို့မဟုတ် တောင်းပန်ဝန်ချစေသည့် လုပ်ဆောင်ချက်များ စသည်တို့ ပါဝင်သည်။ (ဥပမာ - ဥပဒေနှင့်မညီသည့် ပြုမူဆောင်ရွက်မှုများနှင့်ပတ်သက်၍ စီးပွားရေးအသိုက်အဝန်းသာမက အထူးသဖြင့် စားသုံးသူများအား အသိပေးနိုင်ရန်အတွက် လူသိများသည့် နေ့စဉ်သတင်းစာများ၌ ပြုပြင်ရေးအမိန့်များနှင့်ပတ်သက်၍ လူသိရှင်ကြားကြေညာပေးခြင်း)

၆-၇-၄-၆။ "မထီမဲ့မြင်ပြုခြင်းအတွက် အမိန့်များ" ဆိုသည်မှာ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်အဖွဲ့မှ ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ခုခုအား စိတ်လိုလက်ရ ဖီဆန်ခြင်း သို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် တရားစီရင်ရေးအာဏာပိုင်အဖွဲ့မှ ကိုင်တွယ်ဖြေရှင်းပေးရာ၌ မခန့်လေးစားပြုမူခြင်းအတွက် ချမှတ်သည့် အမိန့်များကို ဆိုလိုသည်။

## ၆-၈။ ဒဏ်ကြေးတွက်ချက်ခြင်း

၆-၈-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငွေဒဏ် (ဒဏ်ကြေး) ချမှတ်မည့် ပမာဏနှင့် ယင်းပမာဏကို တွက်ချက်မည့်နည်းလမ်းအား ဥပဒေအရ ရေးဆွဲထားရှိရပါမည်။ ထိုသို့ ရေးဆွဲထားရှိရာတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒဏ်ကြေးပမာဏ သတ်မှတ်ရာတွင် အသုံးပြုထားသည့် အခြေခံစည်းမျဉ်းကို ရှင်းလင်းဖော်ပြနိုင်ရန်အတွက် စဉ်းစားထားရပါမည်။

၆-၈-၁-၁။ ချိုးဖောက်မှုနှင့်ပတ်သက်၍ ယင်း၏လေးနက်မှု (ကြီးလေးမှု) ၊ ချိုးဖောက်သည့်ကာလနှင့် သက်ဆိုင်ရာဈေးကွက်ပေါ်၌ ယင်း၏သက်ရောက်မှု။

၆-၈-၁-၂။ ချိုးဖောက်မှုတွင် ပါဝင်နေသည့် လုပ်ငန်း (များ) ၏ အဝင်အထွက်ပမာဏ။

၆-၈-၁-၃။ ပိုမိုဆိုးရွားအောင် ပံ့ပိုးပေးနေသည့် အကြောင်းတစ်စုံတစ်ရာရှိ-မရှိ (ဥပမာ - ထပ်ခါတလဲလဲ ချိုးဖောက်နေခြင်း၊ ပူးပေါင်းဆောင်ရွက်ရန် ငြင်းပယ်ခြင်း၊ ချိုးဖောက်မှုတွင် ဦးဆောင်လှုပ်ရှားသူအဖြစ် သို့မဟုတ် သွေးထိုးလှုံ့ဆော်သူအဖြစ် ပါဝင်နေခြင်း၊ အခြားသူအမည်ခံဖြင့် ကျင့်သုံးဆောင်ရွက်နေခြင်း သို့မဟုတ် ချိုးဖောက်မှုဆက်လက်ပြုလုပ်သွားရန် အတင်းအကျပ်စေခိုင်းမှုများ ပြုလုပ်ခြင်းစသဖြင့်)

၆-၈-၁-၄။ လျှော့ပေါ့စဉ်းစားပေးနိုင်သည့် အချက်များ တစ်စုံတစ်ရာ ရှိ-မရှိ (ဥပမာ - အပြုခံရသူနေရာမှ ပါဝင်နေခြင်း ခြိမ်းခြောက်မှု သို့မဟုတ် ဖိအားပေးမှုအရ ဆောင်ရွက်ရခြင်း၊ တစ်ဖက်တစ်ပျက်သာ ချိုးဖောက်မှုရှိထားခြင်း သို့မဟုတ် ချိုးဖောက်မှုမရှိသေးခြင်း၊ ဥပဒေစိုးမိုးရေးလုပ်ငန်းအား ပို၍ထိထိရောက်ရောက် လျင်လျင်မြန်မြန်နှင့် ပြီးစီးသည်အထိ လုပ်ဆောင်သွားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခြင်း)

၆-၈-၁-၅။ နစ်နာကြေးပေးရေး သို့မဟုတ် လျော်ကြေးပေးရေး စည်းမျဉ်းများ။

၆-၈-၁-၆။ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ထောင်ဒဏ်ချမှတ်နိုင်မည့်အလားအလာ။

၆-၈-၁-၇။ အခြားဆက်စပ်အကြောင်းအရာများ (ဥပမာ - အဟန့်အတားဖြစ်စေသည့် အာနိသင်ရှိ-မရှိ)

၆-၈-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ချိုးဖောက်မှုများ တွန့်ဆုတ်သွားစေနိုင်လောက်သည်အထိ ဒဏ်ကြေးများ ထိထိရောက်ရောက်ချမှတ်သွားရန် စဉ်းစားထားကြရပါမည်။ (ဥပမာအားဖြင့် သတ်မှတ်ထားသည့် အမြင့်ဆုံးပမာဏအထိ ဒဏ်ကြေးချမှတ်ခြင်း သို့မဟုတ် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများရှိ ပြီးခဲ့သည့်နှစ်နှစ်ပတ်လည်ဝင်ငွေ၊ ထွက်ငွေပမာဏ၏ ရာခိုင်နှုန်းအတိုင်းအတာတစ်ခုအထိ ဒဏ်ကြေးချမှတ်ခြင်း။

၆-၈-၃။ ချိုးဖောက်မှု အမျိုးအစားကိုလိုက်၍ဖြစ်စေ သို့မဟုတ် စိတ်လိုလက်ရချိုးဖောက်ခြင်း၊ တမင်ကြံရွယ်ချိုးဖောက်ခြင်း သို့မဟုတ် ပေါ့ဆမှုကြောင့် ချိုးဖောက်မိခြင်း စသည့်အချက်များကို မူတည်၍ဖြစ်စေ ချမှတ်သွားမည့် ဒဏ်ကြေးများ ကွဲပြားမှုရှိနိုင်ပါသည်။ အထူးသဖြင့် အကျင့်ပျက်စီးပွားရေးဆန်သည့် အပြုအမူများ ဥပမာ - ပုံသေဈေးနှုန်းသတ်မှတ်ခြင်း၊ လေလံကစားခြင်း (ပူးပေါင်းကြံစည်ခြင်း) ကဲ့သို့ ပြုမူဆောင်ရွက်မှုများအတွက် ချမှတ်သည့် ဒဏ်ကြေးများသည် ပို၍ပမာဏ မြင့်မားနိုင်ပါသည်။ သို့သော် ဤသို့ဒဏ်ကြေးချမှတ်ရာတွင်လည်း တရားရေးအရ ပြန်လည်သုံးသပ်မှုကို လိုက်နာရမည်ဖြစ်ကြောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ပေးထားရပါမည်။

## ၆-၉။ သက်ညှာမှု

၆-၉-၁။ အကျင့်ပျက် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည့် လုပ်ငန်းစုများအနေဖြင့် ယင်းနှင့်ပတ်သက်သည့် သက်သေအထောက်အထားများကို ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့ တစ်ခုခုအား ထောက်ပံ့ပေးခြင်းဖြင့် အပြစ်ကင်းစင်သွားမည် မဟုတ်သော်လည်း ထိုသို့ အကျင့်ပျက်

စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ခြင်းကြောင့် သွေဖည်သည့် သဘောတူညီချက်များအား ဆန့်ကျင်ရန်ထုတ်ပြန်ထားသည့် ပြဌာန်းချက်များကို ချိုးဖောက်ရာရောက်သွားသည့် အဆိုပါ လုပ်ငန်းစုများအတွက် ရည်ရွယ်သော သက်ညှာထောက်ထားရေးအစီအစဉ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက စတင်ကျင့်သုံးပေးသွားရပါမည်။

၆-၉-၂။ အဆိုပါလုပ်ငန်းစုများသည် ယင်းသို့ အကျင့်ပျက် စီးပွားရေးလုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ခဲ့သည်ကို ၎င်းတို့ကိုယ်တိုင် အရှေ့ထွက်၍ ဖော်ကောင်လုပ်လိုက်သည့်အခါ၌ ကြီးလေးသောငွေဒဏ်များ၊ ချမှတ်ခံရမည်ကို ကြောက်ရွံ့နေကြသည့်အတွက် ထိုသို့ပြုလုပ်ရန် တွန့်ဆုတ်နေတတ်ကြပါသည်။

၆-၉-၃။ ထိုသို့ အကျင့်ပျက်စီးပွားရေးလုပ်ငန်းများ၌ လျှို့ဝှက်တတ်သော သဘောသဘာဝရှိခြင်းကြောင့် ယင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေဆဲဖြစ်သည့် သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် လုပ်ငန်းများအား ယင်းအကျင့်ပျက်လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်ကြားမှုပြုရန် မက်လုံးပေး၍ ရှေ့ထွက်ခိုင်းခြင်းမျိုးလည်း ရှိတတ်ပါသည်။

၆-၉-၄။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းတစ်ခုခုနှင့် (သက်ညှာထောက်ထားရေး အစီအစဉ်အရ) လာရောက်ပူးပေါင်းသည့် အဆိုပါလုပ်ငန်းစုများအတွက် ပေးအပ်သွားမည့် ညှာတာထောက်ထားမှုသည် ထိုကဲ့သို့ အကျင့်ပျက်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ခြင်းကြောင့် ဒဏ်ငွေများချမှတ်လိုက်မည်ဟု ရည်ရွယ်ထားသည့် မူဝါဒရည်ရွယ်ချက်များထက် အလေးသာနေခြင်း ရှိ-မရှိကိုလည်းကောင်း၊ ထိုသို့ သက်ညှာထောက်ထားရေး အစီအစဉ်တစ်ခုသည် ဥပဒေစိုးမိုးရေး မဟာဗျူဟာကိုဆောင်ရွက်ရာ၌ ကဏ္ဍတစ်ခုအဖြစ်ပါဝင်ရန် သင့်-မသင့်ကိုလည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများက စဉ်းစားကြရပါမည်။

၆-၉-၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အောက်ဖော်ပြပါ လက္ခဏာများပါဝင်သည့် သက်ညှာထောက်ထားရေး အစီအစဉ်တစ်ခု ပုံစံရေးဆွဲသွားနိုင်ရေးကိုလည်း စဉ်းစားထားကြရပါမည်။

၆-၉-၅-၁။ (က) ဈေးကွယ်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းတစ်ခုခုက အကျင့်ပျက်စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေမှုအပေါ် သတိမပြုမိသည့်အခါတွင်ဖြစ်စေ၊ (ခ) ဈေးကွယ်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းတစ်ခုခုက အကျင့်ပျက်စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေမှုကို သတိပြုမိသော်လည်း တရားဥပဒေအရ ဆောင်ရွက်ရန် သို့မဟုတ် တရားစွဲဆိုရန် သက်သေအထောက်အထား မလုံလောက်သည့်အခါတွင်ဖြစ်စေ၊ သက်ညှာထောက်ထားမှုကို ရယူနိုင်ပါသည်။ သက်ညှာထောက်ထားမှု ပေးအပ်မည်၊ မပေးအပ်မည် ဆိုသည့် အချက်မှာမူ လျှောက်ထားသူမှ ပေးပို့လာသည့် သတင်းအချက်အလက်၏ အသုံးဝင်မှုအပေါ် မူတည်ပါသည်။ အနည်းဆုံးအားဖြင့် သက်ဆိုင်ရာလုပ်ငန်းစုမှ ပေးပို့လာသည့် သတင်းအချက်အလက်များသည် ဈေးကွယ်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းတစ်ခုခုအတွက် စုံစမ်းစစ်ဆေးမှုတစ်ခုကို စိတ်ချလက်ချ ဆက်လက်လုပ်

ဆောင်သွားရန် အထောက်အပံ့ပြုပေးနိုင်ရပါမည်။ သို့မဟုတ် ယင်းသို့ စုံစမ်းစစ်ဆေးမှု ဆက်လက်ပြုလုပ်သွားရာ၌ သိသာသော အကျိုးကျေးဇူးရှိစေရပါမည်။

၆-၉-၅-၂။ မိမိကိုယ်တိုင်ပါဝင်ခဲ့ခြင်းကို ပထမဦးစွာ ကိုယ်တိုင်ထုတ်ဖော်တိုင်ကြားလာ၍ အောက်ပါတို့ကို ဆောင်ရွက်ပေးနိုင်သည့် ပုဂ္ဂိုလ်အား သက်ညှာထောက်ထားမှု ပေးအပ်နိုင်ပါသည်။

၆-၉-၅-၂-၁။ ၎င်းကိုယ်တိုင် အကျင့်ပျက်စီးပွားရေးလုပ်ငန်းတွင် ပါဝင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများ၊ သက်သေအထောက်အထားများ ပေးပို့နိုင်သူ။

၆-၉-၅-၂-၂။ စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ်နှင့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် အရေးယူမှု ပြီးပြတ်သွားသည်အထိ အဆက်မပြတ် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားနိုင်သူ။

၆-၉-၅-၂-၃။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေ စိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့ အစည်းတစ်ခုခုထံသို့ အကျင့်ပျက် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုပြီးသည့် အချိန်မှစ၍ ညွှန်ကြားမှုကြောင့်မဟုတ်ပါက ယင်းသို့ အကျင့်ပျက်စီးပွားရေးလုပ်ငန်း၌ ထပ်မံပါဝင်ဆောင်ရွက်ခြင်းမရှိတော့သူ။

၆-၉-၅-၂-၄။ အကျင့်ပျက်စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ခြင်းမရှိသူ သို့မဟုတ် ယင်းသို့ လုပ်ဆောင်ရန် အစပျိုးခဲ့သည့် ပုဂ္ဂိုလ်မဟုတ်သူ။

၆-၉-၅-၂-၅။ အခြားလုပ်ငန်းစု တစ်ခုခုကိုလည်း ယင်းသို့ အကျင့်ပျက်စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာ၌ ပါဝင်လုပ်ဆောင်စေရန် အတင်းအကျပ် စေခိုင်းခဲ့ခြင်းမရှိသူ။

၆-၉-၅-၃။ သက်ညှာထောက်ထားရန် လျှောက်ထားသူမှ ယင်းသို့ လျှောက်ထားမှုကို လက်လွှတ်လိုက်ကြောင်း အကြောင်းကြားစာ ပေးပို့ခြင်းမရှိလျှင် သို့မဟုတ် ယင်းလျှောက်ထားမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား ထုတ်ဖော်ပြောဆိုရန် ဥပဒေအရသတ်မှတ်ထားခြင်းမရှိလျှင် ထိုသို့ သက်ညှာထောက်ထားမှု လျှောက်ထားသူ၏ ကိုယ်ပိုင်အမှတ်အသားနှင့် ယင်းလျှောက်ထားသူမှ ပေးပို့လာသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို လျှို့ဝှက်ပေးထားရပါမည်။ ထိုသို့ လျှောက်ထားမှု လက်လွှတ်လိုက်ကြောင်း ပေးပို့အကြောင်းကြားမှုသည် စုံစမ်းစစ်ဆေးရေးအဖွဲ့များအချင်းချင်းချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်စေရမည်ဟု သတ်မှတ်ပေးထားရပါမည်။

၆-၉-၆။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စုံစမ်းစစ်ဆေးရာတွင် သိသိသာသာ အကျိုးသက်ရောက်မှု ရှိစေနိုင်မည့် သက်သေအထောက်အထားများကို ပေးပို့လာသည့် ဒုတိယမြောက်နှင့် နောက်ဆက်တွဲ သက်ညှာထောက်ထားမှု လျှောက်ထားသူများအတွက် သက်ညှာထောက်ထားမှုများ တိုးချဲ့ပေးအပ်သွားရပါမည်။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းတစ်ခုခုနှင့် လာရောက်ဆက်သွယ်ရာတွင် "အလျင်အမြန်ကိုယ်တိုင်လာရောက်သတင်းပေးမှု" ကို အားပေးသည့်အနေဖြင့် (စုံစမ်းစစ်ဆေးမှု

မစတင်မီအချိန်၌) ပထမဦးဆုံး လာရောက်သတင်းပေးပို့ လျှောက်ထားသူကို ငွေဒဏ်များမှ အလိုအလျောက် ကွင်းလုံးကျွတ်ကင်းလွတ်ခွင့် ပေးအပ်ထားရမည်ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် လာရောက်လျှောက်ထားသူများ အတွက်မူ အကျင့်ပျက်စီးပွားရေးလုပ်ငန်းတွင် ပါဝင်ခဲ့ခြင်းအတွက် ငွေဒဏ်ချမှတ်ရာ၌ အတိုင်းအတာတစ်ခုထိ လျှော့ ပေါ့ပေးသွားရပါမည်။ ပြစ်ဒဏ်လျှော့ပေါ့ပေးမှုများသည် ဥပဒေချိုးဖောက်ရာ၌ အမှန်တကယ် ပါဝင်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ ချိုးဖောက်မှုအတိုင်းအတာနှင့် အချိန်ကာလစသည်တို့နှင့် ကိုက်ညီစေရပါမည်။

၆-၉-၇။ သက်ညှာထောက်ထားမှု လျှောက်ထားသည့် လုပ်ငန်းစုများ၏ တန်းစီးဇယားတွင် ရရှိထားသည့်နေရာကို မပျောက်ပျက်သွားစေရန် အကာအကွယ်ပေးထားနိုင်မည့် "အမှတ်အသားထားရှိပေးသည့်စနစ်"၊ "နေရာဖယ်ချန်ထား ပေးသည့်စနစ်" ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက စတင်ကျင့်သုံးပေးသွားရပါမည်။ ထိုသို့ ပြုလုပ်ပေးထားခြင်းဖြင့် ဈေးကွယ်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေ စိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းတစ်ခုခုက သက်ညှာထောက်ထားမှုလျှောက်ထားရာတွင်အရည်အချင်းပြည့်မီသည့် ပထမဆုံးလုပ်ငန်းစုကို ရွေးချယ်မှုမပြုမီ၌ အဆိုပါ လုပ်ငန်းစုအသီးသီးသည် ၎င်းတို့ သက်ညှာထောက်ထားမှုလျှောက်ထားရာတွင် လိုအပ်သည့် သက်သေ အထောက်အထားများ၊ သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ စုဆောင်းရန် အချိန်ရသွားပါသည်။ ဤနည်းအားဖြင့် လျှောက်ထားရန် အလားအလာရှိသူများ၏ ပြတ်သားသေချာမှုကို ဖြစ်ပေါ်စေပြီး အပြိုင်အဆိုင် လာရောက်လျှောက် ထားမှု ပေါ်ပေါက်စေရန်လည်း တွန်းအားပေးရာရောက်ပါသည်။

၆-၉-၈။ အကျင့်ပျက် စီးပွားရေးလုပ်ငန်းများအား စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းကို ဆောင်ရွက်ရန် တာဝန် ယူထားသည့် အာဏာပိုင်အဖွဲ့အစည်း အများအပြားရှိနေသည့် အခါမျိုးတွင်မူ အာဆီယံအဖွဲ့ဝင်နိုင်ငံများနေဖြင့် ယင်း အာဏာပိုင်အဖွဲ့အစည်းများ၌ မူဝါဒကို တစ်သမတ်တည်း ကျင့်သုံးသွားစေနိုင်ရန် အကျင့်ပျက်စီးပွားရေးလုပ်ငန်း၏ ကျင့်သုံးမှုအတိမ်အနက်ကို ဆုံးဖြတ်မည့် အယူအဆအား မျှဝေနိုင်စေရန်၊ ယင်းအကျင့်ပျက်စီးပွားရေးလုပ်ငန်းအား တရားစွဲဆိုရာ၌ ဦးစားပေးဆောင်ရွက်သွားရမည့် အကြောင်းအရာများအား မျှဝေနိုင်စေရန်နှင့် ပွင့်လင်းလွတ်လပ်စွာ အဆက်မပြတ် ဆက်သွယ်ဆောင်ရွက်သွားနိုင်စေရန် စီစဉ်ပေးထားရပါမည်။

## ၆-၁၀။ ပြေငြိမ်းမှု

၆-၁၀-၁။ စုံစမ်းစစ်ဆေးမှုခံယူနေရသည့် လုပ်ငန်းစုများအတွက် ပြေငြိမ်းမှုကိုဖြစ်ပေါ်စေနိုင်မည့် လုပ်ထုံးလုပ်နည်း တစ်ရပ်ကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စတင်ကျင့်သုံးပေးသွားရမည်ဖြစ်ပြီး ဤနည်းအားဖြင့် ယင်းလုပ်ငန်းစု များသည် စုံစမ်းစစ်ဆေးမှုခံရခြင်းမှ ကင်းလွတ်ခွင့်ရကြမည် ဖြစ်သည်။ ယင်းလုပ်ငန်းစုများသည် သက်ဆိုင်ရာ သဘောတူညီချက် သို့မဟုတ် ကျင့်သုံးမှုကို အပြီးအပြတ်ရပ်စဲလိုက်လျှင်ဖြစ်စေ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ

စည်းမျဉ်းများနှင့်အညီ ပြုပြင်ပြောင်းလဲလိုက်လျှင်ဖြစ်စေ အဆိုပါ ပြေငြိမ်းရေးအစီအစဉ်အရ ယင်းလုပ်ငန်းစုများအပေါ် ဆောင်ရွက်နေသည့် အရေးယူဆောင်ရွက်မှုများကို ရပ်စဲပေးသွားမည် သို့မဟုတ် ရပ်ဆိုင်းပေးသွားမည် ဖြစ်သည်။

၆-၁၀-၂။ ထိုသို့ ပြေငြိမ်းမှုများကို ခွင့်ပြုပေးထားစေကာမူ လုပ်ငန်းစုများဘက်မှ ပြေငြိမ်းရေးအတွက် သတ်မှတ်ချက်များကို လိုက်နာခြင်းမရှိပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားစွဲဆိုမှုကို ပြန်လည်လုပ်ဆောင်ရန် တွန့်ဆုတ်မနေသင့်ပါ။ ထို့ပြင် ထိုသို့လိုက်နာခြင်းမရှိသည့် လုပ်ငန်းစု သို့မဟုတ် လုပ်ငန်းစုများသည် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ အရေးယူမှုများအတိုင်း နာခံသွားရပါမည်။

## ၆-၁၁။ နစ်နာကြေးများအတွက် သီးသန့်အာဏာတည်စေမှုနှင့် အရေးယူမှု

၆-၁၁-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ချိုးဖောက်မှုများအတွက် သင့်လျော်ရာ တရားရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ခြင်းမပြုမီကပင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သီးသန့်တရားစွဲဆိုမှု ပြုလုပ်ပေးရန် လျှောက်ထားလာသည့် မည်သည့်လုပ်ငန်းစုကိုမဆို ခွင့်ပြုပေးနိုင်ပြီး ထိုသို့ခွင့်ပြုပေးရခြင်းကလည်း (တိုးပွားလာမည့် ကုန်ကျစရိတ်များနှင့် အတိုးနှုန်းများအပါအဝင်) ၎င်းရရှိခံစားရနိုင်မည့် ထိခိုက်နစ်နာမှုများအတွက် ပြန်ကာမိစေရန်ဖြစ်သည်။

၆-၁၁-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ချိုးဖောက်မှုကြောင့် ရရှိခံစားသွားရသည့် နစ်နာကြေးများ တောင်းခံမှုကို ခွင့်ပြုပေးထားခြင်းအားဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ စိုးမိုးမှုကို အားကောင်းလာစေရမည့်အပြင် ယင်းဥပဒေချိုးဖောက်မှုတစ်ခုကြောင့် ထိခိုက်နစ်နာသွားရသူများမှ ၎င်းတို့၏ ဆုံးရှုံးနစ်နာမှုများ ပြန်လည်ရရှိရန် တရားသဖြင့်တောင်းဆိုရာတွင်လည်း ပိုမိုလွယ်ကူမှုရှိစေရန် ဆောင်ရွက်ပေးထားရပါမည်။

၆-၁၁-၃။ ထိခိုက်နစ်နာသွားသည့် လုပ်ငန်းစုများမှ တောင်းဆိုနိုင်သည့် နစ်နာကြေးပမာဏနှင့် ယင်းပမာဏအား တွက်ချက်သည့်နည်းစနစ်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက ထည့်သွင်းထားရှိပေးနိုင်ပါသည်။

၆-၁၁-၃-၁။ ဥပဒေချိုးဖောက်ခြင်းကြောင့် ထိခိုက်နစ်နာမှုအဖြစ် ကုန်ကျသွားရသည့် အကြောင်းခိုင်လုံသော ကုန်ကျစရိတ်များနှင့် နစ်နာကြေးများကို အပြည့်အဝအစားထိုး ဖြည့်ဆည်းပေးနိုင်မည့် နစ်နာကြေးအဖြစ် ပေးအပ်မည့်ပမာဏကို ရေးဆွဲသတ်မှတ်ကျင့်သုံးသွားရပါမည်။ အပြည့်အဝအစားထိုး ဖြည့်ဆည်းပေးနိုင်ရေးအတွက်ဟု ဆိုရာ၌ အမှန်တကယ် ဆုံးရှုံးသွားရသည့် ပမာဏကိုဆိုလိုပြီး တစ်နည်းအားဖြင့် ထိခိုက်နစ်နာသွားသည့်အချိန်မှ ယင်းသို့ အစားထိုးဖြည်ဆည်းပေးသည့် အချိန်ထိ ရရှိမည့်အကျိုးအမြတ်နှင့် အတိုးနှုန်းပေးချေမှုများအားလုံးကို ဆိုလိုသည်။

၆-၁၁-၃-၂။ အမှန်တကယ်ဆုံးရှုံးနစ်နာသွားရသည့် ပမာဏကိုအဆတိုး၍ ပြန်လည်ဖြည့်ဆည်းပေးစေခြင်း၊ တရားရေးကုန်ကျစရိတ်များကိုပါ ထည့်ပေါင်း၍ ကျခံစေခြင်းကဲ့သို့ အဟန့်သဖွယ်နေစေမည့် ပမာဏကို ရေးဆွဲကျင့်သုံးနိုင်ပါသည်။

၆-၁၁-၃-၃။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်း သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်အဖွဲ့မှ တင်ပြလာသည့် အမှန်တကယ်နစ်နာကြေးပမာဏနှင့်လည်း မရောယှက်စေဘဲ ကင်းလွတ်နေစေရန် ရေးဆွဲကျင့်သုံးရပါမည်။

၆-၁၁-၄။ <u>သက်သေအထောက်အထားနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များ။</u>

ဈေးကွက်ယှဉ်ပြိုင်ရေး ဥပဒေချိုးဖောက်မှုကြောင့် ထိခိုက်နစ်နာသွားရသည့် လုပ်ငန်းစုတစ်ခုအနေဖြင့် ၎င်းဘက်မှ ခိုင်လုံသော သက်သေအထောက်အထားများ တင်ပြပြီးဖြစ်သော်လည်း ငြင်းမရအောင်ခိုင်လုံသည့် သက်သေအထောက်အထားများ ထပ်မံတင်ပြနိုင်ခြင်းမရှိသည့်အခါ၌ ယင်းအတွက် သက်သေအထောက်အထားကို အခြားလုပ်ငန်းစုများက ထုတ်ဖော်ပြောကြားနိုင်ပြီး ယင်းသို့ ပြောကြားမှုသည် ဆီလျော်ညီညွတ်မှုရှိရမည်ဖြစ်ကာ ထိုသို့ ပြောကြားလာသည့်လုပ်ငန်းစုအတွက် တရားဝင်အကျိုးကျေးဇူးများကိုပါ ရရှိခံစားစေပြီးလျှင် လျှို့ဝှက်လုံခြုံမှုကိုပါ ကာကွယ်ပေးထားရမည်ဟု အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သတ်မှတ်ပေးထားရပါမည်။

၆-၁၁-၅။ <u>အုပ်စုလိုက်ဆောင်ရွက်မှု</u> - ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ချိုးဖောက်ခြင်းကြောင့် ထိခိုက်နစ်နာသွားရသည့် နှစ်ခု သို့မဟုတ် ယင်းထက်ပိုသော လုပ်ငန်းစုများအနေဖြင့် အရည်အချင်းပြည့်မီသည့် တရားရေးအာဏာပိုင်အဖွဲ့ထံ နစ်နာကြေးများ အတူတကွတောင်းခံနိုင်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ပေးထားရပါမည်။ ထို့ပြင် အလားတူချိုးဖောက်မှုကြောင့် ထိခိုက်နစ်နာသွားရသည့် အခြားလုပ်ငန်းစုများ ရှိနေသေးလျှင်လည်း ယင်းလုပ်ငန်းစုများသည် တိုင်ကြားထားပြီးဖြစ်သည့် အုပ်စုလိုက်ဆောင်ရွက်မှုတွင် ပါဝင်စေနိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ပေးရမည် ဖြစ်သည်။ သို့သော် ထိုသို့ပါဝင်မှုသည် တရားစွဲဆိုဆောင်ရွက်နေသည့် အခြေအနေကို ပျက်ယွင်းခြင်းမရှိစေရဘဲ တရားခံ(များ)၏ အခွင့်အရေးကိုလည်း မထိခိုက်စေရပါ။

# အခန်း (၇) တရားစွဲဆိုခြင်းလုပ်ငန်းစဉ်

## ၇-၁။ တရားစွဲဆိုခြင်းလုပ်ငန်းစဉ်၏ အရေးပါမှု

၇-၁-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ ထိထိရောက်ရောက်ကျင့်သုံးသွားနိုင်ရေး ဆောင်ရွက်ရာ၌ အဖွဲ့အစည်းဆိုင်ရာမူဘောင်နှင့် တရားစွဲဆိုခြင်းလုပ်ငန်းစဉ်တို့အား ခိုင်ခိုင်မာမာထားရှိခြင်းသည် အဓိကကျပါသည်။ အထူးသဖြင့် ကျင့်သုံးသွားမည့် လုပ်ထုံးလုပ်နည်းများ၌ ပွင့်လင်းမြင်သာမှု၊ ခိုင်မာလေးနက်တာဝန်ယူမှုတို့ ရှိရန်လိုအပ်ပြီး လိုသည်ထက်ပို၍ ဝန်ပိစေခြင်း သို့မဟုတ် တားမြစ်ကန့်သတ်ခြင်းမျိုး မရှိစေရပါ။ ထို့ပြင် ဈေးကွယ်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ (သို့မဟုတ် အခြားသော ဥပဒေစိုးမိုးရေး အာဏာပိုင်အဖွဲ့) ၏ လက်ခံယုံကြည်ရနိုင်မှုကို အထောက်အကူဖြစ်စေရာတွင် ပွင့်လင်းမြင်သာမှုသည်လည်း အဓိကကျသည်ဟု ဆိုနိုင်ပါသည်။

၇-၁-၂။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား ချိုးဖောက်မှုရှိ-မရှိ စီရင်ဆုံးဖြတ်ရာ၌ ခုံသမာဓိအဖြစ် ဆောင်ရွက်မည့်သူသည် တရားစီရင်ရေး အာဏာပိုင်အဖွဲ့ပေလော သို့မဟုတ် ဈေးကွယ်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ ပေလော ဆိုသည့်အချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက စဉ်းစားထားကြရပါမည်။ အဆိုပါ အမှုအခင်းများအတွက် ကျင့်သုံးသွားရမည့် သက်သေအထောက်အထားများ၊ လုပ်ထုံးလုပ်နည်းများအတွက် အထူးပြုရေးဆွဲထားသည့် ဥပဒေစည်းမျဉ်းများ ထားရှိသွားရန်သင့်-မသင့်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက စဉ်းစားထားကြရပါမည်။ ထို့ပြင် စုံစမ်းစစ်ဆေးမှုများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ဆိုင်းငံ့ထားသည့်အချိန်၌ မူလရှိရင်းစွဲ အနေအထားအတိုင်း မပျောက်ပျက်စေရန် ကြားဖြတ်အစားထိုး ဆောင်ရွက်ပေးနိုင်မည့် လုပ်ထုံးလုပ်နည်းများ ထားရှိရန်သင့်-မသင့်ကိုလည်း စဉ်းစားထားကြရပါမည်။

၇-၁-၃။ စုံစမ်းစစ်ဆေးမှု၊ စီရင်ဆုံးဖြတ်မှု၊ တရားဥပဒေပြဋ္ဌာန်းမှုလုပ်ငန်းများကို ဈေးကွယ်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ကသာ တစ်ပြိုင်နက်တာဝန်ယူဆောင်ရွက်နေသည့်အခါ၌ ယင်းအဖွဲ့မှ စုဆောင်းတင်ပြလာသော စုံစမ်းစစ်ဆေးမှု သက်သေအထောက်အထားများအား ဥပဒေချိုးဖောက်သည်ဟု စွပ်စွဲခံထားရသည့် လုပ်ငန်းများမှ သိရှိခွင့်ရှိစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ခွင့်ပြုပေးထားခြင်းဖြင့် ပို၍ ပွင့်လင်းမြင်သာမှုကို ဖြစ်ပေါ်စေရပါမည်။ သို့ရာတွင် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ အတွင်းသတင်းများ သို့မဟုတ် လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကိုမူ ခြွင်းချက်အနေဖြင့် ထားရှိရပါမည်။

၇-၁-၄။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ စိုးမိုးရေးဆောင်ရွက်ရာ၌ တရားစီရင်ရေး၏ အခန်းကဏ္ဍကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အသိအမှတ်ပြုရန် လိုပါသည်။ တရားစီရင်ရေးအာဏာပိုင်အဖွဲ့နှင့် တိုက်ရိုက်ထိစပ်မှုရှိနေရန်လိုအပ်သည်သာမက စီမံအုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း ပြန်လည်သုံးသပ်မှုများ ရှိနေရပါမည်။

၇-၁-၄-၁။ အယူခံအဖွဲ့ - ဥပဒေချိုးဖောက်မိသည့် လုပ်ငန်းစုများ အားကိုးအားထားပြုနိုင်မည့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် အစိုးရအပေါ် အမှီအခိုကင်းသည့် အယူခံအဖွဲ့တစ်ခုကိုလည်း ထားရှိသင့်ပါသည်။ စံနမူနာအားဖြင့် ယင်းအယူခံအဖွဲ့သည် တရားရေးနှင့် ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍ နှစ်ရပ်စလုံးတွင် ကျွမ်းကျင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ရမည့်အပြင် ယင်းအဖွဲ့တွင် ပါဝင်ရမည့်အဖွဲ့ဝင်များသည်လည်း ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေ နှင့် စီးပွားရေးကဏ္ဍများမှ အရည်အချင်းမြင့်မားသော ပုဂ္ဂိုလ်များသာ ဖြစ်ရပါမည်။ အကယ်၍ ထိုကဲ့သို့ မဖြစ်နိုင်ပါက အယူခံအဖွဲ့အဖြစ် အယူခံမှုများကို ကြားနာစစ်ဆေးဆောင်ရွက်မည့်အဖွဲ့ (ဥပမာ - တရားရုံး၊ ခုံရုံး သို့မဟုတ် ကော်မတီ) သည် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေနှင့် စီးပွားရေး၌ ကျွမ်းကျင်သူဟု အသိအမှတ်ပြုခံထားရသည့် ကျွမ်းကျင်ပညာရှင်များအား ခေါ်ယူထားရပါမည်။

၇-၁-၄-၂။ တရားစီရင်မှု ပြန်လည်သုံးသပ်ခြင်း - ဥပဒေစည်းမျဉ်းဆိုင်ရာ သို့မဟုတ် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာနှင့်ပတ်သက်၍ ဈေးကွယ်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆန့်ကျင်၍ သင့်လျော်ရာ တရားစီရင်ရေးအာဏာပိုင်အဖွဲ့ထံသို့ သတ်မှတ်အချိန်ကာလအတိုင်း (ဥပမာ - နှစ်လတာကာလအတွင်း) အရပ်သား သို့မဟုတ် တရားရေးဝန်တစ်ဦးဦးမှ အယူခံလျှောက်ထားရန်အလားအလာရှိသည်ဟု ယူဆပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်များချမှတ်မှုသည် တရားစီရင်ရေးအရ ပြန်လည်သုံးသပ်မှုကို ခံယူရမည် ဖြစ်ကြောင်း သတ်မှတ်ပေးထားရပါမည်။

၇-၁-၄-၃။ အထူးတရားရုံးများ - ဈေးကွက်ယှဉ်ပြိုင်ရေး အမှုအခင်းများကို ကြားနာစစ်ဆေးရန် တရားစီရင်ပိုင်ခွင့် အပြည့်အဝလွှဲအပ်ပေးထားခံရသည့် အထူးတရားရုံများ (သို့မဟုတ် ရှိရင်းစွဲတရားရုံးများ၌ပင် အထူးကဏ္ဍများ) သတ်မှတ်ထားရှိသွားရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက စဉ်းစားထားကြရပါမည်။ ဤသို့ ပြုလုပ်ပေးခြင်းဖြင့် တရားသူကြီးများ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား ကျင့်သုံးဆောင်ရွက်ရာ၌ သက်ဆိုင်ရာအတွေ့အကြုံနှင့် ကျွမ်းကျင်မှုကို ရရှိစေနိုင်ပါသည်။

၇-၁-၄-၄။ ဈေးကွက်ယှဉ်ပြိုင်ရေး ဥပဒေကျင့်သုံးရာတွင် ထိရောက်မှုနှင့်ညီညွတ်မှုရှိစေရန် အရေးပါသည့် နည်းပညာရေးရာများကို ရှင်းလင်းပြတ်သားစေနိုင်ရန်အတွက် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ အကြံပြုချက် ရေးသားပေးပို့ရန် သို့မဟုတ် ("ရုံးတော်သင်္ဂဟ" အဖြစ်) အယူခံလျှောက်ထားမှုများပြုလုပ်ရန် တရားစီရင်ရေး မှုဘောင်များ၌ ခွင့်ပြုရေးကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စဉ်းစားထားကြရပါမည်။

## ၇-၂။ အဖွဲ့အစည်းမူဘောင်နှင့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လမ်းညွှန်စည်းမျဉ်းများ

၇-၂-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့အစည်းမူဘောင်နှင့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ လမ်းညွှန်စည်းမျဉ်းများ ထားရှိသွားရန် စဉ်းစားထားကြရမည်ဖြစ်ပြီး ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့်လည်း ယင်းစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ယင်းတို့မှာ —

၇-၂-၁-၁။ <u>တာဝန်ယူမှု</u> - ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ယင်း၏ လုပ်ဆောင်ချက်နှင့်ပတ်သက်၍ တာဝန်ယူမှုကို ဖြစ်စေနိုင်သည့် လုပ်ငန်းစဉ်များ ထားရှိရမည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များ၌ ဝန်ကြီး (များ) နှင့်/သို့မဟုတ် အမျိုးသားဥပဒေပြုရေးအဖွဲ့နှင့် သို့မဟုတ် နိုင်ငံတော်အကြီးအကဲထံ ပုံမှန်အစီရင်ခံစာတင်ပြရသည့် တာဝန်များနှင့် အများပြည်သူများ အလွယ်တကူသိရှိနိုင်မည့် နှစ်ပတ်လည်အစီရင်ခံစာ သို့မဟုတ် စီမံကိန်းများ ထုတ်ပြန်ပေးရသည့် တာဝန်များ ပါဝင်သည်။

၇-၂-၁-၂။ <u>စီမံအုပ်ချုပ်မှု ပြန်လည်သုံးသပ်ခြင်း</u> - ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ယင်းဆုံးဖြတ်ချက်များဖြစ်ပေါ်စေရန် အထောက်အပံ့ပြုနေသည့် အခြေအနေများ ပြောင်းလဲသွားပါက သို့မဟုတ် ပျောက်ကွယ်သွားပါက ယင်းအဖွဲ့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များအား ပြန်လည်သုံးသပ်ရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများက ခွင့်ပြုပေးထားရပါမည်။

၇-၂-၁-၃။ <u>လျှို့ဝှက်လုံခြုံမှု</u> - ထုတ်ဖော်ပြောဆိုနိုင်သည်ဟု ဥပဒေအရ သတ်မှတ်ထားခြင်းမရှိလျှင် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့် တတိယအင်အားစုများမှ ပေးပို့လာသည့် သတင်းအချက်အလက်များနှင့် ယင်းတို့၏ ကိုယ်ပိုင်အမှတ်လက္ခဏာများ၏ လျှို့ဝှက်လုံခြုံမှုကို ထိန်းသိမ်းထားကြရပါမည်။ တရားစီရင်ဆောင်ရွက်မှုတွင် ပါဝင်သည့် လုပ်ငန်းစုများ၊ တိုင်ကြားသူများ၊ သတင်းအချက်အလက် ထောက်ပံ့ပေးသူ လုပ်ငန်းစုမှန်သမျှ၏ လျှို့ဝှက်ချက်များ ပေါက်ကြားစေသည့် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ စီမံအုပ်ချုပ်ရေးကဏ္ဍမှ ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့ဝင် မည်သူ့ကိုမဆို ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအရ ထိထိရောက်ရောက် အရေးယူမှုများ ပြုလုပ်သွားရပါမည်။

၇-၂-၁-၄။ <u>လွတ်လပ်မှု</u> - ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား အကောင်အထည်ဖော်ရာ၌ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ လွတ်လပ်မှုသည် အဖွဲ့၏ ယုံကြည်စိတ်ချရနိုင်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို အားကောင်းလာစေနိုင်ပါသည်။ ထိုသို့ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ လွတ်လပ်မှုအတိုင်းအတာသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားမှုရှိ နိုင်ပါသည်။ လွတ်လပ်မှုကိုတိုင်းတာနိုင်သည့် အကြောင်းအရာများ၌ ဘဏ္ဍာရေးအရ အမှီအခိုကင်းခြင်း၊ အစိုးရထံမှ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့် ရရှိထားခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးကော်မရှင် အဖွဲ့ဝင်များအဖို့ ရာထူးမှ ထုတ်ပယ်ခြင်းမခံရဘဲ စိတ်ချလက်ချတာဝန်ထမ်းဆောင်နိုင်သည့် သတ်မှတ်ကာလ ထားရှိပေးထားခြင်း စသည်တို့ ပါဝင်သည်။

၇-၂-၁-၅။ <u>ပင်ကိုသဘာဝအရ တရားမျှတမှုရှိစေခြင်း</u> - ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ပင်ကိုအားဖြင့် တရားမျှတမှုရှိစေသည့် စည်းမျဉ်းများထားရှိရေးကိုလည်း ထည့်သွင်းစဉ်းစားထားကြရပါမည်။ ဥပမာ အားဖြင့် အမှုအခင်းတွင်ပါဝင်နေသူများ၏ အလိုနှင့်ဆန့်ကျင်၍ သို့မဟုတ် ၎င်းတို့၏အကျိုးစီးပွားကိုဆန့်ကျင်၍ သတင်းပေးခြင်း၊ ("ကြားနာစစ်ဆေးရေးစည်းမျဉ်း"အရ) ကြားနားစစ်ဆေးမှုခံယူခွင့်ပြုခြင်း၊ ("ဘက်လိုက်မှုဆန့်ကျင်ရေးစည်းမျဉ်း" အရ) ရလဒ်အဖြေပေါ်၌ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားမရှိစေခြင်း၊ ("အထောက်အထားမရှိစည်းမျဉ်း" အရ) ယုတ္တိရှိကြောင်း သက်သေပြနိုင်သည့် အထောက်အထားများကိုသာမူတည်၍ ဆောင်ရွက်ခြင်း သို့မဟုတ် စီရင်ဆုံးဖြတ်ရေး ဥပဒေများအရ အလားတူတရားရေးအယူအဆကို ကျင့်သုံးခြင်းတို့ ဖြစ်သည်။

၇-၂-၁-၆။ <u>ပွင့်လင်းမြင်သာမှုနှင့် လိုက်လျောညီထွေရှိမှု</u> - လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ လမ်းညွှန်ချက်များအား ထုတ်ပြန်ပေးခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ မူဝါဒများနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များ၊ လေးနက်သောစည်းမျဉ်းများ ကျင့်သုံးနေမှုနှင့်ပတ်သက်၍ ဦးစားပေး အကြောင်းအရာများနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များအား ထုတ်ပြန်ပေးခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်များအား ထုတ်ပြန်ပေးခြင်းစသည့် နည်းလမ်းများအသုံးပြုပေးခြင်းအားဖြင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏မူဝါဒများ၊ ကျင့်ထုံးများနှင့် လုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာမှုကို ပိုမိုအားကောင်းလာစေနိုင်ပါသည်။ အဆိုပါ နည်းလမ်းများသည် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ ဆုံးဖြတ်ချက်ချမှတ်ရာတွင် လိုက်လျောညီထွေရှိစေရန် အထောက်အကူပြုပေးနိုင်သည့်အပြင် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအတိုင်း လိုက်နာဆောင်ရွက်မှုကို အားကောင်းလာစေနိုင်ပါသည်။

၇-၂-၁-၆-၁။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်များ၊ လမ်းညွှန်ချက်များ၊ စာရွက်စာတမ်းများ၊ ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒနှင့်ပတ်သက်၍ ပြည်သူအများသိသာစေရန် ထုတ်ပြန်ကြေညာပေးသည့် အခြားကြေညာချက်များအား လူသိရှင်ကြားထုတ်ပြန်ပေးနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုကိုလည်း ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ ရေးဆွဲထားရှိနိုင်ပါသည်။

၇-၂-၁-၆-၂။ ကင်းလွတ်ခွင့်များ၊ စုပေါင်းလုပ်ငန်းများ သက်ညှာမှုတို့နှင့်စပ်လျဉ်း၍ ကြေညာချက်များ ထုတ်ပြန်ရာတွင် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုနှင့် ခိုင်မာသေချာမှု မူဝါဒများကျင့်သုံးခြင်း၊ ကျင့်သုံးနေမှုများကို ချုပ်ကိုင်ထားသည်။ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်ထုံးများ ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ချက်များ၊ ကြေညာချက် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်သည့် ဖြစ်စဉ်တွင် ပါဝင်နေသည့် အရာရှိများ၏ တာဝန်များနှင့် ၎င်းတို့အားဆက်သွယ်နိုင်မည့် သတင်းအချက်အလက်များ စသည်တို့အား ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ တတ်နိုင်သမျှ ထောက်ပံ့ပေးသွားရပါမည်။

၇-၂-၁-၆-၃။ အမှုတွဲအားဝင်ရောက်လေ့လာကြည့်ရှုခွင့်ဟူသည် အခြေခံကျသော လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်တစ်ခုဖြစ်ပြီး တရားခံ၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် အဖွဲ့ခွဲများ၏ ညီမျှမှုရှိရေးမှုကို ကျင့်သုံးသွားရန် ရည်ရွယ်၍ ယင်းအာမခံချက် ပေးအပ်ထားခြင်းဖြစ်သည်။ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အနေဖြင့် ချိုးဖောက်မှုကြောင့် တရားစွဲဆိုဆောင်ရွက်မှုများ ပြုလုပ်ခံထားရသည့် သာမန်အရပ်သား၊ တရားရေးပုဂ္ဂိုလ်များအတွက် စာရွက်စာတမ်းအားလုံးကို လေ့လာကြည့်ရှုခွင့်ကို အတတ်နိုင်ဆုံးပေးအပ်ထားရပါမည်။ ထိုသို့ ဝင်ရောက်လေ့လာကြည့်ရှုခွင့်ပေးထားသည့် စာရွက်စာတမ်းများသည် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်အတွင်း လက်ခံရရှိထားသည့်၊ ပြုလုပ်ထားသည့် သို့မဟုတ် စုဆောင်းထားသည့် စာရွက်စာတမ်းများဖြစ်ပြီး ယင်းတို့အပေါ် မူတည်၍ တရားစွဲမှုများ ပြုလုပ်ထားခြင်းဖြစ်သည်။ သို့သော် ခြွင်းချက်အားဖြင့် အဖွဲ့တွင်း သီးသန့်စာရွက်စာတမ်းများ သို့မဟုတ် မူကြမ်းများ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့နှင့် အခြားပြည်သူ့အာဏာပိုင် အဖွဲ့အစည်းများအကြား လျှို့ဝှက်စွာဆက်သွယ်နေမှု၊ လျှို့ဝှက်လုံခြုံစွာထားရှိရမည့် စာရွက်စာတမ်းများ (ဥပမာ - တိုင်ကြားသူမှ လျှို့ဝှက်ထားရန် တောင်းဆိုတင်ပြထားသည့်တိုင်ကြားမှုများနှင့် ပူးတွဲပါလျှို့ဝှက်စာရွက်စာတမ်းများ သို့မဟုတ် စီးပွားရေး သို့မဟုတ် အမျိုးသားလုံခြုံရေး လျှို့ဝှက်ချက်များပါဝင်သည့် စာရွက်စာတမ်းများ) ကိုမူ ကြည့်ရှုခွင့်ပေးရန် မလိုပါ။ ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ အမှုတွဲအား ကြည့်ရှုလေ့လာခွင့်မပြုကြောင်း ငြင်းပယ်သည့် ဆုံးဖြတ်ချက်များ ချမှတ်လိုက်ပါက ယင်းသို့ချမှတ်ရခြင်း၏ အကြောင်းပြချက်ကို တင်ပြရန်နှင့် တရားစီရင်ရေးအရ ပြန်လည်သုံးသပ်မှုကို လိုက်နာရန်ကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ပေးထားရပါမည်။

၇-၂-၁-၆-၄။ ဖြစ်နိုင်မည်ဆိုပါက တရားစွဲဆိုဆောင်ရွက်ရာတွင် ပါဝင်နေသည့် တတိယလုပ်ငန်းစုများ (ဥပမာ တိုင်ကြားသူများ သို့မဟုတ် တရားစွဲဆိုမှုတွင် ပါဝင်နေသူများ) အနေဖြင့် အမှုတွဲများနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများအား လုံခြုံဘေးကင်းမှုအရ သို့မဟုတ် လျှို့ဝှက်မှုအရ ကာကွယ်ထားခြင်းမျိုး မဟုတ်ပါက ရယူနိုင်ခွင့်ကိုသာမက သီးခြား တောင်းဆိုမှုပြုလုပ်နိုင်ခွင့်ကိုပါ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ ပေးအပ်ထားရပါမည်။

၇-၂-၁-၇။ <u>အချိန်မီဆောင်ရွက်နိုင်ခြင်း</u> - ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့မှ အမှုအခင်းများ ကိုင်တွယ်ဖြေရှင်းရာ၌ ဥပဒေအရ ကြိုတင်သတ်မှတ်ထားသော အချိန်ကာလအတွင်း ဆောင်ရွက်နိုင်စေရန် သတ်မှတ်ပေးထားနိုင်သည်။ စီရင်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အလွန်အမင်းနှောင့်နှေးကြန့်ကြာခြင်းမျိုး မရှိစေရန်အတွက် အချိန်ဇယားဖြင့် အစီအစဉ်များ ရေးဆွဲသတ်မှတ်ခြင်းကဲ့သို့ အဖွဲ့တွင်းလုပ်ထုံးလုပ်နည်းများ ရှိထားရပါမည်။ သို့မဟုတ် အမှုအခင်းများအား စိစစ်လက်ခံသည့် စံနှုန်းများ ထားရှိကျင့်သုံးသွားရန် စဉ်းစားထားရပါမည်။ ဤသို့ ထားရှိခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးကိစ္စများနှင့် သက်ဆိုင်မှုမရှိသော အမှုအခင်းများကို ဖယ်ထုတ်ခွဲခြားပေးနိုင်မည်ဖြစ်ပြီး ဤနည်းအားဖြင့် ပို၍အရေးကြီးသည့် အမှုအခင်းများအတွက် အရင်းအမြစ်များ ပိုမိုခွဲဝေအသုံးပြုသွားနိုင်မည် ဖြစ်သည်။

၇-၂-၁-၈။ <u>အပြန်အလှန်ထိန်းကျောင်းမှုရှိခြင်း</u> - ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့မှ ချမှတ်လိုက်သော စီရင်ဆုံးဖြတ်ချက်များအတွက် အားကိုးအားထားပြုစရာရှာမရခြင်းမျိုးမရှိသင့်ပါ။ ရေးဆွဲကျင့်သုံးသွားမည့် ဈေးကွက်

ယှဉ်ပြိုင်ရေးဥပဒေများအရ ထိခိုက်နစ်နာသွားရသည့် မည်သည့်အင်အားစုအတွက်မဆို အကျိုးအကြောင်းခိုင်လုံမှု ရှိသည့် အယူခံလျှောက်ထားရေး လုပ်ထုံးလုပ်နည်းများအား ခွင့်ပြုပေးထားရပါမည်။

# အခန်း (၈) နည်းပညာအကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

## ၈-၁။ နည်းပညာအကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၏ အဓိပ္ပာယ်

၈-၁-၁။ နည်းပညာ အကူအညီပေးခြင်းဆိုသည်မှာ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့ (သို့မဟုတ် အခြား အာဏာပိုင်အဖွဲ့) တစ်ခုသည် အခြားသော ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့များ၊ ကမကထပြု အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျွမ်းကျင်မှုများ၊ အကောင်းဆုံးကျင့်ထုံးများ၊ အသိပညာဗဟုသုတများ မျှဝေခြင်းကို ဆိုလိုသည်။

၈-၁-၂။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုသည်မှာ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ အနာဂတ်ကာလ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား စီမံကွပ်ကဲခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ထောက်ခံအားပေးမှုများ ရရှိစေရန် ထိထိရောက်ရောက် ဆောင်ရွက်ရာတွင် လိုအပ်သည့် စဉ်ဆက်မပြတ်တည်တံ့နေနိုင်မည့် မူဝါဒမူဘောင်များ နှင့် လုပ်ငန်းစဉ်များအား သက်ဆိုင်ရာဒေသနှင့် ပိုမိုကိုက်ညီမှုရှိစေရန် နေသားတကျ ထားရှိပေးသည့်ဖြစ်စဉ်ကို ဆိုလို သည်။

၈-၁-၃။ နည်းပညာ အကူအညီပေးခြင်းသည် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့တစ်ခုက ဈေးကွက်ယှဉ်ပြိုင် ရေး မူဝါဒအား ရေးဆွဲပြဋ္ဌာန်းရာတွင် ၎င်း၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ပြီး တစ်ချိန် တည်းမှာပင် အဆိုပါ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အနေဖြင့် တိုက်ရိုက်လူအင်အားစုစည်းခြင်း၊ ဂယ်ယူစု ဆောင်းခြင်းနှင့် အဖွဲ့အစည်းအလိုက် သင်ယူမှုများပြုလုပ်ခြင်းဖြင့်လည်း စွမ်းဆောင်ရည်မြှင့်တင်နိုင်ပါသည်။

## ၈-၂။ နည်းပညာအကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့နှင့်ပတ်သက်သည့် လမ်းညွှန် စည်းမျဉ်းများ။

၈-၂-၁။ အောက်ဖော်ပြပါ လမ်းညွှန်စည်းမျဉ်းများသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာ အကူ အညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးသွားရမည့် စည်းမျဉ်းများဖြစ် သည်။

၈-၂-၁-၁။ <u>နိုင်ငံအလိုက်လိုအပ်ချက်များနှင့်ကိုက်ညီခြင်း</u> - ထိရောက်သည့် နည်းပညာအကူအညီပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များအား ပုံစံရေးဆွဲရာတွင် ဒေသအလိုက် လိုအပ်ချက်များကို အသေးစိတ် စိစစ် လေ့လာခြင်းဖြင့် စတင်ရမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ အရေးတကြီးလိုအပ်ချက်များနှင့်အညီ ဖြေရှင်း ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းအားထုတ်ရပါမည်။

၈-၂-၁-၂။ <u>သက်ဆိုင်ရာနိုင်ငံများ၏စွမ်းဆောင်ရည်နှင့်ညီညွတ်ခြင်း</u> - လက်ခံကျင့်သုံးရမည့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ သီးခြားလက္ခဏာရပ်များအပေါ် မူတည်၍ ရေးဆွဲထားသည့်အစီအစဉ်များသည် ထိရောက်မှုအရှိဆုံး ဖြစ်နေနိုင်ပါသည်။

၈-၂-၁-၃။ <u>ဈေးကွက်ယှဉ်ပြိုင်မှုတွင် အခြားသော ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များ၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိ လုပ်ငန်းစုများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ အတူတကွ ပေါင်းစပ်ပါဝင်ခြင်း</u> - ထိုသို့ ပေါင်းစပ်ပါဝင်လာခြင်းအားဖြင့် နည်းပညာအကူအညီပေးရေးလုပ်ငန်း၏ အရည်အသွေး သို့မဟုတ် ထိရောက်မှုကို မြင့်တက်လာစေပါသည်။

၈-၂-၁-၄။ <u>ညင်သာစွာပြောင်းလဲခြင်း</u> - အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းအသစ်များအား လက်ခံကျင့်သုံးသွားရမည့် အကျိုးခံစားသူများ၏ စွမ်းဆောင်ရည်ကို အရှိန်မြှင့်တင်ပေးနိုင်ရန်အတွက် ၎င်းတို့၏ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ တိုးတက်ဖြစ်ထွန်းလာသည့် အဆင့်နှင့်အညီ အစီအစဉ်များအား အံဝင်တကျဖြစ်စေရန် (ကိုက်ညီမှုရှိစေရန်) စီမံထားရပါမည်။

၈-၂-၁-၅။ <u>အလျင်မပြတ်ခြင်း</u> - အရှိန်မပြတ် ဆက်လက်ဆောင်ရွက်သွားနိုင်စေရေးအတွက် နောက်ဆက်တွဲ အစီအစဉ်များလည်း မဖြစ်မနေ လိုအပ်ပါသည်။

## ၈-၃။ နည်းပညာအကူအညီပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ဖြင့် ဖြည့်စွမ်းသွားရမည့် လိုအပ်ချက်များ

၈-၃-၁။ အောက်ပါ အကြောင်းအရာများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထည့်သွင်းစဉ်းစားကြရမည့် လိုအပ်ချက်များ ဖြစ်ပါသည်။

၈-၃-၁-၁။ <u>အစိုးရအရာရှိများနှင့် အများပြည်သူတို့အကြား ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား ထောက်ခံအားပေးမှု မြင့်တက်လာစေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်ရေး ယဉ်ကျေးမှုထွန်းကားလာစေခြင်း</u> - ဥပမာအားဖြင့် လက်ရှိတွင် ကျင့်သုံးနေသည့် အခြားသော မူဝါဒရေးရာများနှင့် အတူတကွပေါင်းစပ်၍ အမျိုးသားအဆင့် ဈေးကွက်ယှဉ်ပြိုင်ရေး မူဝါဒစနစ် ကျင့်သုံးခြင်းမှ ရရှိလာသည့် အသားတင်အကျိုးကျေးဇူးများအား အသေးစိတ်စစ်ဆေးသွားနိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ကျင့်သုံးခြင်းဖြင့် အခြားမူဝါဒ ဦးတည်ချက်များကိုပါ အောင်မြင်အထမြောက်စေရန် မည်ကဲ့သို့ အထောက်အကူဖြစ်နိုင်သည်ကို အကြံဉာဏ်များပေးခြင်း၊ သင့်လျော်ရာ လူပုဂ္ဂိုလ်ရီသတ်များကို ရည်ရွယ်သည့် ပြန်ကြားရေးအစီအစဉ်များ ထားရှိပေးခြင်း။

၈-၃-၁-၂။ အမျိုးသား ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား စတင်ရေးဆွဲပြဋ္ဌာန်းရန်နှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့် (တရားရေးနှင့် စီးပွားရေးကျွမ်းကျင်မှုများ အပါအဝင်) နည်းပညာကျွမ်းကျင်မှုများ ရရှိစေရန် ပျိုးထောင်ပေးခြင်း။ ဥပမာအားဖြင့် ဥပဒေကြမ်းရေးဆွဲရာတွင် ကျွမ်းကျင်မှုရှိလာစေရန်အတွက် နည်းပညာအကူအညီများပေးခြင်း၊ လိုက်နာဆောင်ရွက်တတ်သည့်အလေ့အထ ထွန်းကားလာစေရန် လိုအပ်သည့် အရင်းအမြစ်များနှင့် လမ်းညွှန်ချက်များထုတ်ဖော်ခြင်း၊ စုံစမ်းစစ်ဆေးရေးနည်းစနစ်များ၊ စီးပွားရေး ကျွမ်းကျင်မှုများ၊ ရရှိစေရန် အကူအညီပေးခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုနှင့်ဆိုင်သည့် အမှုအခင်းများအား ကိုင်တွယ်ဖြေရှင်းနိုင်မည့် တရားစီရင်ဆုံးဖြတ်မှုစွမ်းရည်ကို မြှင့်တင်ပေးခြင်း။

၈-၃-၁-၃။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့အတွက် ခိုင်မာတောင့်တင်းသော အဖွဲ့အစည်းမူဘောင်တစ်ခုဖြစ်ထွန်းစေခြင်းနှင့် တရားစွဲဆို ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးစေခြင်း။ (ဥပမာ - သီးခြားလွတ်လပ်သည်ဟူသော ဂုဏ်သတင်းကို တည်ဆောက်နိုင်ရန်အတွက် နည်းပညာအကူအညီပေးခြင်းနှင့် အတည်ပြုပြဋ္ဌာန်းခြင်းနှင့်ဆိုင်သည့် ဦးစားပေးကိစ္စများအား ထုတ်ဖော်သတ်မှတ်ခြင်း)

၈-၃-၁-၄။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ၏ ဦးတည်ချက်များနှင့် လွှမ်းခြုံရာနယ်ပယ်နှင့်ပတ်သက်၍ ပြည်သူများအားအသိပညာပေးနိုင်ရန်အတွက် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။

# အခန်း (၉) ထောက်ခံအားပေးမှုနှင့် ကျော်လွန်ဖြန့်ကျက်မှု

## ၉-၁။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ဦးတည်ချက်များ အထမြောက်အောင်မြင်ခြင်း

၉-၁-၁။ စီးပွားရေးလုပ်ငန်းများအား အသိပညာပေးခြင်းအားဖြင့် လိုက်နာဆောင်ရွက်တတ်သည့် အလေ့အထအား ထွန်းကားလာစေခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ၏ ဦးတည်ချက်များ၊ အထမြောက်အောင်မြင်စေရန်အတွက် ထောက်ခံအားပေးမှုနှင့် ကျော်လွန်ဖြန့်ကျက်မှုတို့ကို ထိရောက်မှုရှိသော နည်းလမ်းများအဖြစ် အသုံးပြုသွားရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက စဉ်းစားထားကြရပါမည်။ အဆိုပါ အစီအစဉ်များအား ထိထိရောက်ရောက်ကျင့်သုံးခြင်းအားဖြင့် လိုက်နာမှုရှိစေသည့် အကျိုးတရားနှင့် အဟန့်အတားသဖွယ်ဖြစ်စေသည့် အကျိုးတရားများကို သိသိသာသာ ရရှိစေပါသည်။ ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များက အမှုအခင်းများအတွက် ဦးစားပေးအဆင့်အား သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဥပဒေအာဏာ တည်စေရန်အတွက် အသုံးပြုရသည့် ကုန်ကျစရိတ်များအား စီမံခန့်ခွဲရာတွင်လည်း အထောက်အကူဖြစ်စေနိုင်ပါသည်။ (ဥပမာ - အရင်းခံအားဖြင့်ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ယူဆထားသည့် အကျင့်ပျက်စီးပွားရေးအုပ်စုများအား တရားစွဲဆိုဆောင်ရွက်ရာတွင်အသုံးပြုရမည့် တရားတပေါင်နှင့်ဆိုင်သည့် အရင်းအမြစ်များအား ကန့်သတ်ပေးထားခြင်းအားဖြင့်)

၉-၁-၂။ လူထုအကြား ထင်ပေါ်ကျော်ကြားမှုကို မဟာဗျူဟာမြောက် အသုံးပြုနိုင်ခြင်းသည် အနာဂတ်ကာလ၌ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့၏ အမှုအခင်းပေါ်ပေါက်မှုပမာဏကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး တရားတပေါင်ဖြစ်ပေါ်ခြင်းအတွက် ကုန်ကျစရိတ်များကိုလည်း လျော့ကျစေနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများက အမျိုးသားဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ၏ အကျိုးတရားများကို သိရှိလာ၍ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ အရေးပါမှုကိုနားလည်သဘောပေါက်လာသည့်အခါ၌ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များအား ချိုးဖောက်နေမည့်အစား စိတ်လိုလက်ရလိုက်နာကျင့်သုံးသွားကြစေရေးအတွက်လည်း အားပေးအားမြှောက်ပြုကြရပါမည်။

၉-၁-၃။ ထောက်ခံအားပေးရေးနှင့် နယ်ပယ်ကျော်လွန်ဖြန့်ကျက်ရေး အစီအစဉ်များထားရှိခြင်းဖြင့် တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ အခြားအစိုးရကိုယ်စားလှယ်အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် စားသုံးသူများထံမှ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ဦးတည်ချက်များနှင့်ပတ်သက်၍ ထောက်ခံမှုများကိုလည်း ရရှိစေနိုင်ပါသည်။ ထို့ပြင် ပြည်သူအများ၏ သဘောထား၌ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် အယူအဆများ သွတ်သွင်းပေးနိုင်မည်ဖြစ်ပြီး အာဆီယံဒေသတွင်း၌ ဈေးကွက်ယှဉ်ပြိုင်ရေးယဉ်ကျေးမှု တိုးတက်ထွန်းကားလာစေနိုင်မည် ဖြစ်ပါသည်။

၉-၁-၄။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသားလိုအပ်ချက်များ၊ ဈေးကွက်ယှဉ်ပြိုင်ရေးကိစ္စများနှင့်သက်ဆိုင်သည့် မူဝါဒများနှင့်ပတ်သက်၍ အစိုးရထံသို့ဖြစ်စေ၊ အခြားသော ပြည်သူ့အာဏာပိုင်အဖွဲ့အစည်းများထံသို့

ဖြစ်စေ အကြံပြုချက်များ ပေးအပ်နိုင်သည့်တာဝန်ကို ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့အား ယုံယုံကြည်ကြည် အပ်နှင်းထားရပါမည်။ အထူးသဖြင့် စီးပွားရေးအရဖြစ်စေ၊ စီမံအုပ်ချုပ်မှုအရဖြစ်စေ နည်းဥပဒေထားရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဈေးကွက်ယှဉ်ပြိုင်ရေးကဏ္ဍဆိုင်ရာ နည်းဥပဒေ အဟန့်အတားများနှင့်ပတ်သက်၍ ယင်းနည်းဥပဒေများ လက်ခံကျင့်သုံးခြင်း မပြုမီကပင် ပွင့်လင်းမြင်သာသည့် စိစစ်သုံးသပ်ရေးဖြစ်စဉ်တစ်ခုအတိုင်း လိုက်နာဆောင်ရွက်စေရမည်ဖြစ်ပြီး အဆိုပါဖြစ်စဉ်အား ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့က ဈေးကွက်ယှဉ်ပြိုင်ရေး ရှု့ထောင့်မှနေ၍ စိစစ်သွားရမည် ဖြစ်သည်။

## ၉-၂။ ထောက်ခံအားပေးမှုနှင့် ကျော်လွန်ဖြန့်ကျက်မှုအတွက် လိုအပ်သည့်အရင်းအမြစ်များ

၉-၂-၁။ လမ်းညွှန်ချက်များရေးသားခြင်း၊ မီဒီယာသို့ ထုတ်ပြန်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေနိုင်ရန်အတွက် တရားရေးနှင့် စီးပွားရေးကဏ္ဍ ပြောဆိုဆက်ဆံရေး အထူးကျွမ်းကျင်ဝန်ထမ်းများ၊ ဈေးကွက်ဖြန့်ကျက်ရေးနှင့် မီဒီယာဆက်ဆံရေး ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည်များကို စုပေါင်း၍ ဈေးကွက်ယှဉ်ပြိုင်ရေးအဖွဲ့၌ ပြောဆိုဆက်ဆံရေးနှင့် ဖြန့်ကျက်ရေးစွမ်းရည်များ ရရှိစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ပေးထားနိုင်ပါသည်။ အဆိုပါ စာရွက်စာတမ်းများအား အများပြည်သူအလွယ်တကူ ရရှိစေနိုင်ရန်အတွက် လက်ကမ်းစာစောင်များ၊ သတင်းဂျက်ဘ်ဆိုက်များ ထားရှိပေးထားခြင်းဖြင့် ထင်ပေါ်ကျော်ကြားမှုနှင့် ကျော်လွန်ဖြန့်ကျက်မှုတို့ကို အစွမ်းကုန်ရရှိစေနိုင်မည် ဖြစ်ပါသည်။

## ၉-၃။ နာခံလိုက်နာရေး အစီအစဉ်များ

၉-၃-၁။ နာခံလိုက်နာတတ်သည့် ယဉ်ကျေးမှု ထွန်းကားစေရန်နှင့် စီးပွားရေးလုပ်ငန်းများ (စီမံခန့်ခွဲရေး အရာရှိများနှင့် တစ်ဦးချင်းအလုပ်ရှင်များ စသည်ဖြင့်) ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေကို မရည်ရွယ်ဘဲ ချိုးဖောက်မိခြင်းမျိုးမှ ကာကွယ်ပေးထားခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်မှုကြောင့် အရေးယူစစ်ဆေးရသည့် အခက်အခဲကို လျော့နည်းစေရန်အတွက် နာခံလိုက်နာရေးအစီအစဉ်များ သတ်မှတ်ထားရှိရန် အာဆီယံ အဖွဲ့ဝင်နိုင်ငံများက စီးပွားရေးလုပ်ငန်းများအား တိုက်တွန်းအားပေးသွားရန်ကိုလည်း ထည့်သွင်းစဉ်းစားကြရပါမည်။

၉-၃-၂။ အဆိုပါ နာခံလိုက်နာရေးအစီအစဉ်သည် စီးပွားရေးလုပ်ငန်းဆိုင်ရာ လေ့ကျင့်သင်တန်းပေးရေး အစီအစဉ်၏ ကဏ္ဍတစ်ခုအဖြစ် ပါဝင်နိုင်မည်ဖြစ်ပြီး အောက်ဖော်ပြပါ ဆောင်ရွက်ချက်အများအပြား ပါဝင်နေနိုင်ပါသည်။ သာဓကအားဖြင့် —

၉-၃-၂-၁။

စီးပွားရေးလုပ်ငန်းများ၏ပြုမူဆောင်ရွက်ပုံနှင့်သက်ဆိုင်သည့်ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေပြဋ္ဌာန်းချက်များအား လုပ်ငန်းရှင်များအားအသိပေးခြင်း။

၉-၃-၂-၂။ ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေအား နာခံလိုက်နာမှုရှိစေရေးနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအား လက်တွေ့ သင်တန်းများ ပြုလုပ်ပေးခြင်း။

၉-၃-၂-၃။ စီးပွားရေးလုပ်ငန်းများ၏ စီမံခန့်ခွဲမှုသည် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေကို ချိုးဖောက်ရာရောက်သည့် အပြုအမူ သို့မဟုတ် ဈေးကွက်ယှဉ်ပြိုင်ရေးဥပဒေကို ချိုးဖောက်ခြင်းဟု အဓိပ္ပာယ်ကောက်လွဲနိုင်သည့် တစ်စုံတစ်ရာကို ဖြစ်ပေါ်စေဖို့ တွန်းအားမပေးမိစေနိုင်ရန်အတွက် ဆောင်ရွက်ချက်များထားရှိခြင်း။

၉-၃-၃။ နာခံလိုက်နာရေး အစီအစဉ်များသည် သက်ဆိုင်ရာ ကုမ္ပဏီများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ယင်း၏ အစီအစဉ်များ လည်ပတ်ဆောင်ရွက်မည့် သက်ဆိုင်ရာ ဈေးကွက်များကိုလိုက်၍ ကွဲပြားခြားနားမှု ရှိနိုင်ပါသည်။ နာခံလိုက်နာရေး အစီအစဉ်များနှင့် အများအားဖြင့် ဆက်နွယ်မှုရှိနိုင်သည့် ကဏ္ဍများမှာ — ဈေးကွက်ယှဉ်ပြိုင်သူများနှင့် ဆက်နွယ်ပတ်သက်သည့် ကိစ္စများ (ဥပမာ - ဈေးနှုန်းများနှင့် ဈေးကွက်မျှဝေရေး သဘောတူညီချက်များ၊ ပူးတွဲ သဘောတူညီချက်များ၊ ကုန်သွယ်ရေးအဖွဲ့အစည်းများ၌ ပေါင်းစပ်ပါဝင်မှုများစသဖြင့်) ၊ စားသုံးသူနှင့် ထောက်ပံ့သူတို့ကြား ဆက်နွယ်ပတ်သက်သည့်ကိစ္စများ (ဥပမာ - တစ်ဆင့်ရောင်းချသည့် ဈေးနှုန်းများ၊ ဖြန့်ချိရေးနှင့် ဝယ်ယူရေး ဆိုင်ရာ သဘောတူညီချက်များ စသဖြင့်)၊ ဈေးကွက်ပေါ်၌ တစ်ဦးချင်းအလိုက် ကျင့်သုံးဆောင်ရွက်မှု (ဥပမာ - ဈေးနှုန်းများ၊ ဈေးနှုန်းသတ်မှတ်ခြင်း အလေ့အထများ၊ ပြန်နှုတ်ငွေများ၊ တုပ်နှောင်ထားသည့် အလေ့အထများ စသဖြင့်)

၉-၃-၄။ အကျင့်ပျက်စီးပွားရေးအဖွဲ့အစည်းဟု မယူဆသည့် အမှုအခင်းများအတွက် အရေးယူဆောင်ရွက်မှုကို သင့်တော်သည့် အတိုင်းအတာထိ ဆုံးဖြတ်ချက်ချမှတ်ရာ၌ မှန်ကန်ကောင်းမွန်စွာ အကောင်အထည်ဖော်ထားသည့် နာခံလိုက်နာရေး အစီအစဉ်ကို ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များက သက်သာလျော့ပါးမှုရှိစေသည့် အကြောင်းအရာတစ်ခုအဖြစ်လည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။

# အခန်း (၁၀)

## ၁၀-၁။ ပူးပေါင်းဆောင်ရွက်ရေး ဦးတည်ချက်များ

၁၀-၁-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် အားလုံးပူးပေါင်းပါဝင်နိုင်သည့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ စီစဉ်တည်ရှိခြင်း၏ ဆက်စပ်လွှမ်းခြုံနေသည့် သို့မဟုတ် ရေရှည်ဦးတည်ချက်များမှာ လာမည့် ၂၀၁၅-ခုနှစ်၌ အများဆိုင်ဘုံဈေးကွက်တစ်ခု ပေါ်ပေါက်လာစေရေးအတွက် ဦးတည်ဆောင်ရွက်၍ ဈေးကွက်ပေါင်းစည်းမှုကို အရှိန်မြှင့်တင်ပေးနိုင်ရန်နှင့် ထိုမှတစ်ဆင့် ဒေသတွင်း၌ ဈေးကွက်၏ ထိရောက်အကျိုးများမှုနှင့် ကြီးထွားဖွံ့ဖြိုးမှုကို အရှိန်မြှင့်တင်ပေးနိုင်ရန် ဖြစ်သည်။

## ၁၀-၂။ ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ

၁၀-၂-၁။ ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများမှာ —

၁၀-၂-၁-၁။ အာဆီယံဒေသတွင်း၌ ဈေးကွက်ယှဉ်ပြိုင်ရေး ယဉ်ကျေးမှုထွန်းကားလာခြင်း။

၁၀-၂-၁-၂။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့တစ်ခု သတ်မှတ်ထားရှိခြင်း၊ အမျိုးသား ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ စတင်ကျင့်သုံးခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ မျှဝေပေးရန်နှင့် အကောင်းဆုံးကျင်ထုံးများ တိုးတက်ကျင့်သုံးသွားကြရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ခွင့်ပြုပေးခြင်းဖြင့် အာဆီယံဒေသတွင်း၌ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ အကောင်အထည်ဖော်ရာ၌ သမဂါယမသဘောတရားကို ပိုမိုအားကောင်းလာစေခြင်း သို့မဟုတ် အနည်းဆုံး အတိုင်းအတာပင်ဖြစ်စေ အချင်းချင်းညီညွတ်မှု ရရှိလာစေခြင်း။ ဤနည်းအားဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား စတင်ကျင့်သုံးရန် သို့မဟုတ် အကောင်အထည်ဖော်ရန် ကြိုးပမ်းနေဆဲဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ထိရောက်သော အမျိုးသားဈေးကွက်မူဝါဒစနစ်တစ်ခုအား မည်ကဲ့သို့ သတ်မှတ်ထားရှိမည်ဆိုသည်နှင့် ပတ်သက်၍ သတင်းအချက်အလက် အပြည့်အစုံပါဝင်ပြီးဖြစ်သည့် ရွေးချယ်မှုများကို ဖော်ပြပေးထားနိုင်မည်ဖြစ်သည်။

၁၀-၂-၁-၃။ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့များအတွက် ပုံမှန် ထိတွေ့ဆက်ဆံမှုများ ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် လက်တွေ့ကျသည့် ဈေးကွက်ယှဉ်ပြိုင်ရေးကိစ္စများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လမ်းကြောင်းတစ်ခုသတ်မှတ်ပေးထားခြင်း။ ဤသို့ ပြုလုပ်ပေးခြင်းအားဖြင့် အာဆီယံဒေသတစ်ခွင်၌ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ခိုင်ခိုင်မာမာ ပေါ်ပေါက်လာစေရေးအတွက် အများသဘောဆန္ဒနှင့် ပေါင်းစည်းညီညွတ်မှု

ကို တည်ဆောက်ပေးနိုင်မည့် အရွေ့သဘောဆောင်သည့် အပြန်အလှန်ပြောဆိုဆွေးနွေးမှုတစ်ခုကို ပေါ်ထွန်းလာစေမည် ဖြစ်သည်။

၁၀-၂-၁-၄။ ဈေးကွက်ယှဉ်ပြိုင်မှုကို ကန့်သတ်ချုပ်ချယ်ရာရောက်သည့် နယ်နိမိတ်ဖြတ်ကျော် စီးပွားရေးကျင့်သုံးမှုများ၌ ပါဝင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများကို ဟန့်တားသောအားဖြင့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား အတည်ပြုပြဋ္ဌာန်းရာ၌ ထိရောက်သော တရားရေးမူဘောင်တစ်ခု ဖြစ်ထွန်းစေခြင်း။

၁၀-၂-၁-၅။ လျှို့ဝှက်ထားရန်မလိုသည့် သတင်းအချက်အလက်များ၊ အသိပညာဗဟုသုတများနှင့် အရင်းအမြစ်များ မျှဝေဖလှယ်ခြင်းအားဖြင့် အမျိုးသား ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များ၏ ထိရောက်အကျိုးများမှုနှင့် ထိထိရောက်ရောက် စွမ်းဆောင်နိုင်မှုများ တိုးတက်လာစေခြင်း။

၁၀-၂-၁-၆။ အာဆီယံဒေသတွင်း၌ အမျိုးသား ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒ ပေါ်ထွန်းလာရေးအတွက် ယေဘုယျမူဘောင်တစ်ခုတွင် ပါဝင်မည့် အခြေခံသဘောတရားများနှင့်ပတ်သက်၍ သဘောတူညီမှုများ ဖြစ်ထွန်းစေခြင်း။

## ၁၀-၃။ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း

၁၀-၃-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့မှုရှိစေရေးအတွက် ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံဒေသတွင်း ကျွမ်းကျင်ပညာရှင်များအဖွဲ့ (AEGC) ကို တည်ထောင်ပေးနိုင်ရန်ဖြစ်စေ သို့မဟုတ် ဒေသတွင်း၌ လက်ခံကျင့်သုံးနိုင်သည့် မူဝါဒလမ်းစဉ် သို့မဟုတ် အစီအစဉ် သို့မဟုတ် နားလည်မှုမျိုး ဖြစ်ထွန်းလာနိုင်စေရန်အတွက်ဖြစ်စေ ကြိုးပမ်းအားထုတ်သွားကြရပါမည်။

၁၀-၃-၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသား ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒများနှင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များ ပိုမိုတည်ထောင်ကျင့်သုံးလာသည်နှင့်အမျှ ၎င်းတို့အား အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နှင့် အတူတကွ ပါဝင်သွားရန် ဖိတ်ခေါ်သွားနိုင်မည် ဖြစ်သည်။ ဤသို့ဖြင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များ အချင်းချင်း သတင်းအချက်အလက်များ ဖလှယ်နိုင်မည့် ကျင့်ဝတ်စည်းကမ်းများ တိုးတက်ဖြစ်ထွန်းရေးကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက ထည့်သွင်းစဉ်းစားကြရပါမည်။

၁၀-၃-၃။ ဒေသတွင်းရှိ အဆိုပါ အခြေခံမူဝါဒလမ်းစဉ်အရ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များအချင်းချင်း ဈေးကွက် ယှဉ်ပြိုင်မှုရေးရာများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးနိုင်ကြမည်ဖြစ်ပြီး ယေဘုယနည်းလမ်းတစ်ခုကို ဖြစ်ထွန်းစေနိုင်မည် ဖြစ်သည်။ အဆိုပါ မူဝါဒလမ်းစဉ်ထားရှိခြင်းကြောင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့များ အချင်းချင်း အတွေ့အကြုံများဖလှယ်ခြင်း၊ အကောင်းဆုံးကျင့်ထုံးများ ထုတ်ဖော်သတ်မှတ်ခြင်းတို့ကို ဆက်လက်

ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချင်းချင်းလိုက်လျော်ညီထွေဖြစ်စေသည့် စုပေါင်းဈေးကွက် ယှဉ်ပြိုင်ရေးမူဝါဒနှင့် ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့၏ အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းသွားနိုင်မည် ဖြစ်သည်။

၁၀-၃-၄။ အဆိုပါဒေသတွင်းအခြေခံမူဝါဒလမ်းစဉ်သည် အချို့ကဏ္ဍများနှင့်သက်ဆိုင်သည့် အကြောင်းအရာများ သို့မဟုတ် အထွေထွေအကြောင်းအရာများနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးကြရာ၌ လုပ်ငန်းဖော်ဆောင်ရေး အုပ်စုများအတွက် ပိုမိုလွယ်ကူချောမွေ့စေပါသည်။ ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒအား ရေးဆွဲသတ်မှတ်ခြင်းနှင့် အတည်ပြုပြဋ္ဌာန်းခြင်းနှင့်သက်ဆိုင်သည့် သီးသန့်အကြောင်းအရာများ သို့မဟုတ် အထွေထွေအကြောင်းအရာများကို အဆိုပါမူဝါဒလမ်းစဉ်၏မူဘောင်အတွင်း၌ပင် တိုင်ပင်ဆွေးနွေးနိုင်မည့် လုပ်ငန်းဖော်ဆောင်ရေးအုပ်စုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ယင်းနိုင်ငံများရှိ ဈေးကွက်ယှဉ်ပြိုင်မှုထိန်းကွပ်ရေးအဖွဲ့များကြား ထူထောင်ဖွဲ့စည်းသွားနိုင်မည်ဖြစ်သည်။ ယင်းအုပ်စုများအနေဖြင့် သဘောတူညီထားသည့် မည်သည့်ဆက်သွယ်မှုပုံစံမျိုးဖြင့်ဖြစ်စေ အတူတကွလုပ်ကိုင်နိုင်ကြမည်ဖြစ်သည် (ဥပမာ- ဆွေးနွေးပွဲများ၊ အင်တာနက် ၊ ဗွီဒီယိုညီလာခံ ပုံစံ စသဖြင့်)။ စီမံကိန်းများနှင့် ဈေးကွက်ယှဉ်ပြိုင်ရေးမူဝါဒစိုးမိုးရေးအတွက်ယင်းတို့၏ သွယ်ဝိုက်သက်ရောက်ပုံများနှင့် ပတ်သက်၍တိုင်မှု ဆွေးနွေးမှုများ ပြုလုပ်ရန် နှစ်ပတ်လည်ညီလာခံများ နှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်းကျင်းပပေးနိုင်ပါသည်။

၁၀-၃-၅။ ပူးပေါင်းဆောင်ရွက်မှုသည် အများသဘောဆန္ဒကို အခြေခံ၍ တည်ဆောက်ထားခြင်း ဖြစ်သည့်အတွက် အဆိုပါ မူဝါဒလမ်းစဉ်အရ မည်သည့်စည်းမျဉ်းစည်းကမ်း ရေးဆွဲရေးတာဝန်ကိုမျှ တာဝန်ယူဆောင်ရွက်ခြင်း မရှိစေရဘဲ လုပ်ဆောင်နေကြသည့် အစုအဖွဲ့များအတွင်း၌ မဲခွဲဆုံးဖြတ်ရေး စည်းမျဉ်းများဟူ၍လည်း ရှိမထားသင့်ပါ။ ယင်းမူဝါဒလမ်းစဉ်အရ အကြံပြုထောက်ခံချက်များ သို့မဟုတ် "အကောင်းဆုံးကျင့်ထုံးများ" နှင့်ပတ်သက်၍ အများသဘောဆန္ဒနှင့် ညီညွတ်သွားသည့်အခါ၌ ဈေးကွက်ယှဉ်ပြိုင်မှု ထိန်းကွပ်ရေးအဖွဲ့တိုင်းသည် ယင်းအကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မည်၊ မဆောင်ရွက်မည်နှင့် မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို တစ်ဖက်သတ်ဖြစ်စေ၊ နှစ်ဦးနှစ်ဖက်ဖြစ်စေ သို့မဟုတ် ဘက်ပေါင်းစုံပါဝင်သည့် သဘောတူညီမှုများဖြင့်ဖြစ်စေ သင့်တော်သလို ဆုံးဖြတ်သွားကြရပါမည်။

## ၁၀-၄။ လွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူညီချက်များရှိ ဈေးကွက်ယှဉ်ပြိုင်ရေးနှင့် ဆက်နွယ်သည့် ဘုံပြဋ္ဌာန်းချက်များ

၁၀-၄-၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူညီချက်များ၏ ဈေးကွက်ယှဉ်ပြိုင်ရေးအခန်း၌ ဈေးကွက်ယှဉ်ပြိုင်ရေးနှင့် ဆက်သွယ်မှုရှိသည့် ဘုံပြဋ္ဌာန်းချက်အချို့ ထားရှိရေးကို ထည့်သွင်း

စဉ်းစားနိုင်ကြရန် ကြိုးပမ်းသွားကြရပါမည်။ ယင်းတို့မှာ ဈေးကွက်ယှဉ်ပြိုင်မှုမှ သွေဖည်သည့် ကျင့်သုံးဆောင်ရွက်မှုများအား ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့်ပြဋ္ဌာန်းချက်များ၊ ပွင့်လင်းမြင်သာမှု၊ တရားစွဲဆိုရေးဖြစ်စဉ်၊ နိုင်ငံသားဖြစ်တည်မှုကိုလိုက်၍ ခွဲခြားဆက်ဆံမှုမရှိခြင်းဟူသော မူများအပေါ် အခြေခံထားသည့် ပြဋ္ဌာန်းချက်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ပြဋ္ဌာန်းချက်များ (ဥပမာ - နည်းပညာအကူအညီပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး) စသည်တို့ ဖြစ်သည်။

၁၀-၄-၂။ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်များ၏ ဈေးကွက်ယှဉ်ပြိုင်ရေးအခန်း၌ ပြဋ္ဌာန်းချက်များ ဖြစ်ထွန်းလာစေရန် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ကြရာတွင် သင့်လျော်ကောင်းမွန်သည့် နည်းဖြင့် ဝေဖန်ပိုင်းခြားနိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြုလွယ်ပြင်လွယ်ရှိသည့် အနေအထားရရှိထားရန် လိုပါသည်။ ယင်းသို့ တိုးတက်ဖြစ်ထွန်းလာမည့် ပြဋ္ဌာန်းချက်များသည် ဒေသတွင်း၌ သဘောတူညီထားပြီးဖြစ်သည့် မည်သည့် ပြဋ္ဌာန်းချက် သို့မဟုတ် ကြိုးပမ်းဆောင်ရွက်မှုများနှင့်မျှ ဝိရောဓိဖြစ်မနေစေဘဲ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးပတ်ဝန်းကျင်ရှိ ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်လည်း ကိုက်ညီမှုရှိနေစေရပါမည်။ ဤနည်းအားဖြင့် ၂၀၁၅ အာဆီယံစီးပွားရေး အသိုက်အဝန်းအဖြစ် တိုးတက်ဖြစ်ထွန်းလာရာ၌ အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေနိုင်မည် ဖြစ်သည်။

****************